# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၆ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၆ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေး ကို (၂၀၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄.၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သဘြာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၆ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဦးထွန်းဇော်(ခ)ကိုပေါက် တင်ပြပါ။

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**

။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းသည် ကျန်းမာရေးမကောင်း ပါသဖြင့် ၂၇-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်ဝင်း၏ ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းဇော်(ခ) ကိုပေါက်မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းရဲ့ ၂၇-၉-၂၀၁၁ ရက်နေ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒေါ်နော်မေးရီယန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့်သည် နေမကောင်းပါသဖြင့် ၂၇-၉-၂၀၁၁ ရက်နေ့ ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ရန် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်မ ဒေါ်နော်မေးရီယန် က ဒေါ်ရီရီမြင့် ကိုယ်စား တောင်းခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်တယ်ရှင်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်ရဲ့ ၂၇-၉-၂၀၁၁ ရက်နေ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘြာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်လင်းတင်ပြပါ။

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။

။လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းသည် မကျန်းမာပါသဖြင့် ယနေ့ ၂၇-၉-၂၀၁၁ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် ခွင့်ပြုပေးပါရန် ၎င်းကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်းက လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်းရဲ့ ၂၇-၉-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘြာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ လွှတ်တော်ကစုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သဘာသံများ)

# ကယ်ပြွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကယ်ပြွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့အား ချိတ်ဆက်ပေး၍ မေယုတောင်ခြေ အရှေ့ဘက်အခြမ်းဖွံ့ဖြိုးမှုကို ဖော်ဆောင်စေနိုင်မည့် (အငူမော်-စေတီပြင်-ဘူးသီးတောင်) တိုင်းရင်းသား ကျေးရွာများအချင်းချင်း ချိတ်ဆက်စေမည့် လမ်းကမြင်းအား တစ်နှစ်ပတ်လုံး သွားလာနိုင်သည့် အမာခံလမ်း မေပြားမှ ကျောက်ချော ငင်းမှတစ်ဆင့် ကတ္တရာအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

ယခု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့မေးခွန်းဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့်မေးခွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် တို့အား ချိတ်ဆက်ပေး၍ မေယုတောင်ခြေအရှေ့ဘက်အခြမ်း ဖွံ့ဖြိုးမှုကို ဖော်ဆောင်စေနိုင်မည့် (အငူမော်-စေတီပြင်-ဘူးသီးတောင်) တိုင်းရင်းသားကျေးရွာများအချင်းချင်း ချိတ်ဆက်စေမည့် လမ်းကမြင်းအား တစ်နှစ်ပတ်လုံး သွားလာနိုင်သည့် အမာခံလမ်းမေပြားမှ ကျောက်ချော ငင်းမှ တစ်ဆင့် ကတ္တရာအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကြွရောက် လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းလေးကို အကျမ်းလေးတင်ပြချင်ပါတယ်။ ကျွန်တော်တို့ မေယုတောင်၊ မေယုရိုးမနဲ့ ပတ်သက်လို့ ၁၉၅၁ ခုနှစ်လောက်က လူကြီးသူမတို့ကြားဖူးတဲ့ အာရကန်နစ္စတန်ဆိုတာ ကျွန်တော်တို့ ၁၉၅၁ ခုနှစ် မှာ အလယ်သံကျော်ညီလာခံမှာ ပေါ်ပေါက်လာတဲ့ဝေါဟာရပါ။ အဲဒီကာလက ပါကစ္စတန်ဆိုတာ လည်းရှိပါတယ်။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် အကုန်လုံး ဟာ ပါကစ္စတန် အဖြစ် ကျွန်တော်တို့ကို သွတ်သွင်းမယ်ဆိုတဲ့ အယူဆလေးဟာ အဲဒီကာလ က သောင်းကျန်းခဲ့ကတြ် မူဂျာဟစ်တွေရဲ့ ရင်ထဲမှာရှိခဲ့လို့ ကေးငွကြာဒ်ိတဲ့ ဝေါဟာရပါဆိုတော့ မေယုတောင်ကြီး ကျွန်တော်တို့ နှစ်ပေါင်း(၂၀)လောက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မေယုတောင်မှာ ၁၈၂၄ လောက်ကစပြီး ကျွန်တော်တို့ဟာ အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ပြီးတဲ့ နောက်မှာ ကျွန်တော်တို့ ရခိုင် ဒေသဟာ ရန္တပိုစာချုပ်နဲ့ ကျွန်တော်တို့ဟာ အင်္ဂလိပ်လက်ထဲကို ရောက်သွားပါတယ်။ ၁၈၂၈ လောက်မှာ အင်္ဂလိပ်တွေဟာ ကျွန်တော်တို့ ရခိုင်ဒေသမှာရှိတဲ့ မောင်တောမြို့နဲ့ ရခိုင်ရွာ တွေကိုကြည့်တဲ့အခါမှာ (၁၇၂)ရွာ ရှိပါတယ်။ လူဦးရေက (၅၆၀၀၀) ရှိပါတယ်။ အဲဒီကာလ နောက်ပိုင်းမှာ ကျွန်တော်တို့ဟာ ဂရန်ကြီးတွေနဲ့ ရခိုင်ပြည်နယ်ဘက်မှာ မေလွတ်မြေရိုင်းပေါ်တဲ့ ဒေသမှာ လယ်ယာလုပ်ငန်းတွေကို တီထွင်၊ စူးအက်တူးမြောင်း ၁၈၆၉ လောက်မှာ မဖွင့်ခင် လေးလောက်မှာ စပါးစိုက်တဲ့လုပ်ငန်းကို အဓိကထားပြီးခါမှ ဟိုဘက်က ဘင်္ဂါလီလို့ခေါ်တဲ့ ပုဂ္ဂိုလ်တွေကို သွင်းပါတယ်။ သွင်းပြီးကာမှ တစ်နှစ်ကို ကျွန်တော်တို့ Record အရ (၄၀၀၀၀) လောက်သွင်း၊ သွင်းနေကတြာဟာ ၁၉၅၁ လောက်လွတ်လပ်ရေး ရခါနီးလောက်မှာ ဟို ၁၉၅၁ မတိုင်ခင်ပေါ့ ၄၆ လောက်မှာဆိုရင် On Record အရ ကျွန်တော်တင်ပြချင်ပါတယ်။ ၁၉၂၁ လောက်မှာရှိတဲ့ (၆၈၀၀၀)လောက်ဟာ ၁၉၈၆ လဝက စာရင်းအရ (၂၆၀၀၀၀)လောက်က မောင်တောမှာ ရှိလာပါတယ်၊ အဲဒီနောက် ၁၉၄၆ လောက်မှာ ဘူးသီးတောင်မြို့နယ်မှာဆိုရင် အိမ်ခြေ(၃၀)လောက်ရှိတာဟာ ၁၉၄၈ ခုလွတ်လပ်ရေးရတဲ့ ကာလလေးမှာ (၁၂၀၀၀၀)လောက် ရှိလာပါတယ်။ ခုန ကျွန်တော်ပြောတဲ့ ၁၉၅၁ အာရကန်နစ္စတန် ဆိုတဲ့ဝေါဟာရဟာ မေယုခရိုင်နဲ့ ပတ်သက်လို့ Liberated ဧရိယာအဖြစ် လုပ်ဖို့စဥ်းစားလာခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီနောက် ၁၉၇၈ ကျွန်တော်တို့ နဂါးမင်းစီမံချက်၊ ၁၉၇၈ မှာပဲ ကျွန်တော်တို့က လပိုင်းကာလမှာ ဟင်္သာစီမံချက်နဲ့ ပန္နိုလက်ခံရတဲ့အခါမှာ Repetition ခုန refugee ဆိုတဲ့ ပြဿနာ ပေါ်လာပါတယ်။ အဲဒီနောက် ကျွန်တော်တို့ဟာ UN အေဂျင်စီတွေအများကြီး UNHCR တို့ဟာ

၁၉၉၂ ခုနှစ် data အရ စစ်ဆင်ရေးကြောင့် ပန္နပြီးလက်ခံရတဲ့အပိုင်းမှာ အများကြီး၂ အေဂျင်စီတွေ ပေါ်လာပါတယ်။ Billion to Billion အများကြီးသုံးခဲ့ပါတယ်။ ကျွန်တော်ဟာ အဲဒီကာလမှာ FAO မှာ Consultant ပန္နလုပ်ပါတယ်။ Billion ပေါင်းများစွာဟာ Repetition ရယ်၊ ခုန Refugee Camps တွေအတွက် အကုန်လုံးကို သုံးတဲ့ကာလနောက်ပိုင်းမှာ မောင်တောမြို့ရဲ့ အနောက်ဘက်အခမြီး ဖွံ့ဖြိုးရေးကို အဓိကထားလုပ်လာတာကို တွေ့ရပါ တယ်။ ဥပမာ-မောင်တောမြို့ရဲ့ ဒီဘက်အခမြီး တောင်ဘက်ပိုင်းမှာဆိုရင် အငူမော်ထိ JICA Project ကနေ လမ်းတွေရဲ့ အမာခံဟာ တန်(၆၀) တင်နိုင်အောင် တံတားကြီးတွေ လုပ်ပေး ပါတယ်။ တံတားကြီးတွေကို တည်ဆောက်ပေးပါတယ်။ ဒါပေမယ့် အစိုးရက လမ်းကိုတော့ ခွင့်ပြုချက်မပေးခဲ့ပါဘူး။ အဲဒီနောက်ပိုင်းမှာလည်းပဲ မောင်တော ဟိုးဘက်က ကိမြင့်ချောင်း (၂၀)မိုင်၊ ဟိုဘက်က ဗန္ဓုလ အထိဆိုရင် မိုင်(၁၀)ကျော် ရှိပါတယ်။ အကုန်လုံးက မိုင်(၃၀)ကျော်၊ မောင်တောတစ်မြို့လုံးရဲ့ အလျားနဲ့အနံဟာ မိုင်(၈၀) လောက်ရှိပါတယ်။ ဒီဘက်က ကျွန်တော်တို့ တောင်ပိုလြက်ဝဲဆိုလည်း ကီလိုမီတာ (၂၀)လောက်ရှိပါတယ်။ အဲဒီအထိကို ကတ္တရာလမ်း ဖောက်ဖို့အဆင့်ဆိုတာ ပြီးခဲ့တဲ့ကာလမှာ ဗိုလ်ချုပ် ဦးခင်မောင်မြင့် ပြောတဲ့အခါမှာ ကျွန်တော်တို့ နားထောင်မှတ်သားလိုက်ရပါတယ်။ မေယုတောင်ခြေအနောက် ခမြီးနဲ့ပတ်သက်လို့ ဖွံ့ဖြိုးမှုဟာ US Billion ပေါင်းများစွာ ကျွန်တော် UN Agency အများကြီး၂INGO အများကြီးက သုံးပြီး၂ သွားပြီ။ ဒါပေမယ့် ကျွန်တော်တို့က Hiding Place တကယ်တန်း Missing Road ကိုကြည့်ပါ။ အဲဒါဘာလဲဆိုရင် မေယုတောင်ခြေရဲ့ ဒီဘက်အရှေ့ဘက်ခမြီးမှာ အငူမော်ကနေပြီးတော့ ဘူးသီးတောင်ထိ လမ်းကမြင်မှာ ကျေးရွာပေါင်း(၃၀)လောက်ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း အရှည်မိုင်(၅၀)လောက် ရှိပါတယ်။ ခေတ်အဆက်ဆက်က ကျွန်တော်တို့ မေ့နေခဲ့တယ်။ ၁၉၄၂ ခုနှစ်မှာ ခုနက ကျွန်တော်တို့ သုံးတဲ့အခါမှာ ဟိုတုန်းကသုံးတဲ့ ဝေါဟာရပါ။ ကုလားရခိုင်ပဋိပက္ခ ဖစြပါတယ်။ အ်ဂလိပ် အဆုတ် ဂျပန်အတက်မှာ အဲဒီတုန်းက သေခဲ့တဲ့ သူတွေက အများကြီးပါ။ လူဦးရေ on Record အရ ဆိုရင် တော်တော်များများသေပါတယ်။ အဲဒီမှာ အင်းဒင်းဆိုတဲ့ ရသေ့တောင်မြို့နယ် အနောက်ဘက်ခြမ်းက ရွာလေးတစ်ရွာမှာတောင် (၁၀၅)ဦးလောက် အသတ် ခံခဲ့ရပါတယ်။ အဲဒီတော့ ဒီဘက် အခမြီးမှာ ရွာတွေပျက်ပြီးကာမှ အရှေ့ဘက်ခမြီး ကျွန်တော် ခုနက ညွှန်းတဲ့အငူမော် ဒီဘက်က ဘူးသီးတောင်ဘက်ခမြီးက ရွာတွေမှာ အခုထိ တိုင်းရင်းသား တွေဟာ ကျောချင်းကပ်ပြီးကာမှ တောင့်ခံနေရဆဲပါ။ ဆင်းရဲကပြါတယ်။ ဖွံ့ဖြိုးမှု

နိမ့်ကျ ကပါတယ်။ အခိကက Village to Village access Road တွေမရှိပါ။ ၁၉၅၇ မှာ ကျွန်တော်အဲဒီအထဲက ရွာလေးတစ်ရွာမှာ မွေးဖွားပါတယ်။ ကျွန်တော် မွေးဖွားစဉ် ကတည်း ကလည်း လမ်းဟာ ဒီအတိုင်းပါ။ ယခု ရသေ့တောင်မြို့နယ်က အမတ် ဒေါ်ခင်စောဝေတို့ အဲဒီမေယုကမ်းမှာ ဟောပြောပွဲကာလ Campaign ကာလမှာ ပြောကြဆိုကတြွ်ဆွေးနွေးပွဲ လုပ်တဲ့ ကာလမှာ ဒီအတိုင်းရှိပါတယ်။ ဒီလမ်းက အဲဒီတော့ ကျွန်တော်တို့က မေယုတောင်ခြေရဲ့ အရှေ့ဘက်ခမြီးဆိုတာ မေ့ကျန်နေခဲ့ပါပြီ။ ဖွံ့ဖြိုးမှုအစီအစဉ် Billion ပေါင်းများစွာကို UN Agency များက သုံးခဲ့သော်လည်းပဲ အနောက်ဖက်ခမြီးကိုပဲသုံးပါတယ်။ အရှေ့ဘက်ခမြီး ဆိုတဲ့ နေရာမှာ အငူမော်မှာကျတဲ့အခါကျ တော့ ကျွန်တော်တို့က JICA Project အရပဲ ကျွန်တော်တို့ ဟာ ဆိပ်ခံတံတားလေးတစ်ခုကို တည်ဆောက်ပေးပါတယ်။ အဲဒီဆိပ်ခံတံတားလေးနဲ့ ဒီဘက်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ရသေ့တောင်မြို့နယ် ရေချမ်းပြင်က ဖြတ်ပြီးကြာမှ စစ်တွေက ဖြတ်ပြီးကြာမှ မောင်တောသွားမယ် ဆိုရင် အထူးသဖြင့် ဘူးသီးတောင်၊ မောင်တောနဲ့ ဆက်ထား တဲ့ တောင်ခေါင်းကြီးဟာ ၁၉၁၈ က တည်ဆောက်ခဲ့တာပါ။ အဲဒီက တောင်ခေါင်းကြီး ကလည်း ပျက်နေပါပြီ။ အဲဒီလို စိတ်မချတဲ့ ကာလမျိုးမှာ ဒီဘက်အငူမော်ကနေပြီး မောင်တောကို သွားတဲ့(VIP)ခရီးစဉ်လည်းရှိပါတယ်။ အဲဒီလမ်းကမြင်ိုပဲ သုံးပါတယ်ဆိုတော့ ကျွန်တော်ခုန တင်ပြခဲ့တဲ့ ဗျူဟာမြောက်အရေးကြီးတဲ့ ရေချမ်းပြင်နဲ့ အငူမော်လမ်းမိုင် (၂)မိုင်လောက် ဝေးပါတယ်။ အဲဒါကလည်း နတ်မစြ်အဝနဲ့ ကျွန်တော်တို့ပြောတဲ့ မူစဲမစြ်အဝမှာ တည်ရှိပါတယ်။ တကယ်တမ်း ဒီဘက်ကရထားလမ်းကြီးကြလည်းပဲ ပြည့်မကနေ အမ်း-အမ်းကနေပြီး စစ်တွေ -စစ်တွေက တစ်ခါ ရေချမ်းပြင် အထိကို လမ်းဖောက်ထားတာရှိပါတယ်။ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဦးမောင်အေး ခရီးစဉ်မှာပါ။ ဗျူဟာမြောက်တဲ့ ရေချမ်းပြင်နဲ့ အငူမော်လမ်း၊ အငူမော်မှာလည်းပဲ အင်မတန်ကြီးမားပြီးကြာမှ ခိုင်ခန့်တဲ့ ဆိပ်ခံတံတားကြီးကြလည်း ရှိပြီ ဆိုတော့ အနောက်ဖက်ခမြီးကြီးပဲ လူတွေက အလုပ်လုပ်နေကတြ်အခါကျတော့ ကျွန်တော်တို့ လုပ်ခဲ့တဲ့ FAO က Concerning Indian ကြီးကြ ပြောပါတယ်။ ခင်ဗျားတို့ အရှေ့ခမြီးကို မေ့နေကတြယ်။ တိုင်းရင်းသားရွာတွေက အင်မတန် ဆင်းရဲကတြယ်။ ဒါကြောင့် Project(၃)ခုကို စစ်တွေပတ်ဝန်းကျင်မှာ လုပ်ဖို့ဆိုပြီးတွေ့မှ တင်ထားတာရှိပါတယ်လို့ ကျွန်တော်တို့ကို တလောကပါ။ (၃)လလောက်က ကျွန်တော့်ကို Information ပေးပါတယ်။ ကျွန်တော်တို့နိုင်ငံတော် ကျွန်တော် တို့ သွားချင်တဲ့လမ်းကြောင်းအရလည်းပဲ

ကျေးရွာအားလုံးဟာ ဆင်းရဲချမ်းသာအကုန်လုံးက Poverty Elevation ဖြစ်အောင် သွားနေကတြဲကာလမှာ အဓိကကျေးရွာများ ဆင်းရဲမှု လျော့ကျအောင် စီမံချက်ကြီး(၅)ခုနဲ့ ဦးတည်လာတဲ့အခါမှာ အဓိကပို့ဆောင်ရေးလမ်းကြောင်း ရေလမ်းကို အဓိကသွားနေရတဲ့ ကျွန်တော်တို့ ရခိုင်ပြည်ဟာ ကုန်းလမ်းဖြင့် သွားနိုင်ခဲ့လို့ရှိရင် ခုနလို ကျေးရွာချင်းဆက်တဲ့ လမ်းတွေဟာ ပေါ်ပေါက်လာခဲ့လို့ရှိရင် ပညာရေး၊ ကျန်းမာရေး အစစအရာရာမှာ နဂိုထက် မငြိလာမယ်။ ရေခံမြေခံတွေအရ လိုအပ်တဲ့ သီးနှံတွေကို ရွေးစိုက်နိုင်ခဲ့လို့ရှိရင် ဖွံ့ဖြိုးမှုရဲ့အဆင့်အတန်းဟာ အနောက်ဘက်ခမြီးနီးပါးလောက် ပြန်ဖွံ့ဖြိုး လာမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ကျွန်တော်တို့ ဒီနေရာဟာ အင်မတန်လည်း သင့်လျော်တဲ့ လမ်းကြောင်းလေးတစ်ခုကို ပြန်ဖော်သင့်တဲ့ကာလလည်း ရောက်တာမို့လို့ တင်ပြရခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ရသေ့တောင်မြို့နယ်၊အငူမော်သည် စစ်တွေမြို့နယ် ရေခမြီးပင်ငြိနဲ့ မောင်တောခရိုင်အား ချိတ်ဆက်ပေးနိုင်သည့် မေယုမြစ်ဝတွင်တည်ရှိသော ဆိပ်ခံတံတား တည်ရှိရာ အချက်အချာကျသော အရပ်ဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်နဲ့ မောင်တောမြို့နယ် အား ချိတ်ဆက်ပေးသည့် (အငူမော်- မောင်တော - ကိမ်မြချောင်း- တောင်ပြိုလက်ဝဲ- ဗန္ဓုလ - မေယုတောင်ခြေအနောက်ဘက်ခမြီးလမ်းအား ကျောက်ချောမှ ကတ္တရာအဆင့် ဖောက်လုပ်ရန် စီစဉ်ထားကြောင်း သိရှိရပါတယ်။ ထို့အတူ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် တို့အား ချိတ်ဆက်ပေးသည့် မေယုတောင်ခြေအရှေ့ဘက်ခမြီးဖွံ့ဖြိုးမှုကို ဖော်ဆောင်စေနိုင်မည့် (အငူမော်-စေတီပင်ငြိ-ဘူးသီးတောင်) တိုင်းရင်းသား ကျေးရွာများအချင်းချင်း ချိတ်ဆက်စေမည့် လမ်းကမြင်းအား တစ်နှစ်ပတ်လုံးသွားလာနိုင်သည့် အမာခံလမ်း (မြေသားမှ ကျောက်ချော၊ ၎င်းမှ တစ်ဆင့်ကတ္တရာ)အဖြစ် ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိပါ သလားဆိုတဲ့မေးခွန်းကို ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါကြောင်း နာယက ကြီးမှူတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်မှ အငူမော်-စေတီပြင်-ဘူးသီးတောင်လမ်းအား မေပြမ်းမှ ကျောက်ချောလမ်း ၎င်းမှတစ်ဆင့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးမြန်းချက်မှာ

ရသေ့တောင်မြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်တို့အားချိတ်ဆက်ပေးကာ မေယုတောင်ခြေအရှေ့ဘက်ခြမ်းဖွံ့ဖြိုးမှုကို ဖော်ဆောင်စေနိုင်မည့် အငူမော်-စေတီပြင်-ဘူးသီးတောင် တိုင်းရင်းသားကျေးရွာများ အချင်းချင်းချိတ်ဆက်စေမည့် လမ်းကမြင်းအား တစ်နှစ်ပတ်လုံးသွားလာနိုင်သည့် အမာခံလမ်း(မေပြမ်းမှ ကျောက်ချောလမ်း ၎င်းမှတစ်ဆင့် ကတ္တရာလမ်း) အဖြစ် ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးမှုကို ဦးတည်လျက် ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းကိုဖြေကြားရန် ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားမှုမှာ ကျပ်(၃၃၂၂.၇၈၃) သန်းဖြစ်ပြီး မြို့ပြလမ်းတံတားလုပ်ငန်း

များ ဆောင်ရွက်ရန်အတွက် လျာထားငွေမှာ ကျပ်(၉၂၂.၉၂၁)သန်းနှင့် ကျေးလက်လမ်းတံတား လုပ်ငန်းများဆောင်ရွက်ရန်အတွက် လျာထားငွေမှာ ကျပ်(၄၂၂.၈၂၁)သန်း ဖြစ်ပါတယ်။

အလားတူ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေလျာထားမှုမှာ ကျပ်(၂၆၁.၂)သန်းရှိပြီး ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပ်(၂၈.၈၂)သန်းဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ဝင်ငွေ လျာထားမှုမှာ ကျပ်(၅၈.၅)သန်းရှိပြီး ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် ကျပ်(၈.၇၇)သန်းဖြစ်လည်းကောင်း အသီးသီးလျာထား ဆောင်ရွက်လျက် ရှိပါတယ်။

အင်ူမော်-စေတီပြင်-ဘူးသီးတောင်လမ်းမှာ တိုက်ရိုက်လမ်းမဟုတ်ဘဲ အင်ူမော်-ဘူးသီးတောင် လမ်းအရှည်(၄၁)မိုင် (၂)ဖာလုံမှ ဖက်လိပ် - စေတီပြင်သို့ လမ်းအရှည် (၄)မိုင် ခွဲထွက်လျှက်ဆက်စပ်ဆောင်ရွက်ပေးရမည့်လမ်းဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ် အပိုင်းတွင် အင်ူမော်-သဇင်မြိုင်-ဖက်လိပ် လမ်းအရှည်(၂၂)မိုင် (၄)ဖာလုံနှင့် ဘူးသီးတောင် မြို့နယ်အပိုင်း တွင် အောင်ဇေယျ-ညောင်ချောင်း-ဘူးသီးတောင်လမ်းအရှည် (၁၈)မိုင်(၆)ဖာလုံ တို့ ပါဝင်ပါတယ်။ အဆိုပါလမ်းကြောင်းပေါ်မှာ ဌာနဆိုင်ရာနှင့် ပြည်သူများ UNHCR တို့ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သော ပေ(၁၀၀)အထက် တံတား(၇)စင်း၊ ပေ(၁၀၀)အောက် တံတား (၆၃)စင်း၊ စုစုပေါင်း တံတားအစင်းပေါင်း(၇၀)စင်း ရှိခဲ့ပါတယ်။ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေကျပ်(၄၉.၉၇)သန်းဖြင့် အဆိုပါ လမ်းအား အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ (က) ကျောက်ခင်းလမ်း အနေနဲ့ (၂)မိုင်၊ (ခ) တကျက်ဘက်တံတား အကြီးစားပြင်ဆင်ခြင်း(၁)စင်း၊ (ဂ) တံတား အမှတ်(၁)အား သံကူကွန်ကရစ် တံတားအဖြစ်တည်ဆောက်ခြင်း(၁)စင်းတို့ ဖြစ်ပါတယ်။

ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ထောက်ပံ့ရန်ပုံငွေကျပ် (၂၅)သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေကျပ်(၁၅.၁)သန်း၊ စုစုပေါင်း ရန်ပုံငွေ ကျပ်(၄၀.၁)သန်းဖြင့် အင်ူမော်-စေတီပြင်-ဘူးသီးတောင် လမ်းပျက်စီးမှုကြီးမားသော လမ်းပိုင်း များကို ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးရန်လျာထားခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် အငူမော်-စေတီပငြိ-ဘူးသီးတောင်လမ်းအား အမာခံလမ်းအဖြစ် ဖောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ယခုဘဏ္ဍာရေးနှစ်တွင် ပငြိဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သော်လည်း လမ်းမိုင်ရှည်လျားမှုကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေ အနေအထားအရ လုံလောက်မှု မရှိပါသဖြင့် ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သော ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပြီးဖြစ်နိုင်ခြေများ အပေါ်မှာ ချင့်ချိန်လျက် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ဆောင်ရွက်ပေးနိုင်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြပြီး ရန်ပုံငွေဝင်ဆံ့မှုနှင့်အညီ အစီအမံများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းမယ့်မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## သံတောင်ကြီးမြို့နယ်ရုံးကို ယခင်မူလသံတောင်မြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲက သံတောင်ကြီးမြို့နယ်ရုံးကို ယခင်မူလသံတောင်မြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့

သံတောင်ကြီး ြမို့နယ်ရုံးများကို ယခင်မူလသံတောင်မြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ပတ်သက်ပြီး ြမေးမြန်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သံတောင်မြို့နယ်ဌာနဆိုင်ရာ ရုံးများကို ယခင်တော်လှန်ရေးကောင်စီ အစိုးရလက်ထက်ကတည်းက ဒီသံတောင်မြို့မှာပဲ ဖွင့်လှစ်ထားရှိပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီလက်ထက် ၂၀၀၂ ဇန်နဝါရီလ (၁)ရက်၊ အောက်တိုဘာလ(၁)ရက်မှာ မြို့နယ်အတွင်းမှာရှိတဲ့ သံတောင်ကြီးမြို့ကို မြို့နယ်ခွဲ အဆင့်သို့တိုးမြှင့်ပြီးတော့ သတ်မှတ်ပေးခဲ့ပါတယ်။ တစ်ခါပြီးခဲ့တဲ့ ၂၀၀၇ ဇန်နဝါရီလ(၁)ရက်မှာ ကျွန်တော်တို့ သံတောင်ကြီးမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်တဲ့အတွက်ကြောင့် သံတောင် မြို့မှာရှိတဲ့ မြို့နယ်ဌာနဆိုင်ရာရုံးအားလုံးကို သံတောင်ကြီးမြို့ကို ပြောင်းရွှေ့သွားပါတယ်။ အဲဒီတော့ ယခင်သံတောင်မြို့ဟာ မြို့နယ်ခွဲအဆင့်နဲ့ပြန်ပြီးတော့ သတ်မှတ်တာဖြစ်ပါတယ်။ တစ်ခါ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်မှာ မြို့နယ်အတွင်းမှာရှိတဲ့ လိပ်သိုမြို့ကိုလည်း မြို့နယ်ခွဲအဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့ပါတယ်။ တစ်ခါ ဘောဂလိကြီးဆိုတဲ့ မြို့လေးကိုလည်း မြို့နယ်ခွဲအဆင့်သတ်မှတ်ပေးပါတယ်။ အဲဒီတော့ ယခင်မြို့နယ်ရုံးစိုက်တဲ့ သံတောင်မြို့ကတော့ မြို့နယ်ခွဲကနေပြီးတော့ မြို့အဆင့်ကို လျော့ကျသွားပါတယ်။ မြို့အဆင့်ကို လျော့ကျသွားတာတော့ ဘာမှအကြောင်းမထူးတော့ပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ ဒီလိုမြို့နယ်ခွဲ(၂)ခု ထပ်တိုးလာတဲ့ အတွက်ကြောင့် နိုင်ငံတော်ရဲ့ကျေးဇူးကိုလည်း အထူးလေးစား ကျေးဇူး တင်ပါတယ်။ ဒါပေမယ့် တင်ပြလိုသည်မှာ ယခင်မြို့နယ်မှာ လမ်း(၃)လမ်းရဲ့လမ်းဆုံမှာရှိတဲ့ သံတောင်မြို့မှာရှိတဲ့ ရုံးတွေကို သံတောင်ကြီးမြို့ကို ပြောင်းရွှေ့လိုက်တဲ့အတွက်ကြောင့် အခက်အခဲတွေ အများကြီး ပေါ်လာပါတယ်။ အခက်အခဲ နံပါတ်(၁)ကတော့ မြို့နယ်ရုံးကိစ္စ ပြည်သူနဲ့ပတ်သက်သမျှ စီမံခန့်ခွဲရေးအမှုကိစ္စများဆောင်ရွက်ဖို့ လိပ်သို - ရာဒို - ဘောဂလိ ဒေသမှ ပြည်သူ့ဝန်ထမ်းများ အတွက် ရုံးစိုက်ရာဒေသသွားချိန်မှာ ခရီးပိုဝေးသွားပါတယ်။ ပင်စင်စားတွေက အသက်ကြီး နေပြီ။ ပင်စင်သွားထုတ်တယ်၊ သူတို့ဘဏ်မှာသွားထုတ်ရတာ တော်တော်လေး ခရီးဝေးတယ်လို့ ငြိုငြင်ကြပါတယ်။ ထိုနည်းအတူ အစိုးရဝန်ထမ်းတွေအတွက်လည်း သူတို့သွားလာရတာ ပိုပြီးတော့ ခရီးဝေးတယ်လို့ ပြောကြပါတယ်။ ထိုနည်းအတူ သံတောင်ကြီးမြို့ဟာ တောင်ထိပ်မှာ တည်ရှိတဲ့အတွက်ကြောင့် တောင်များရဲ့ အနေအထားအရ မတ်စောက်လျက်ရှိတဲ့အတွက်ကြောင့် ရုံးတွေကို ဆောက်လုပ်ဖို့နေရာခက်ခဲပါတယ်။ ဝန်ထမ်းတွေနေထိုင်ဖို့အတွက် အိမ်နေရာ ဆောက်လုပ်ပေးဖို့ မြေနေရာရှားပါးခြင်း ၊ ယနေ့အထိ ရှိသေးတဲ့မြို့နယ်ရုံးရဲ့ လေးပုံတစ်ပုံသာ

ဆောက်လုပ်ပြီးစီးနိုင်ပါသေးတယ်။ ဒါကြောင့်မို့လို့ ရုံးတော်တော်များများဟာ ပုဂ္ဂလိက ပိုင်အိမ်တွေကိုပဲ ငှားရမ်းပြီးတော့ ရုံးဖွင့်နေရပါတယ်။ နံပါတ်(၃) အစိုးရ ဝန်ထမ်းတွေနဲ့သူတို့ရဲ့ မိသားစုနေထိုင်ဖို့အတွက်နေအိမ်များကို ခက်ခက်ခဲခဲ ရှာယူငှားရမ်းနေရပါတယ်။ (၄) သံတောင်ကြီးမြို့ဟာ နွေရာသီမှာ တောင်စခန်းမြို့ဖြစ်ပြီးတော့ အလွန်သာယာလှပပါတယ်။ ဒါပေမယ့် မိုးရာသီမှာ ရောက်ဖူးတဲ့လူကြီးတွေရှိပါတယ်။ တစ်ရာသီလုံး မိုးများပြီးတော့ မြူနှင်း တွေ ဖုံးအုပ်နေတဲ့အတွက်ကြောင့် ရုံးစာရွက်စာတမ်းများ သိမ်းဆည်းဖို့ အထူးဂရုပြု သတိထား ရတဲ့ စာအုပ်စာရွက်စာတမ်းများလည်း ကြာရှည် မခံနိုင်ပါဘူး။ (၅)ယခင်သံတောင်မြို့မှာ ဆောက်လုပ်ထားတဲ့ မြို့နယ်ဌာနဆိုင်ရာရုံးတွေဟာ အလဟဿဖြစ်နေပြီးတော့ နှစ်ကြာလာပါက ပျက်စီးသွားနိုင်ပါတယ်။ (၆)ယခင် သံတောင်မြို့မှာရှိတဲ့ ဝန်ထမ်းအိမ်ရာ အချို့မှာလဲ လူမနေ တော့ဘူး။ မကြာခင်ပျက်စီးသွားမှာ ဖြစ်ပါတယ်။ နောက်ဆုံး(၆)က သပေပြွန့်ဒေသကို ကျွန်တော်တို့ ဘောဂလိမြို့နယ်ခွဲမှာ ထည့်သွင်းထားတဲ့ အတွက်ကြောင့် သူတို့ရုံးလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ ဘောဂလိသွားတဲ့အချိန်မှာ သူတို့က ထန်းတပင်မြို့နယ်၊ တောင်ငူမြို့နယ် ဖြတ်လာပြီးတော့ ယခင် သံတောင်မြို့ ရုံးစိုက်ရာလာ တစ်ခါ ဟိုးဘောဂလိကို ခက်ခက်ခဲခဲ တက်သွားရပါတယ်။ အဲဒီအကြောင်းတွေကြောင့် ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ ကိုယ်စား ပေါ့။ ကျွန်တော် မေးမြန်းလိုသည်မှာ (၁) သံတောင်မြို့နယ် ရုံးများကို ကျွန်တော်တို့ ယခင်မူလ သံတောင်မြို့သို့ ပြန်လည်ပြီးတော့ ပြောင်းရွှေ့ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ။ အကယ်၍ ရှိမယ်ဆိုပါကလည်း မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မစိုးချောင်းများရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများအား ဝေငှသည့်အခါ အမှန်တကယ်လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း က မစိုးချောင်းများရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများ

အား ဝေငှသည့်အခါ အမှန်တကယ်လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်မှာ မြစ်ချောင်းများအများအပြား ရှိပါတယ်။ ဒီမြစ်ချောင်းများ ရေလမ်းကြောင်း ပြောင်းတဲ့အခါမှာ လယ်မြေများကမ်းပြိုပြီးတော့ လယ်သမားများ လယ်မဲ့ယာမဲ့ ဖြစ်ကြရပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံအနှံ့အပြားမှာ ဖြစ်ပေါ်နေတာပါ။ အခြားတစ်ဖက်ကမ်းမှာတော့ ဒီသောင်နုမြေများ ပေါ်လာပါတယ်။ သောင်နုမြေများကို တခြားကျွန်တော်တို့ အထက်ဘက်မှာတော့ ဒါမြေနုကျွန်းဆိုပြီးတော့ သုံးပါတယ်။ အဲဒီမှာ သောင်နုမြေနဲ့ မြေနုကျွန်းဟာ နည်းနည်းလေးကွာပါတယ်။ သောင်နုမြေဟာ ကျွန်တော်တို့ ကမ်းရဲ့လမ်းမြေများနဲ့ ဆက်စပ်နေပြီးတော့မှ စပါးကိုပဲ အဓိကထားပြီးတော့မှ စိုက်တာပါ။ ဒီရေအတက်အကျလည်းရှိလို့ တာတမံကြီးတွေ အကြီးကြီးတွေ ကျွန်တော်တို့ ဒီလယ်သမားတွေဟာ ကိုယ့်လုပ်အားနဲ့ကိုယ် လုပ်ရပါတယ်။ ပြီးတဲ့အခါမှာ ကန်သင်းတွေ ဝိုင်းပြီးတဲ့အခါမှာ စပါးကိုပဲ အဓိကထားပြီးတော့ စိုက်ပါတယ်။ လုပ်ပိုင်ခွင့်တစ်ခါ ရပြီးတဲ့အခါမှာ နှစ်ပေါင်းသုံးလေးငါးဆယ် ကမ်းမပြိုမချင်း ကမ်းရေလယ်အဖြစ်နဲ့ စပါးကိုပဲ အဓိကထား စိုက်ပါ တယ်။ နွေရာသီမှာတော့ ပဲတွေဘာတွေစိုက်တာ နည်းနည်းပါးပါး ရှိပါတယ်။ မြေနုကျွန်းကျတော့ ဒီလိုမဟုတ်ပါဘူး။ တစ်နှစ်ကိုတစ်ခါ ရေတက်ပြီးတဲ့အခါမှာ ပြန်လည်ပြီးတော့ ခွဲဝေပေးတယ်လို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဒီရေအတက်အကျမရှိပါဘူး။ ကျွန်တော်တို့ သောင်နုမြေများမှာကျတော့ ဒီရေ အတက်အကျများပါတယ်။ ကျွန်တော်တို့ သထုံခရိုင်မှာဆိုရင် သောင်နုမြေ ထောင်နဲ့ချီပြီးတော့ အများအပြားရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုပေါ်ထွန်းလာတဲ့ လယ်မြေများကို ဝေငှတဲ့အခါမှာ မျှမျှတတနဲ့ ဒါ ဆင်းရဲချမ်းသာ တန်းစီဇယားနဲ့ ဝေငှတာရှိသလို တစ်ခါတစ်ရံမှာလည်း တန်းစီဇယားနဲ့မဝေဘဲနဲ့ လယ်သမားတွေကို ထွန်တစ်တုံးစာ တစ်ဧကခွဲ လောက်ပဲ ပေးပြီးတော့ ဒီလယ်သမားမဟုတ်တဲ့ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ နောက်ပြီးတော့

အဖွဲ့အစည်းများ၊ အခြား ပုဂ္ဂလိကများကို သင့်သလိုပေးတာလည်း ရှိပါတယ်။ ဒီရရှိတဲ့ လယ်ရရှိထားတဲ့သူများဟာ လယ်သမားများမဟုတ်ကတြဲအတွက် ဒီလယ်တွေကို တောင်သူလယ်သမားများကို ပန်ြပီးေတာ့မှ ပန်ြရောင်းစားခြင်း၊ သီးစားချထားခြင်းများကို လုပ်ကိုင်နေကရပါတယ်။ ဒါပေြာရရင်တော့ ဥပဒေနဲ့ မညီညွတ်ပါဘူး။ ဒါကေြာင့်လည်း အခုထိ တာဝန်ရှိသူ တွေကနေပီးေတာ့ ဖေရှင်း နေရဆဲဖစြ်ပါတယ်။ တကယ်လို့ များ ဥပဒေအရ ဆောင်ရွက်ခဲ့မယ် ဆိုရင်တော့ ဒီကိစ္စမျိုးဟာ ဖစြ်လာနိုင်စရာ အကေြာင်း မရှိပါဘူး။ ဥပဒေအရ ဆိုရင် ၁၉၅၈ ခုနှစ်၊ နည်းဥပဒေ ၁၅၅၊ နည်းဥပဒေခွဲ(၁)မှာ ဒီလယ်ကို ဝေငှတဲ့အခါမှာ ဒီလိုသောင်နုမေမြများကို ဝေငှတဲ့အခါမှာ တောင်သူလယ်သမား အစစ်အမှန်များကိုပဲ ဝေငှရမှာ ဖစြ်ပါတယ်။ နောက်ပီးေတာ့ လယ်ဝေတဲ့ အခါမှာလည်း ဒီလျှောက်ထားသည့် လယ်ယာမေြသာ မေပြာတည်ရှိတဲ့ ကျေးရွာမှာရှိတဲ့ လယ်သမားများကိုသာလျှင် ပေးရမယ် ဆိုပီးေတာ့ပါပါတယ်။ ဒါ့ကေြာင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မစြ်ချောင်းများ ရေလမ်းပေြာင်းလဲမှုကေြာင့် ပေါ်ထွန်းလာသည့် သောင်နုမေြများအား ဝေငှသည့်အခါ အမှန်တကယ် လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကီးမြှတစ်ဆင့် မေးမနြ်းရခြင်း ဖစြ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကီးတြင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပီး ပြည်ထဲရေးဝန်ကီးဌြာန ပြည်ထောင်စုဝန်ကီးကြ ဖေကြာြးပေးဖို့ ဖစြ်ပါတယ်။

## ဖေကြာြးချက်

**အချိန်၊ ၁၀း၃၀။**

**ဒုတိယဗိုလ်ချုပ်ကီး တြိုကို၊ ( ပြည်ထောင်စုဝန်ကီး၊ ပြည်ထဲရေးဝန်ကီးဌြာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကီးနြှတကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မ်ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကီးဌြာန ပြည်ထောင်စုဝန်ကီး ဒုတိယဗိုလ်ချုပ်ကီးကြိုကို ဖစြ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကီးမြျား မေးမနြ်းထားတဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်ပီးေတာ့ ဖေကြာြးသွားမှာ ဖစြ်ပါတယ်။ မေးခွန်း(၂)ခုစလုံးကလည်း ကျွန်တော်တာဝန်ယူထမ်းဆောင်ခဲ့ဘူးတဲ့ဒေသက ဆက်စပ်နေတဲ့ မေးခွန်းတွေလည်း

ဖြစ်နေပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဖြစ်ပေါ်နေတဲ့ အခြေအနေ လေးတွေကို သုံးသပ်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမမေးခွန်းကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲရဲ့ သံတောင်မြို့နယ် ရုံးစိုက်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ခိုင်မာတဲ့အုပ်ချုပ်ရေးစနစ် ထူထောင်ရန်နဲ့ တရားဥပဒေစိုးမိုးမှု တိုးတက်လွှမ်းခြုံပေးနိုင်ရန် ရည်ရွယ်ချက်တွေနဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ပြည်သူများအား ပြည့်ပြည့်ဝဝ ထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်တွေ၊ မြို့၊ မြို့နယ်ခွဲ၊ မြို့နယ်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း တို့ကို မျက်ခြေမပြတ်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဖွဲ့စည်းပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးတွေရဲ့ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်အစည်းအဝေးမှတ်တမ်း၊ ဝန်ကြီးချုပ်ရဲ့ သဘောတူညီကြောင်း ထောက်ခံချက်၊ လိုအပ်တဲ့မြေပုံ စတဲ့အချက်အလက်များ ပြည့်စုံစွာပါဝင်တဲ့အမှုတွဲကို တည်ဆောက်ရပါတယ်။ ဒီလိုတည်ဆောက်ပြီးတဲ့အခါမှာတော့ နိုင်ငံတော်သမ္မတရုံးကို တင်ပြပြီးတော့ နိုင်ငံတော်သမ္မတရုံးရဲ့ စိစစ်ခွင့်ပြုချက်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းသို့ အမှာစာပေးပို့ ရှင်းလင်းတင်ပြရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက သဘောတူညီကြောင်း ဆုံးဖြတ်မှသာ လိုအပ်တဲ့အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ပြီးတော့မှ ဆောင်ရွက်ပေးရတာတွေ ရှိပါတယ်။

အဲဒီတော့ အခု သံတောင်ကြီးမြို့နယ်နဲ့ ပတ်သက်ပြီးတော့ သမိုင်းကြောင်းကို အနည်းငယ် ရှင်းပြလိုပါတယ်။ သံတောင်ကြီးမြို့နယ်အစဟာ ၁၈၈၅ ခုနှစ်၊ အင်္ဂလိပ် - မြန်မာ တတိယစစ်ပွဲနောက်ပိုင်း အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ တောင်ငူမြို့အထိ သိမ်းပိုက်ခဲ့ပြီးနောက် တောင်ငူခရိုင်မြို့နယ်များအနက်က သံတောင်မြို့ကို ၁၉၀၀ ပြည့်နှစ်မှာ ကွမ်းပင်ရွာ၊ ယခု ထုံးဘိုကြီးရွာ ဖြစ်ပါတယ်။ သူ့ရဲ့မြောက်ဘက်မှာ စတင်ပြီးတော့မှ ရုံးစိုက်ခဲ့ကြောင်းသိရပါတယ်။ ဒါမှတစ်ဖန် မြို့အနေအထားအရ ဗဟိုကျတဲ့ လိပ်သို၊ ယခု မြို့နယ်ခွဲပေးထားပါတယ်။ အဲဒီကိုတော့ ၁၉၁၀ ခုနှစ်မှာ ပြောင်းရွှေ့ခဲ့ကြောင်း သိရှိရပါတယ်။ လိပ်သိုဒေသမှာလည်း ဒီအုပ်ချုပ်မှု

ပြဿနာ ဖြစ်ပွားပြီးတဲ့ နောက်ပိုင်းမှာ လက်ဖက်စိုက်ပျိုးပြီးတော့မှ နေ့ရာသီ အပန်းဖြေစခန်းအဖြစ် တည်ဆောက်လို့ရတဲ့ သံတောင်ကြီး လက်ရှိမြို့နယ် ရုံးစိုက်ထားတဲ့ နေရာကို ၁၉၃၅ ခုနှစ်မှာ ရွှေ့ပြောင်းခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီအချိန်ကစပြီးတော့ မြို့နယ်အဖြစ် မြို့နယ်ရုံးစိုက်ရာအဖြစ် တည်ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ၁၉၅၉ ခုနှစ် ပြည်တွင်း သောင်းကျန်းမှု အခြေအနေတွေအရ လုံခြုံရေးအခက်အခဲကြောင့် ဒီသံတောင်မြို့နယ်ရဲ့ မြို့နယ်ရုံးကို သံတောင်ကြီးမြို့နဲ့ (၁၅)မိုင်ဝေးတဲ့ သံတောင်သစ်လို့ခေါ်တဲ့ တောင်ခြေပြင်။ ကျွန်တော်တို့ တောင်ငူမြို့နဲ့ (၁၃)မိုင်ဝေးတဲ့နေရာကို ရွှေ့ပြောင်းခဲ့ရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ယခုအခါမှာတော့ သံတောင်ကြီးဗျာစ်ဝိုက်မှာ လှုပ်ရှားခဲ့တဲ့ သောင်းကျန်းသူတွေအနက်က ဦးစောဖယ်ရီမိုး အဖွဲ့ဆိုလို့ရှိရင် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ (၇)ရက်နေ့မှာ သံတောင်ငြိမ်းချမ်းရေး အဖွဲ့အဖြစ် လည်းကောင်း၊ ဦးကိုကြီးအဖွဲ့ဟာ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ (၁၀) ရက်နေ့မှာ သံတောင်(မြောက်) ငြိမ်းချမ်းရေးအဖွဲ့အဖြစ်လည်းကောင်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သလို ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာ (၂၉)ရက်နေ့ မှာ ဒီအဖွဲ့တွေဟာ ပြည်သူ့စစ်အဖြစ် ပြောင်းလဲပြီးတော့မှ တာဝန်ထမ်းဆောင်နေပြီး ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ ပြည်တွင်းသောင်းကျန်းမှု အထိုက်အလျောက်ချုပ်ငြိမ်းလာတဲ့ အခြေအနေကို ရောက်လာပြီးဖြစ်တဲ့အတွက် လုံခြုံရေး ပြန်လည်ဆောင်ရွက်ပေးနိုင်တဲ့ အနေအထားကို ရောက်လာပြီဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ပထမအဆင့်အနေနဲ့ မူလမြို့နယ်ရုံး စိုက်ခဲ့တဲ့ သံတောင်ကြီးကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၀၂ ဒီဇင်ဘာလ(၁)ရက်နေ့ အမိန့်ကြော်ညာစာအရ သံတောင်ကြီးကျေးရွာအုပ်စုကို သံတောင်ကြီး မြို့နယ်ခွဲအဖြစ်စပြီးတော့ ပြန်ပြင်ပေးခဲ့ပါတယ်။ ထို့အတူပဲ ၂၀၀၆ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့ မှာတော့ သံတောင်ကြီး မြို့နယ်ခွဲကနေပြီးတော့မှ သံတောင်ကြီးမြို့နယ်အဆင့်ကို ပြန်လည် ပြီးတော့မှ တိုးမြှင့်ဖွဲ့စည်းပြီး တော့ ယခုမြို့နယ်ရုံးစိုက်တဲ့ သံတောင်ကြီးကို ၁.၁.၂၀၀၇ ရက်နေ့ မှာ ရုံးကို စတင်ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။

သံတောင်ကြီးမြို့နယ်ဟာ အရှေ့နဲ့အနောက် အရှည်(၂၉)မိုင်ခန့် တောင်နဲ့မြောက် (၆၁)မိုင်ခန့်ရှည်လျားပြီးတော့ အကျယ်အဝန်းဟာ (၁၄၁၂.၈၉)စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ မြို့နယ်ရဲ့အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေရှိတာဖြစ်တဲ့အတွက် ဒီဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နယ်မြေဒေသဖွံ့ဖြိုးရေးကို လက်လှမ်းမီ အပြည့်အဝ ဆောင်ရွက်ပေးနိုင်ဖို့အတွက် မူလသံတောင်ကြီးမြို့မှာ မြို့နယ်ရုံးကို ပန်းလှည်ပြီးတော့မှ ရွှေ့ပြောင်းဖွင့်လှစ်ပေးခဲ့ရခြင်း ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အဲဒီတော့ ဒီလို သံတောင်ကြီးမြို့ကို မြို့နယ်အဖြစ် ပန်းလှည်ပြီးတော့ တည်ဆောက်ပေးတာနဲ့အညီ လက်ရှိအချိန်မှာ သံတောင်ကြီး မြို့နဲ့ လိပ်သိုမြို့ကိုလည်း တိုက်ရိုက်ဆက်သွယ်လို့ရအောင် လမ်းကြောင်းကိုလည်း ဖောက်လုပ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ဒီသံတောင်လို့ခေါ်တဲ့ သံတောင်သစ်နဲ့ လက်ရှိသံတောင်ကြီးဟာ အရှည်(၁၅)မိုင်ရှိတဲ့ ကားလမ်းကိုလည်း မူလတစ်လမ်းပဲရှိပါတယ်။ အခုအခါမှာတော့ (၂)လမ်းသွားလမ်းအဖြစ် အဆင်းတစ်လမ်း၊ အတက်တစ်လမ်း ရာသီမရွေး သွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ်လည်း တိုးမြှင့်ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ထို့အတူပဲ သံတောင်ကြီးမြို့ဟာ တောင်ပေါ်မြို့ဖြစ်တာနဲ့အညီ မြို့ပြအင်္ဂါရပ်တွေနဲ့အညီ ဖော်ထုတ်နိုင်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစတဲ့ မြို့အင်္ဂါရပ်တွေနဲ့ညီအောင်လည်း မြှင့်တင်ဆောင်ရွက်ပေးသလို လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်ပြီးတော့ရှိရင်လည်း တောင်ငူ ကနေပြီးတော့မှ 33 KVA မဟာဓာတ်အားလိုင်းကြီးကို သွယ်တန်းဖောက်လုပ်ပြီးတော့ (၂၄)နာရီ လျှပ်စစ်မီး ဖြန့်ဖြူးပေးပြီးဖြစ်ပါတယ်။ ထို့အတူ မြို့ရေရရှိရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြို့ကွက်အတွင်း ဌာနဆိုင်ရာ အဆောက်အဦတွေ ဆောက်လုပ်ဖို့အတွက် မြေနေရာများကို စနစ်တကျချထားပြီးတော့ ဆောက်လုပ်ရန် ကျန်တဲ့ရုံးအဆောက်အဦတွေ၊ ဝန်ထမ်းအိမ်ရာတွေကိုလည်း ဆောက်လုပ်ပေးနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သံတောင်ကြီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီးတော့မှ မြို့နယ်ရုံးကို မူလရုံးစိုက်ရာ သံတောင်ကြီးကို ရွှေ့ပြောင်းဖွင့်လှစ် ထားရခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းရဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ ဒီနေရာမှာတော့ ကျွန်တော်နှစ်ပိုင်း ဖြေကြားပါမယ်။ ပထမတစ်ပိုင်းကတော့ မြေရှုကွက်နှင်းတွေကို အပေါ်မှာ ဆောင်ရွက်ပေးတဲ့ လုပ်ထုံးလုပ်နည်းတွေကို အကျဉ်းချုံးပြီးတင်ပြပါမယ်။ ဒုတိယအပိုင်းကတော့ မူလ ဦးညီညီထွန်းမေးထားတဲ့ မေးခွန်းထဲမှာ ပါနေတဲ့ လက်ရှိစစ်တောင်းမစ်ဝှမ်းကို မြေခွဲဝေမှု အနေအထားလေးဖြစ်ပါတယ်။ ယခုအခါမှာတော့ ဦးညီညီထွန်းကတော့ အခုမေးသွားတဲ့ မေးခွန်းနဲ့တော့မပါပါဘူး။ မူလတုန်းကတော့ ပါတဲ့အတွက်တော့ ဖြေဆိုထားတဲ့အထဲမှာ ပါနေပါ

တယ်။ ကျွန်တော် အဲဒါလေးကိုလည်း အကျဉ်းချုပ်ပြီးတော့ ကျွန်တော် ဖြေကြားလိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီဒေသ ပဲခူးတိုင်းမှာ ကျွန်တော် တာဝန်ယူထမ်းဆောင်ဖူးတဲ့အတွက် ဒီဒေသမှာဖြစ်ပေါ်တဲ့ အခြေအနေလေးတွေကို အခြေအနေအမှန်လေးကို သိရှိနိုင်ဖို့အတွက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ကတော့ မြေနုကျွန်းကိစ္စဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလိုပါပဲ။ မြေနုကျွန်းနဲ့ ခုနကပြောသွားတာတော့ ရှိပါတယ်။ မြေနုသောင်လားမသိပါဘူး။ အဲဒီ အသုံးအနှုန်းသုံးသွားတာ ရှိပါတယ်။ မတူတာလည်း မှန်ပါတယ်။ အဲဒီတော့ အဓိပ္ပာယ်ဖွင့်ဆိုထားတာကတော့ ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေ ၁၆(၁)မှာတော့ မြေနုကျွန်းဆိုသည်မှာ ခိုင်မဲမြဲမှုမရှိတဲ့ မြေဖြစ်ပါတယ်။ မြစ်ချောင်းကြီးများအတွင်း ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် မြေသြားပြောင်းလဲဖြစ်ပေါ်တဲ့မြေများ ဖြစ်တယ်ဆိုပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီတော့ မြေနုကျွန်းကို သီးစားချထားရာမှာလည်း သီးစားချထားရေး နည်းဥပဒေ၁၆(၄)အတိုင်း ချပေးထားတာရှိပါတယ်။ မြစ်ချောင်းတွေ ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် မြစ်ချောင်းကမ်းပါးနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်နေတဲ့ သောင်နုမြေ မူလရေလမ်းကြောင်းမှ နုံးအနည်ပို့ချပြီး ပေါ်ထွန်းလာတဲ့မြေနုကျွန်းများ စီမံခန့်ခွဲရေးကို ယခင်ကတော့ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ယခုကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကနေပြီးတော့မှ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သောင်နုမြေနဲ့ ခုနက မြေနုကျွန်း ပေါ်ပေါက်လာလို့ရှိရင် ယခင်က ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို တင်ပြရပါတယ်။ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကမှတစ်ဆင့် ခရိုင်၊ ခရိုင်ကမှတစ်ဆင့် မြေစာရင်းဦးစီးဌာန စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့တာဝန်ရှိသူတွေ အဖွဲ့ဖွဲ့ပြီးတော့မှ ကွင်းဆင်းပြီးတော့ စစ်ဆေးရပါတယ်။ ဒီလိုစစ်ဆေးပြီးတော့မှ ဖြစ်ပေါ်နေတဲ့ အခြေအနေ၊ မြေရဲ့အကျယ်အဝန်း၊ မြေရဲ့ခိုင်မာမှု၊ စိုက်ပျိုးလို့ရနိုင်/မရနိုင် စသည်ဖြင့် ဒါတွေကို သုံးသပ်ပြီးတော့မှ တင်ပြရပါတယ်။ တစ်ခါ ကျေးရွာအဆင့်မှာလည်း ကျေးရွာမြေယာကော်မတီဥက္ကဋ္ဌ တာဝန်ယူတဲ့ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနဲ့ ကျေးရွာမြေယာကော်မတီဝင်တွေက ကျေးရွာအတွင်းမှာရှိတဲ့ လယ်ယာမဲ့တောင်သူတွေကို စာရင်းပြုစုရပါတယ်။ ဒီစာရင်းတွေ ပြုစုပြီးတော့မှ ကျွန်တော်တို့ ချထားပေးရတယ်။ တန်းစီဇယားနဲ့ ချထားပေးရတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ဒီလိုအဆင့်ဆင့်

ဆောင်ရွက်ပြီးတဲ့နောက်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီး၊ ဒီပြည်နယ်နဲ့တိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီတွေက အချက်အလက်တွေနဲ့အညီ လယ်ယာမဲ့တောင်သူတွေကို အိမ်ထောင်စုတစ်ခုချင်းအလိုက် သူတို့ရဲ့စားဝတ်နေရေးအခြေအနေ၊ ကျေးရွာအတွင်း နေထိုင်မှု အခြေအနေ၊ နောက် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေပေါ် မူတည်ပြီးတော့မှ အနိမ့်ပါးဆုံး လယ်ယာမဲ့တောင်သူကို ဦးစားပေးပြီးတော့မှ ဒီမြေနုသောင်တွေကို ခွဲဝေချထား ပေးရတာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သောင်နုမြေ၊ မြေနုကျွန်းတွေကို ခွဲဝေပေးတဲ့ နေရာမှာ ၁၉၆၃ ခုနှစ် သီးစားချထားရေးနည်းဥပဒေ ၁၆(၄)(ခ)အရ စုပေါင်းလုပ်ကိုင်ဖို့ လယ်ယာမဲ့တောင်သူတွေနဲ့ ညှိနှိုင်းရပါတယ်။ စုပေါင်းလုပ်ကိုင်ဖို့ ဆွေးနွေးလို့မရမှသာ တစ်ဦးချင်းစီ ခွဲဝေပေးခြင်းဖြစ်တဲ့အတွက် အမှန်တကယ်လုပ်ကိုင်မယ့် တောင်သူလယ်သမား တွေကို ချထားပေးရပါတယ်။ ယခုအခါမှာတော့ ဒေသဆိုင်ရာ အာဏာပိုင်များဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကလည်း မြေနုကျွန်းနဲ့ သောင်နုမြေတွေ ပေါ်ထွန်းလာမှုကို ခွဲဝေပေးရမှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်နဲ့ ခရိုင်အုပ်ချုပ်ရေးမှူးတို့ရဲ့ အဆင့်ဆင့် တင်ပြချက်တွေကို ၁၉၆၃ ခုနှစ်၊ မြေယာချထားရေးဥပဒေများနဲ့အညီ ခရိုင်အုပ်ချုပ်ရေးမှူးတွေ ကို လုပ်ပိုင်ခွင့်တွေပေးထားပြီး ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြေနုကျွန်းနဲ့ သောင်နုမြေ ပေါ်ပေါက်လာတဲ့အခါမှာ လုပ်ဆောင်တဲ့လုပ်နည်းတွေ ဖြစ်ပါတယ်။ ဒုတိယအပိုင်းကတော့ ခုနက စစ်တောင်းမြစ်ဝှမ်းမှာ မြေနုသောင်ဖြစ်ပေါ်မှုကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်တောင်း မြစ်ဝှမ်းဟာ ပင်လယ်ရေ၊ ဆားငန်ရေဝင်ရောက်တဲ့ဒေသဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ်(၂၀)(၃၀) လောက်က စစ်တောင်းမြစ်ကြောင်းကြီးဟာ မကြာခဏပြောင်းလဲတာ ဖြစ်တဲ့အတွက် မြေယာ တွေ ဆုံးရှုံးတာတွေရှိပါတယ်။ နောက်ဆုံးပိတ် ကျေးရွာအုပ်စုတွေ ဖျက်သိမ်းရတဲ့ အဆင့်အထိ ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ မြစ်ကြောင်းတွေ ပြောင်းလဲလာတာ ဖြစ်တဲ့အတွက် မြေနု သောင်မြေ ပြန်ပေါ်လာတာတွေလည်းရှိပါတယ်။ ကျွန်တော်တို့မြေနုသောင်တွေဟာ ပေါ်လာ လာခြင်းမှာ စိုက်ပျိုးမြေအဖြစ် အသုံးပြုလို့မရပါဘူး။ ဆားငန်ရေတွေ ဝင်ရောက်တဲ့အတွက် (၅)နှစ်၊ (၁၀)နှစ်၊ (၁၅)နှစ်လောက်အထိစောင့်ပြီးမှ စိုက်ပျိုးမြေဖြစ်အောင် လုပ်ဆောင်ရတာရှိပါ တယ်။ ဒီလို ဆားငန်ပေါက်နေတဲ့မြေတွေကို စိုက်ပျိုးမြေဖြစ်အောင် လုပ်တဲ့အခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာလည်းပါပါတယ်။ ပတ်ချာလည်တာတမံတွေ လုပ်ရပါမယ်။ ရေချိုကိုလျှောင်ရပါတယ်။ ရေချိုဆိုတဲ့ နေရာမှာလည်း မိုးရေကို လျှောင်ပြီးတော့မှ

ဒီဆားငန်ဓာတ်ပျောက်အောင်ဆေးရတဲ့ သဘောပါ။ ဆေးကြောပြီးတော့မှ စိုက်ပျိုးမြေအဖြစ် လုပ်ရတာဖြစ်တဲ့အတွက် ခုနကပြောသလို ခုနက တောင်သူလယ်သမားတစ်ဦးချင်းကို ပေးတဲ့အခါမှာ သူတို့အနေနဲ့ လုပ်ကိုင်နိုင်ခြင်းမရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကုန်ကျစရိတ်၊ စရိတ်စကများတဲ့အတွက် လုပ်ကိုင်နိုင်ခြင်းမရှိတဲ့အတွက် ဒါ အာဏာပိုင်တွေအနေနဲ့ ခုနကပြောသလို စုပေါင်းပြီးလုပ်တဲ့ သမဝါယမစနစ် သို့တည်းမဟုတ် ကုမ္ပဏီတွေကို နှစ်အလိုက် နှစ်ပတ်နဲ့ပေးပြီးတော့မှ လုပ်ဆောင်ရတဲ့ အနေအထားတွေ ရှိခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ခုနက တင်ပြပါ သောင်မြေဧရိယာ (၅၁၄)ဧက ပေါ်ပေါက်လာခဲ့တယ်လို့ သိရပါတယ်။ အဲဒီတော့ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဝေါမြို့နယ် ဒီဘက်အခြမ်းပေါ့၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ရှမ်းကိုင်းကျေးရွာအုပ်စုကနေပြီးတော့ မုပ္ပလင် ကျေးရွာကနေပြီးတော့ တာဝန်ယူရပါတယ်။ ကျွန်တော်တို့ ဟိုဘက်ကိုတော့ ဒီကျိုက်ထိုမြို့နယ် ဘက်ကိုတော့ ဝင်ကကျေးရွာကနေပြီးတော့ တာဝန်ယူရပါတယ်။ အဲဒီတော့ ဒီလိုဖြစ်ပေါ်လာတဲ့ မြေတွေကိုကြည့်လိုက်တဲ့အခါမှာ ဝေါမြို့နယ်ဘက်မှာတော့ (၂၈၅)ဧကကို တောင်သူ(၂၂)ဦးကို ခွင့်ပြုတဲ့အတွက် (၁၅၁)ဧကကို ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျန်ခဲ့တဲ့မြေကြ (၁၃၄)ဧက ရှိကြောင်း သိရှိရပါတယ်။ ထို့အတူပဲ ကျိုက်ထိုဘက်မှာလည်း (၁၇၇)ဧက ပေါ်လာပြီးတော့ တောင်သူ(၅)ဦးကို ခွဲဝေချထားတဲ့အခါမှာ (၉၃)ဧက စိုက်ပျိုးပြီးတော့မှ (၈၄)ဧက ကျန်ခဲ့လျက်ရှိကြောင်း သိရှိရပါတယ်။ ပဲခူးတိုင်းဘက်မှာတော့ ဝေါမြို့နယ်အတွင်းမှာ တောင်သူ စိုက်ပျိုးပြီးတော့ ကျန်ဧက(၁၃၄)ဧကကိုတော့ မင်းမင်းထွန်း ကုမ္ပဏီကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ မေလ၊ ၁၂ ရက်နေ့မှာ၊ (၁)နှစ် (၁)ရာသီ ချထားစိုက်ပျိုးနိုင်ရန် အတွက် ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ တောင်သူများအတွက် မြေနုကျွန်းနဲ့သောင်နုမြေတွေကို စီမံခန့်ခွဲတဲ့နေရာမှာ စုပေါင်းပြီးတော့ လုပ်ဆောင်တဲ့ သမဝါယမစနစ်ကို အခြေခံပြီးတော့ဆောင်ရွက်ဖို့ အဓိက ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပါတယ်။ ယခုအခါမှာတော့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်အစိုးရတွေက နေပြီးတော့မှ မြေနုကျွန်း၊ သောင်နုမြေစီမံခန့်ခွဲတဲ့နေရာမှာ အမှန်တကယ် လုပ်ကိုင်နိုင်မယ့် လယ်မဲ့၊ ယာမဲ့ တောင်သူတွေ ကိုသာ တန်းစီဇယားနဲ့ ချထားဆောင်ရွက် ပေးလျက်ရှိကြောင်းနဲ့ အမှန်တကယ် လယ်မဲ့၊ ယာမဲ့ တောင်သူများရဲ့ မြေနုကျွန်း၊ သောင်နုမြေ လုပ်ပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထား

ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

**ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာများမှ လယ်မြေများကို သိမ်းယူထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူက ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာများမှ လယ်မြေများကို သိမ်းယူထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဂါရဝပြုပါတယ်။ ကျွန်တော်သည် မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းက (၂)ခုဖြစ်နေပါတယ်။ ကျေးရွာအုပ်စု(၂)ခုပါ။ တစ်ခုက မင်းပြားမြို့နယ်၊ ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာအုပ်စု လယ်မြေကိစ္စဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ငန်းတက်ကျေးရွာက လယ်မဲ့ယာမဲ့ တောင်သူ(၂၃)ဦး၏ အသနားခံစာ အပေါ်မှာမေးခြင်း၊ အဲဒီလူ(၂၃)ဦး၏ အသနားခံစာသည် ဘယ်အပေါ်မှာ အသနားခံသလဲဆိုရင် မြေဧက(၁၀၁.၅၀) ဧကအပေါ်မှာ အခြေခံပါတယ်။ ဒီ(၁၀၁.၅၀)ဧကကို မတရားသိမ်းထားပါသလဲ။ သိမ်းထားတဲ့ သူကတော့ စစ်တပ်ကဖြစ်ပါတယ်။ အဲဒီ(၃)ခုအပေါ်မှာ မူတည်ပြီးတော့ သူတို့အသနားခံစာ တင်ပါတယ်။ အဲဒါကို အကျဉ်းချုံး ကျွန်တော် တင်ပြပါမယ်။ ၁၉၈၁ ခုနှစ်မှာ အဲဒီလယ်သမား(၂၃)ဦးက တောရိုင်းမြေကို သမရိုးကျခုတ်ထွင်ရှင်းလင်းပြီးတော့ ကိုင်းစား လုပ်ကိုင်ခဲ့ကြပါတယ်။ အဲဒီက နိုင်ငံတော်အစိုးရထံသို့ ပေးသွင်းတဲ့ တင်း၊ စပါးတွေကိုလည်း

အကြောင်းပြေးသွင်းခဲ့ပါတယ်တဲ့။ ၁၉၉၉ ခုနှစ်မှာ အဲဒီ မြေဧက(၁၀၁.၅)ကို မင်းပြားမြို့အခြေစိုက် ခမရ ၅၄၁ က အဓမ္မသိမ်းယူပြီး တစ်ဧကလျှင် (၁၂)တင်းနှုန်း ပေးသွင်းခိုင်းသဖြင့် ၂၀၀၉ ခုနှစ် အထိ စစ်တပ်ကို ကောက်လန့်စွာ ပေးသွင်းခဲ့ရပါသည်တဲ့။ သူတို့ ရေးထားတာပါ။ ကောက်လန့်စွာဆိုတာကို ကျွန်တော်ပြောတာမဟုတ်ပါ။ ၂၀၀၃ ခုနှစ် နိုင်ငံတော်အစိုးရမှ လယ်သမားတို့၏ဘ၀ကို စာနာသောအားဖြင့် စပါးဝယ်ယူခြင်းကို ရုပ်သိမ်းတဲ့အခါမှာလည်း ကျွန်တော်တို့က အဲဒီစစ်တပ်ကို တစ်ဧကကို (၁၀)တင်းနှုန်းဖြင့် ပေးသွင်းခဲ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ လယ်သမားအခွင့်အရေးဟာ ဆုံးရှုံးနစ်နာခဲ့ပါတယ်လို့ သူတို့ရေးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ မင်းပြားမြို့နယ်အခြေစိုက် ခမရ ၅၄၁ မှ အဲဒီသိမ်းထားတဲ့တပ်မှ အန်းမြို့နယ် အခြေစိုက် ၉၁၉ တပ်ရင်းသို့ (၉၁.၅၀)ဧကကို လွှဲအပ်ပေးခဲ့ပါတယ်။ တပ်ရင်း ၅၄၃ သို့ (၁၀.၀၀)ဧကကို လွှဲပြောင်းပေးခဲ့ပါတယ်။ တစ်ဧကလျှင် (၁၀)တင်းနှုန်း ကောက်ခံလျက် ရှိပါတယ်တဲ့။ အဲဒီအကြောင်းနဲ့ပတ်သက်လို့ သူတို့က အသနားခံစာတင်ပါတယ်။ အဲဒီ အသနားခံစာအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်က မေးခွန်းကို မေးလိုခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငန်းတက်ကျေးရွာအုပ်စု လယ်ယာမြေလုပ်ကိုင်လျက်ရှိသော လယ်ယာမဲ့လယ်သမား(၂၃)ဦးက ရခိုင်တိုင်းရင်းသားများ ပိုင်ဆိုင်သော ဓားမဦးချလယ်မြေ (၁၀၁.၅)ဧကအား အန်းမြို့နယ်အခြေစိုက် ၉၁၉ တပ်ရင်း၊ ၅၄၃ တပ်ရင်းလက်ဝယ်မှ ပြန်လည်ရရှိရေးနဲ့ ပတ်သက်၍ အဘယ်ကဲ့သို့ ကူညီဆောင်ရွက်မှုရှိနိုင် ပါမလဲဆိုတဲ့အမေးကို ကျွန်တော်မေးလိုခြင်း ဖြစ်ပါတယ်။ ဒုတိယမေးခွန်းက ဖုံသာကျေးရွာအုပ်စုပါ။ ဖုံသာကျေးရွာ အုပ်စုက လယ်သမားကတော့ (၁၁)ဦး၊ သူတို့လယ်ကတော့ (၄၃)ဧက၊ အဲဒီလယ်ကို ယူထားတဲ့ လူကတော့ တပ်ကဖြစ်ပါတယ်။ အဲဒီမှာ သူတို့ရေးထားတဲ့စာကို အကျဉ်းချုပ် ကျွန်တော်တင်ပြ ပါမယ်။ သူတို့(၁၁)ဦးက ဖုံသာကျေးရွာအုပ်စုက(၁၁)ဦးက လွတ်လပ်ရေးရပြီးကာလမှစပြီး တော့တဲ့ သူတို့ရဲ့ မိဘ၊ ဘိုးဘွားများက မင်းပြားမြို့နယ်၊ ဖုံသာအုပ်စုကွင်းအမှတ် ၁၃၆၁(က)၊ ကျွဲစားကျက်ကွင်းရှိ တောရိုင်း၊ မြေရိုင်းကို ဓားမဦးချခုတ်ထွင်ရှင်းလင်း လယ်မြေအဖြစ် လုပ်ကိုင်ခဲ့လာပါသည်တဲ့။ ယခုလက်ရှိအချိန်အထိ နှစ်စဉ် အဆက်မပြတ် မြေခွန်ပေးစြာကိုလည်း ထမ်းဆောင်လျက် လုပ်ကိုင်နေပါသည်။ ပြည်သူ့ကောင်စီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ ခေတ်ကာလကလည်း နိုင်ငံတော်မှတာဝန်ပေးသော တင်း၊ စပါးကိစ္စကိုလည်း တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပါသည်။ ယခု အဲဒီ ၄၃ ဧကကိုတဲ့။ ၂၀၀၃ ခုနှစ် မိုးတွင်းကာလက တောရိုင်းမြေ

စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်းအကောင်းပကြာ မြောက်ဦးမြို့ ခလရ ၃၇၇ တပ်ရင်းမှ အဓမ္မသိမ်းယူသွားခဲ့ပါတယ်။ မြောက်ဦးမြို့ မြို့နယ်ကပါ။ အခုဖစ်နေတာက မင်းပြားမြို့နယ်၊ ကျွန်တော်တို့ လယ်သမား(၁၁)ဦးသည် ခလရ ၃၇၇ တပ်ရင်းသို့ တစ်ဇကေလျှင် စပါး(၁၀) တင်းနှုန်းထားဖြင့် လယ်ငှားခအဖြစ် စုစုပေါင်းတင်း(၄၃၀)ကို နှစ်စဉ်ပေးသွင်းနေရပါသဖြင့် ကျွန်တော်တို့ နစ်နာဆုံးရှုံးမှုရှိနေရပါသည်။ အဲဒီတော့ အဲဒီလယ်သမား(၁၁)ဦးဟာ တစ်ခါ တစ်လေ တင်းမသွင်းနိုင်ပါဘူး။ တင်းမသွင်းနိုင်တဲ့အခါ ဘာလုပ်သလဲဆိုရင် အဲဒီတပ်ရင်း ၃၇၇ သို့ ငှားရမ်းခမပေးသွင်းနိုင်သည့် လယ်သမားဦးစံထွန်းအောင်မှာ လေးနှစ်သားနွားထီး တစ်ကောင်ကို အဲဒီတပ်က သိမ်းယူခဲ့ပါတယ်။ အဲဒီရွာမှာရှိတဲ့ လယ်သမား အောင်စံထွန်းမှာ လည်း စိုက်ပျိုးထားတဲ့ပျဉ်းကတိုးပင် (၂၅)နှစ်သက်တမ်းရှိတဲ့ ပျဉ်းကတိုးအပင် (၃၀)ကိုလည်း သိမ်းယူခဲ့ပါတယ်။ လယ်သမား ဦးစံသာကျော်မှာလည်း ပျဉ်းကတိုးပင်(၆)ပင်ကို အဓမ္မသိမ်းယူခဲ့ ပါတယ်တဲ့။ စပါးမသွင်းနိုင်တဲ့အခါ အဲဒီတော့ ကျွန်တော်တို့ တောင်သူလယ်သမားများဟာ လယ်သမားများရဲ့အခွင့်အရေးကို ကာကွယ်သည့်ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေး များကို ရရှိလိုပါတယ်တဲ့။ အဲဒါကြောင့် တပ်မတော်အပေါ် လယ်ငှားရမ်းခစပါးပေးဆောင်နေရ သည်ကို အရေးယူဆောင်ရွက်ပေးပါရန် အသနားခံတိုင်ကြားအပ်ပါတယ်တဲ့။ အဲဒီအသနားခံစာ အပေါ်မှာမူတည်ပြီးတော့ သူတို့ရဲ့တာဝန်ပေးချက်အရ တစ်နည်းအားဖြင့် သူတို့ရဲ့ ကျေးရွာကို ကျွန်တော်တို့ သွားတဲ့အခါမှာ သူတို့ရဲ့တင်ပြချက်ပေါ်မှာ မူတည်ပြီးတော့ ကျွန်တော် ဒုတိယ မေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ဖုံသာကျေးရွာအုပ်စု ၁၃၆၁ (က)ကွင်း၊ ကွဲစားကျက်ကွင်းရှိ တောင်သူလယ်သမား(၁၁)ဦး သီးစားရလဒ်မြေကို မြောက်ဦးမြို့ ခလရ (၃၇၇)တပ်ရင်းမှ အဓမ္မသိမ်းယူသွားပြီး စပါးပေးသွင်းနေရသည်ဟု တိုင်ကြားချက်အပေါ် မည်သို့ကူညီဖြေရှင်းပေးနိုင်မှု ရှိ/မရှိကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပိုပြီးသက်ဆိုင်မယ်ထင်တယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားဖို့ အဆင်သင့် ဖြစ်ပြီရဲ့လား။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။ ။**

လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူရဲ့ မေးခွန်းကို ကျွန်တော် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ မေးခွန်းမှာ အပိုင်း(၂)ပိုင်းပါဝင်တာကို တွေ့ရှိရပါတယ်။ မေးခွန်းရဲ့ပထမအပိုင်းက မင်းပြားမြို့နယ်မှာ ရခိုင်တိုင်းရင်းသားများ ပိုင်ဆိုင်တဲ့ ဓားမဦးချလယ်မြေတွကို အမ်းမြို့နယ် အခြေစိုက်တပ်ရင်းများရဲ့ လက်ဝယ်မှပြန်လည်ရရှိရေး မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ မေးခွန်းဖြစ်ပြီး၊ ဒုတိယပိုင်းက မင်းပြားမြို့နယ်ရှိ စားကျက်ကွင်းကို မြောက်ဦးမြို့ ဆလရ(၃၃၇) တပ်ရင်းက သိမ်းယူပြီးယင်းအပေါ်မှာ စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများက စပါးပေးသွင်းရမှု

အပေါ် မည်ကဲ့သို့ ကူညီပေးနိုင်မလဲဆိုတဲ့ မေးခွန်းများ ဖြစ်ပါတယ်။ အဆိုပါ မေးခွန်းနှစ်ခုသည် လယ်ယာမြေလုပ်ကိုင်မှုနှင့် သက်ဆိုင်ကြောင်း တွေ့ရှိရတဲ့အတွက် တပေါင်းတည်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇(က)အရ နိုင်ငံတော်သည် နိုင်ငံတော်မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်း ပိုင်ရှင် ဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိသည့် အားလျော်စွာ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နက် နယ်မြေနှင့် အမျိုးသားလုံခြုံရေး တာဝန်ကိုထမ်းဆောင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်း ချထားပေး၍ ကာကွယ်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေး တာဝန်ကို ထမ်းဆောင်ရန်အတွက်လည်း ဖြစ်ပါတယ်။ အဆိုပါ တာဝန်များကို ထမ်းဆောင်ရန်အတွက် တပ်ပိုင်မြေများ သတ်မှတ်ဆောင်ရွက်ခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အမျှော်အမြင်ကြီးမားစွာဖြင့် စီမံဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ အနေနဲ့တပ်ပိုင်လယ်မြေများမှာ သီးစား ချထားလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့များက

ပန်ြလည်စိစစ်ပီး နယ်မြေခံတပ်ဌာနချုပ် တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် နယ်မြေလူထု အကျိုး၊ တောင်သူလယ်သမား အကျိုးထိခိုက်နစ်နာမှုမရှိစေရန် ပန်ြလည် လေ့လာဆန်းစစ်ပီး ဒေသခံပြည် သူလူထု၏ အကျိုးစီးပွားအတွက် ညှိနှိုင်းသုံးသပ်ပြုပြင်ရန် လိုအပ်ချက်များအပေါ် စီမံဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပန်ြလည်ရှင်းလင်း ဖေကြားြ အပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သဘြာသံများ)

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူရဲ့ မေးခွန်းနဲ့ ပတ်သက်ပီးြတော့ ပြည်သူတို့ရဲ့ တိုင်ကားြစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို လွှဲပေြာင်းပေးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါကာကွယ်ရေးဝန်ကီးြဌာနနဲ့ တိုက်ရိုက် ပတ်သက်နေတဲ့အတွက် ဒီကော်မတီက ကာကွယ်ရေးဝန်ကီးြဌာနနဲ့ ပန်ြပီးြတော့ ဆက်သွယ်ပီး တော့မှဆောင်ရွက်ပေးပါ။တပ်မတော်ကလုံခြုံရေးအရယူတယ်ဆိုသော်လည်း လိုအပ်သလောက် ပဲ ယူပီးြတော့ မလိုအပ်တဲ့မြေကိုတော့ ခုနကအမှန်တကယ် လုပ်ကိုင်စားသောက်တဲ့ တောင်သူ လယ်သမားတွေကို ပန်ြပေးဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ပါတယ်။ (သဘြာသံများ)

**စက်သုံးဆီသုံးစွဲမှု အလွန်သက်သာသော မန်ြမာမီနီဆလွန်းကဲ့သို့သော မော်တော်ယာဉ်ငယ် များကို ပြည်ပမှတိုက်ရိုက် တင်သွင်းခွင့်ပြုရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမန်းြတဲ့ မေးခွန်းဟာ အမှတ်(၂) စက်မှုဝန်ကီးြဌာန၊ ပြည်ထောင်စုဝန်ကီးြက ဖေကြားြရမယ့် မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက စက်သုံးဆီသုံးစွဲမှု အလွန်သက်သာသော မန်ြမာမီနီဆလွန်းကဲ့သို့သော မော်တော်ယာဉ်ငယ် များကို ပြည်ပမှတိုက်ရိုက် တင်သွင်းခွင့်ပြုရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကိုမေးမန်းြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကီး မဲဆန္ဒနယ်အမှတ်(၄)။**

။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကီးန္ငှ့်တကွသော

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို မေးတဲ့နေရာမှာ ဒီမေးခွန်းနဲ့ ပတ်သက်တဲ့ အကြောင်းချင်းရာလေး တချို့ကိုရှင်းလင်း တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းထဲမှာပါတဲ့ မြန်မာမီနီဆလွန်းယာဉ်ငယ်ကလေးတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စတင်ထုတ်လုပ်တာ မကြာမြင့်သေးပါဘူး။ ဒါပေမယ့် မေးခွန်းထဲမှာ ပါတဲ့အတိုင်းပါပဲ စက်သုံးဆီသုံးစွဲမှု အလွန့် အလွန်ကို သက်သာတယ်ဆိုတာ ဒါ ကျွန်တော့်ကိုယ်တွေ့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒါ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုလည်း ဒီလို မြန်မာမီနီဆလွန်းယာဉ်ငယ်ကလေးတွေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ အနေနဲ့ရော တိုင်းသူပြည်သားတွေအနေနဲ့ရော သုံးစွဲခွင့်ရရှိတာကို အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ဦးစွာပြောကြားလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့်ကတော့ ကျွန်တော်ဝိသေသပြုထားသလိုပါပဲ ဆီစားသက်သာတာဟာ အင်မတန်မှထိရောက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတွင်းမှာပေးဆွဲနေတဲ့ မော်တော်ယာဉ်တွေ များစွာရှိပါတယ်။ သို့သော်လည်း ဒီမော်တော်ယာဉ်ငယ်လေးတွေလောက် ဆီစားသက်သာပြီးတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုရော စွမ်းအင်ချွေတာမှုရော ရောက်စေတဲ့ကားမျိုးကတော့ ရှားလိမ့်မယ်လို့ထင်ပါ တယ်။ ဒါကျွန်တော်ကိုယ်တွေ့ကို တင်ပြရမယ်ဆိုရင် ရန်ကုန်-နေပြည်တော် မိုင်(၂၀၀)ကျော်ခရီး ကို စက်သုံးဆီ(၄)ဂါလံ အောက်ပဲသုံးစွဲရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခါ ဒီကားလေးတွေ က ကြည့်တော့သာ မော်တော်ယာဉ်လေးတွေက သေးငယ်တယ်လို့ ထင်ရပေမယ့် အမှန်တကယ် စီးနင်းတဲ့အခါမှာ ကီလိုမီတာ(၁၀၀)နှုန်းကို သာသာလေးမောင်းနှင်နိုင်ပါတယ်။ ကီလိုမီတာ (၁)နာရီကို (၁၂၀)နှုန်းထိတောင်မှ မောင်းမယ်ဆိုရင် မောင်းလို့ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါမြန်မာမီနီဆလွန်းကို ကြော်ငြာပေးတာမဟုတ်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် အမှန်တကယ် လက်တွေ့သုံးစွဲပြီးကောင်းမွန်လွန်းလို့ ဒါတင်ပြရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ တိုင်းပြည်ဟာ ရာသီဥတုအနေအထားနဲ့ ဒီမြန်မာမီနီဆလွန်းမှာပါတဲ့ လေအေးပေးစက် System Air Conditioner System ကလည်း ဒီကားသေးသေးလေးနဲ့ ဒီစနစ်ကိုနိုင်နင်းပါ့မလားလို့ ထင်ရပေမယ့် အင်မတန်မှအဆင်ပြေချောမွေ့တာကိုလည်းတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

အဓိကတင်ပြလိုခြင်းကတော့ ဒီမြန်မာမီနီဆလွန်း ယာဉ်ငယ်တွေဟာ မိသားစုသုံး အလွန်အင်မတန် အဆင်ပြေပါတယ်။ နောက်သူ့ရဲ့ အဓိကအားသာချက်ဖြစ်တဲ့ စက်သုံးဆီ ဆီစားသက်သာမှုဟာ အင်မတန်မှကို ထူးခြားတဲ့စွမ်းဆောင်ရည် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီယာဉ်ငယ်လေးတွေကို ဝယ်ယူစီးနင်းလိုတဲ့ သူကလည်းအင်မတန်မှ များပြားပါတယ်။ စုစုပေါင်းလျှောက်လွှာ(၄၀၀၀၀)ကျော်ရှိတယ်လို့ ကြားသိရပါတယ်။ သို့သော်လည်းပဲ အကယ်၍ဝယ်ယူစီးနင်းခွင့် ရမယ်ဆိုရင် စီးနင်းလိုတဲ့ ပုဂ္ဂိုလ်တွေဟာ သိန်းနဲ့ချီပြီးတော့ ရှိပါတယ်။ ကျွန်တော်တို့ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတွေ အားလုံးလည်းရမယ်ဆိုရင် တဖြည်းဖြည်းလည်းဒါရကမှာပါ။ ချက်ချင်းလက်ငင်းကို ဝယ်ယူစီးနင်းချင်တဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ ဆိုတာလည်းတင်ပြလိုပါတယ်။ နောက်ဈေးနှုန်းပါ၊ ဈေးနှုန်းမြန်မာ ကျပ်ငွေ(၅၅)သိန်း ဆိုတာလည်း အများပြည်သူ့အတွက် အင်မတန်မှပဲ သင့်လျော်ပါတယ်။ သို့သော်လည်းပဲ ယခုလက်ရှိ အခြေအနေမှာတော့ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပြည့်စုံအောင်ပေါ့နော် ဝယ်ယူသူဈေးကွက်ပြည့်အောင်ထုတ်ပေးနိုင်စွမ်း မရှိသေးတဲ့အခါမှာ နောက်တော့လည်း တဖြည်းဖြည်းနဲ့ ဖြည့်ဆည်းပေးနိုင်လာမှာပေါ့လေ။ ပြင်ပပေါက်ဈေးကတော့ စက်ရုံထုတ်ဈေးထက်များစွာမှ ကွာဟကြီးမြင့်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမော်တော်ယာဉ်ငယ်လေးတွေကို ဒါတိုင်းပြည်အတွက်လည်း အဆင်ပြေ မိသားစုသုံးလည်းဖြစ်တယ်၊ အားလုံးလည်း အဆင်ပြေ ပြည်သူတွေအားလုံးလည်း အဆင်ပြေပြေပျော်ပျော်ရွှင်ရွှင်စီးနင်းနိုင်ဖို့အတွက် ဒီမော်တော်ယာဉ်ငယ်လေးတွေကို ထုတ်လုပ်ပေးတဲ့ ပြည်ထောင်စုအစိုးရရဲ့ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးနဲ့တကွသော ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အဲဒီတော့ ကျေးဇူးတင်ရှိစွာနဲ့ပဲ ထပ်ပြီးတော့ လိုအပ်ချက်လေးတွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် မေးခွန်းလေး(၃)ခုမေးမြန်းလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများသက်တောင့်သက်သာ လွယ်ကူစွာဝယ်ယူစီးနင်းနိုင်ရေးအတွက် မြန်မာမီနီဆလွန်း မော်တော်ယာဉ်ငယ်တွေကို အမှတ်(၂)စက်မှုဝန်ကြီးဌာန က လိုအပ်တဲ့အစီးရေပြည့်မှီအောင် ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ။ ဒုတိယမေးခွန်းကတော့ သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ဆိုသလို မိမိပြည်တွင်းမှာ အမြန်ဆုံးလုံလောက်အောင်ထုတ်လုပ်ပေးနိုင်စွမ်း ရုတ်တရက် မရှိသေးဘူးဆိုရင်လည်း မြန်မာမီနီဆလွန်းနဲ့အလားတူဖြစ်တဲ့ ချယ်ရီဝက်ဂွန်ယာဉ်ငယ်လေးတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေပြီးတော့ တိုက်ရိုက်တင်သွင်းပြီးတော့၊ အရောင်းပြခန်းတွေ ဖွင့်လှစ်ပြီးတော့ ရောင်းချပေးနိုင်ခြင်း

ရှိ/မရှိနှင့် နောက်ဆုံးမေးခွန်းကတော့ ဒီမော်တော်ယာဉ်ငယ်လေးတွေလိုပဲ ဇိမ်ခံကားတွေ မဟုတ်တဲ့ အများပြည်သူစီးနင်းရတာ အဆင်ပေပြတဲ့ဆီစား( Actual Consumption) လျော့နည်းတဲ့ဆီစား သက်သာတဲ့ (၂၀၀၀) စီစီအောက် အခွန်မော်တော်ယာဉ်ငယ်လေးတွေကိုလည်း ပြည်ပမှ တင်သွင်း ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ တို့ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးအထူးပဲ တင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်း ဖြစ်ပါတယ်။

**ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါးစက်မှုလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကညီထွန်းက ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါးစက်မှု လုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးကညီထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကညီထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကတစ်ဆင့်မေးမြန်းမယ့် မေးခွန်းကတော့ ပုဂ္ဂလိကနိုင်ငံခြားဆေးဝါး စက်မှုလုပ်ငန်းများကို

ပြည်တွင်းမှာ လုပ်ကိုင်ခွင့်ရရှိရေးကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကို ဖတ်ကြား မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းမှုမပြုခင် ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါးစက်မှုလုပ်ငန်းရဲ့ အရေးပါမှုအခြေအနေကို အနည်းငယ်အကျဉ်းချုပ်တင်ပြလို ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းက ထုတ်လုပ်တဲ့နိုင်ငံခြားဆေးဝါးတွေဟာ ပြည်တွင်းမှာ လုံလောက်မှုမရှိတဲ့အတွက် ပြည်ပကတင်သွင်းလာတဲ့ ဆေးဝါးတွေကို အသုံးပြုရလျက်ရှိ ပါတယ်။ နေ့စဉ် ပြည်သူတွေသောက်သုံးနေတဲ့ ဆေးဝါးတွေ (၉၀)ရာခိုင်နှုန်းဟာ ပြည်ပက တင်သွင်းလာတဲ့ ဆေးဝါးများ ဖြစ်ကြောင်း သိရှိရပါတယ်။ စာရင်းဇယားတွေအရ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း(၂၀၀)ကျော် ဆေးဝါးအတွက် အသုံးပြုနေရ တယ်လို့ သိရှိရပါတယ်။ ဆေးဝါးသုံးစွဲမှုတိုးတက်မှုဟာ ပြီးခဲ့တဲ့ ငါးနှစ်ပျမ်းမျှ တိုးတက်မှုနှုန်းအရ တစ်နှစ်ကို (၁၇) ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာမှာ ၂၀၂၀ ခုနှစ်မှာ ဆေးဝါးအတွက် တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း(၈၀၀)ခန့် သုံးစွဲရမယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ အရှေ့တောင်အာရှနိုင်ငံများထဲမှာ ပုဂ္ဂလိကနိုင်ငံခြား ဆေးဝါးစက်ရုံမရှိတဲ့ တစ်ခုတည်းသော နိုင်ငံဖြစ်ပါတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် မလေးရှား ဗီယက်နမ် နိုင်ငံတို့ဟာ ဆေးဝါးတင်ပို့ခြင်းလုပ်ငန်းကနေပြီးတော့မှ နိုင်ငံခြားဝင်ငွေ မြောက်မြားစွာရရှိနေ တယ်လို့ သိရှိရပါတယ်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ နိုင်ငံတွင်းမှာ ပုဂ္ဂလိကနိုင်ငံခြား ဆေးဝါးစက်ရုံ(၁၀၀)ကျော်ရှိပြီး အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်သို့ ဆေးဝါးတင်ပို့နေရာ နိုင်ငံရဲ့ ဒုတိယဝင်ငွေရရှိတဲ့ လုပ်ငန်းဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါ့အပြင် ဗီယက်နမ်နိုင်ငံမှာလည်း ပုဂ္ဂလိကပိုင် နိုင်ငံခြားဆေးဝါးစက်ရုံတွေဟာ လျှင်မြန်စွာ ဖွံ့ဖြိုး တိုးတက်လျက်ရှိပြီး နိုင်ငံခြားဈေးကွက်များကို အရှိန်အဟုန်နဲ့ ထိုးဖောက်လျက်ရှိပါတယ်။ W.H.O ရဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ နိုင်ငံခြားဆေးဝါး များကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ခွင့်အသုံးချပြီးတော့မှ ဆေးဝါးစက်ရုံတွေကို တိုးတက် ဖွံ့ဖြိုးအောင် ကြိုးစားလုပ်ဆောင်မယ်ဆိုရင် နိုင်ငံအတွင်းဈေးကွက်မှာ ဖူလုံနိုင်တဲ့အပြင် နိုင်ငံခြားပို့ကုန်ရငွေ များစွာရနိုင်တဲ့ အခွင့်အရေးရှိနေတယ်လို့ ဖော်ပြထားပါတယ်။ နောက်အရေးကြီးတဲ့အချက်ကတော့ ရန်ကုန်တိုင်းဒေသကြီးက လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ဆွေးနွေးခဲ့သလို ကျွန်တော်တို့ရဲ့ မျက်ကွယ်မှာ ထုတ်လုပ်နေတဲ့ နိုင်ငံခြား

ဆေးဝါးတွေ၊မှောင်ခိုဝင်ရောက်လာတဲ့ စမ်းသပ်ထုတ်လုပ်ထားတဲ့ဆေးဝါးတွေ၊ ဆေးဝါးအတုတွေကို ကျွန်တော်တို့ရဲ့ ပြည်သူများ ဝယ်ယူသုံးစွဲနေကြတာဟာ လွန်စွာမှအန္တရာယ်ရှိနိုင်ပါတယ်။ ပြည်တွင်းမှာသာ နိုင်ငံခြားဆေးဝါးများ ထုတ်လုပ်နိုင်မယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက စံချိန်စံညွှန်းတွေနဲ့ စစ်ဆေးကပ်မြှတ်ပေးနိုင်တဲ့အတွက် ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်တဲ့ဆေးဝါးတွေကို ကျွန်တော်တို့ ပြည်သူများသုံးစွဲရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဈေးနှုန်းချိုသာတဲ့အတွက် ဈေးနှုန်းပြိုင်ဆိုင်မှုအတွက် ပြည်ပကဆေးဝါးတွေတင်သွင်းဖို့လည်း ရပ်တန့်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ပုဂ္ဂလိက နိုင်ငံခြားဆေးဝါးစက်ရုံတွေကို ကျွန်တော်တို့ ပြည်တွင်းမှာ ထုတ်လုပ်ခွင့်ရှိမယ်ဆိုရင် နိုင်ငံခြားက အတတ်ပညာရှင်တွေ ခေါ်ယူပြီးတော့မှ ထုတ်လုပ်တဲ့အတွက် ပြည်တွင်းမှာရှိတဲ့ ဝန်ထမ်းတွေအနေနဲ့လည်း နည်းပညာတွေကို လေ့လာသင်ယူတတ်မြောက်လာမှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးဝါး ထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းနဲ့ဆက်စပ်ပြီး ဆေးဝါးထုတ်ပိုး စက်ရုံတွေ ဆေးဝါးကုန်ကြမ်း စက်ရုံတွေလည်း ပေါ်ပေါက်လာပြီး နိုင်ငံတော်ရဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုလာမှာဖြစ်ပါတယ်။ တရားဝင်ထုတ်ပြန်ထားတဲ့ အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာများအရ ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါးစက်မှုလုပ်ငန်းတွေကို ခွင့်ပြုထားပေမယ့် လုပ်ကိုင်ခွင့် လျှောက်ထားရာမှာ မရရှိဘဲဖြစ်နေကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်တွင်းမှာ ပုဂ္ဂလိက နိုင်ငံခြားဆေးဝါး စက်မှုလုပ်ငန်းများကို ပြန်လည်ပြီး လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၉။**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ညွှာဏစိုးရဲ့ မေးခွန်းကို ရှင်းလင်းဖြေဆိုမှာ ဖြစ်ပါတယ်။ မြန်မာမီနီဆလွန်း မော်တော်ယာဉ်များကို လိုအပ်သောအရေအတွက်ပြည့်မီအောင် ထုတ်လုပ်သွားရေး မေးမြန်းလာရာမှာ လိုအပ်သော အရေအတွက်ဆိုသည့် စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်ခဲပါတယ်။ စက်မှုကုန်ထုတ်လုပ်မှု၏ သဘောသဘာဝများကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါတယ်။ Daily Rate of Production မြှင့်တင်ရန်အတွက် ထုတ်လုပ်မှုဆောင်ရွက်သည့် အခြေခံစက်ရုံကို တည်ဆောက်မှုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန အောက်မှာရှိတဲ့ အမှတ်(၁၃)အထွေထွေအကြီးစားစက်ရုံ(မကွေး)မှ TaTa Truck မော်တော်ယာဉ်များကို တစ်နှစ်လျှင် အစီး(၅၀၀၀)ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ထားပါတယ် ။ အဲဒီလိုထုတ်လုပ်နိုင်စွမ်းရရှိအောင် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ ပစ္စည်းအစိတ်အပိုင်းများမှာယူတင်သွင်းခြင်းစတဲ့လုပ်ငန်းတွေကို အနည်းဆုံး(၂)နှစ်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရပါတယ်။ ထို့အပြင် မော်တော်ယာဉ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူနိုင်ဖို့အတွက် ဘတ်ဂျက် လျာထားချက်၊ သာမန်အသုံးစရိတ် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်းခေါင်းစဉ်မှာ လျာထားချက်ဘောင်အတွင်း ပါရှိရမှာဖြစ်ပါတယ်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာမီနီဆလွန်း မော်တော်ယာဉ် ထုတ်လုပ်မှုတစ်ခုတည်းအတွက် ဘတ်ဂျက်လျာထားချက်မှ ငွေသုံးစွဲရန်မဟုတ်ဘဲ အခြားစက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်ရန်အတွက်ပါ မျှတခွဲဝေသုံးစွဲရပါတယ်။ မိမိနိုင်ငံထုတ် မော်တော်ယာဉ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ဖို့အတွက်လည်း စီမံချက်ချပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် Skilled Workers Skilled Equipments တွေ ၊ Jigs တွေ ၊ Robot Welding တွေ စသည်များကိုလည်း အသုံးပြုနိုင်ရေးအတွက် ဝယ်ယူဖြည့်တင်း ဆောင်ရွက်လျက်ရှိပါတယ်။ ချယ်ရီဝက်ဂွန် မော်တော်ယာဉ်ကတော့ အစစ်တိုက်ရိုက်ယူထားတာ မဟုတ်ပါဘူး။ ၎င်းကုမ္ပဏီရဲ့ နည်းပညာကို ရယူပြီးတော့ ပြည်တွင်းဖြစ်ပစ္စည်းများနဲ့ ပေါင်းစပ်ပြီး မြန်မာမီနီဆလွန်းမော်တော်ယာဉ်အဖြစ် ပြောင်းလဲ ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ မော်တော်ယာဉ်များကို ပြည်ပမှ တိုက်ရိုက်တင်သွင်းရပါက လိုအပ်တဲ့အရေအတွက် ချက်ချင်းရနိုင်သော်လည်းပဲ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ အပါအဝင် မော်တော်ယာဉ် ထုတ်လုပ်မှုနည်းပညာများကို ရနိုင်ဖို့မရှိနိုင်ပါဘူး။ ဒီအပြင် မော်တော်ယာဉ်တင်သွင်းမှု ဆောင်ရွက်ပါက လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်သို့

သတ်မှတ်သော အခွန်အခများပေးသွင်းရမှာ ဖြစ်ပါတယ်။ အဲဒီအခွန်အခတွေ ပေးသွင်းရမယ် ဆိုရင် ယခုရောင်းဈေးနှုန်းနှင့် ရောင်းချနိုင်မှာမဟုတ်ကြောင်းလည်း တင်ပြအပ် ပါတယ်။ မြန်မာမီနီဆလွန်းမော်တော်ယာဉ်အား ပြည်တွင်း၌ ထုတ်လုပ်မှုဆောင်ရွက်ရာမှာ Localization အပိုင်းကို ပို၍ပို၍ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်မှသာလျှင် ယခုရောင်းချနေသည့် ဈေးနှုန်းထက်လျှော့ချ၍ ရောင်းချနိုင်မည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၂)စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာနှစ်အတွင်းမှာ မြန်မာမီနီဆလွန်းမော်တော်ယာဉ်များကို (၁၅၀၀)မှ (၂၀၀၀)ထိ ထုတ်လုပ်သွားမည့်အပြင် လာမည့်အနာဂတ်ကာလတွင်လည်း စက်ပစ္စည်းများကို ထပ်မံဖြည့်ဆည်းပြီး ပိုမိုထုတ်လုပ်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းရေးနှင့် ပတ်သက်၍လည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် (၁၁.၉.၂၀၁၁)ရက်နေ့တွင် ကြေငြာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ နိုင်ငံခြားပို့ကုန်လုပ်ငန်း၊ ဟိုတယ်ခရီးသွားလာမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ပြည်ပတွင်တရားဝင်အလုပ် လုပ်ကိုင်သူများ အပါအဝင်အားလုံးအနေဖြင့် နိုင်ငံတော်ဘဏ်မှာ တရားဝင်နိုင်ငံခြားငွေ စုဆောင်းထားရှိပါက မော်တော်ယာဉ် ဝယ်ယူခွင့်ပါမစ်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း ထပ်မံတင်ပြအပ်ပါတယ်။ ၎င်းအပြင် ပြည်ပနိုင်ငံများမှ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာ နိုင်ငံခြားသား၊ နိုင်ငံခြားသားနှင့်ဖက်စပ်၊ အများပိုင်မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နောင်အနာဂတ်ကာလမှာ နိုင်ငံတော်ရှိ ပြည်သူပြည်သားများအနေနဲ့ လိုအပ်တဲ့မော်တော်ယာဉ်ကို မော်တော်ယာဉ်အရောင်းပြခန်းများမှဖြစ်စေ၊ နိုင်ငံခြားမှမှာယူတင်သွင်း၍ဖြစ်စေ၊ မိမိတတ်နိုင်သော ငွေကြေးများဖြင့် လွတ်လပ်စွာ ဝယ်ယူသုံးစွဲသွားနိုင်သည်အထိ ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါသည် ခင်ဗျား။(သဘာသံများ)

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၉။**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း ရဲ့ မေးခွန်းအပေါ်မှာ ဖြေကြားအပ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအား ပြင်ဆင်ရေးဆွဲလျက်ရှိပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ကြောင်း ပြန်ကြားအပ်ပါတယ်။ လက်ရှိမှာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမီတက်မှ ပြင်ဦးလွင်မြို့တွင် ဆေးဝါးစက်ရုံ လည်ပတ်ဆောင်ရွက်လျက် ရှိပါတယ်။ အနောက်တိုင်းဆေးဝါး ထုတ်လုပ်မည်ဆိုပါက Sterile Product, Non-Sterile Product and Biological Product ဟူ၍ ဆေးဝါးအမျိုးအစားအလိုက် အဆောက်အဦများ ခွဲခြားပြီး Clean Room များအဖြစ် ထုတ်လုပ်ရန်လိုအပ်ပါတယ်။ W.H.O ကဲ့သို့ နိုင်ငံတကာအဆင့် GMP ကို အနိမ့်ဆုံးအနေဖြင့် လိုက်နာရန်လိုအပ်ပါတယ်။ အနောက်တိုင်းဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီ အနေဖြင့် အရည်အသွေးစစ်ဆေးရန်အတွက် Physical Lab, Chemical Lab, Biological Lab and Microbiological Lab စသည်တို့ရှိရပါမည်။ ဓာတ်ခွဲခန်းများကို Production Area နှင့် ခွဲထားရမည်ဖြစ်ပြီးတော့ Temperature Control, Humidity Control, Ventilation System တို့လိုအပ်ပါတယ်။ British Pharmacopoeias (BP), United Pharmacopoeias (USP) and International Pharmacopoeias (IP) ကဲ့သို့ စနစ်များနှင့် အညီအရည်အသွေး စစ်ဆေးထိန်းချုပ်နိုင်ရန် လိုအပ်ပါတယ်။ စက်ပစ္စည်းများ ဝယ်ယူရာတွင် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိထားတဲ့ ကုမ္ပဏီများမှ ဝယ်ရန်လိုအပ်ပါတယ်။ ကုန်ကြမ်း၊ ကုန်ချော သိုလှောင်သည့်အဆောက်အဦဟာ W.H.O ကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြု GMP များတွင်ဖော်ပြထားသည့် Good Storage Practices (GSP) သတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည်။ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းများဟာ B.P, U.S.P, I,P အဆင့်မီ ဆေးဝါးကုန်ကြမ်းများဖြစ်ရန် လိုအပ်ပါတယ်။ ကုန်ကြမ်းအများစုမှာ ပြည်ပမှတင်သွင်းရသဖြင့် ကုန်ကြမ်းတင်သွင်းသည့် Supplier များသည် W.H.O အသိအမှတ်ပြု Certificate ရရှိသည့် ကုမ္ပဏီများဖြစ်ရန် လိုအပ်ပါတယ်။ ထို့ပြင် ဆေးဝါးထုတ်လုပ်ရာတွင် အဓိကအရေးအကြီးဆုံး အချက်ဖြစ်သည့် ဆေးဝါးသုံးရေရရှိရန်

Water Pre-preatment System များနှင့် Water For Injection (WFI) Water Processing System များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO GMP နှင့် ASEAN GMP များအရ သတ်မှတ်ထားသော နည်းစနစ်များအတိုင်း အဆင့်ဆင့်စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဆေးဝါးထုတ်လုပ်သူ ဝန်ထမ်းများဟာလည်း Well Trained, Skillful Pharmacists, Chemists, Biologists များဖြစ်ရမည့်အပြင် ကျန်းမာ၍တစ်ကိုယ်ရည် သန့်ရှင်းမှုကို လိုက်နာနိုင်သူများ ဖြစ်ရပါမည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အနောက်တိုင်း ဆေးဝါးစက်ရုံတစ်ရုံ တည်ဆောက်ရန် လိုအပ်သည့် စည်းကမ်း ချက်များနှင့်အညီ စံချိန်စံညွှန်းမီဆေးဝါးများကိုထုတ်လုပ်မည်ဆိုပါက အနောက်တိုင်းဆေးဝါးများ ထုတ်လုပ်ခွင့်လုပ်ငန်းများကို ခွင့်ပြုရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ယခုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အဖွဲ့(၃)ဖွဲ့က ခွင့်ပြုဖို့အတွက် လျှောက်ထားစိစစ်လျက်ရှိကြောင်းလည်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၈.၈.၂၀၁၁ ရက်နေ့ မွန်းတည့် (၁၂း၀၀) နာရီတွင် ကျင်းပခဲ့သော ပြည်ထောင်စုဝန်ကြီးများနှင့် မီဒီယာများ တွေ့ဆုံပွဲ၌ စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌအနေဖြင့် မီဒီယာများသို့ အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း နှင့် ဂျာနယ်များတွင်လည်း ပုံနှိပ်ဖော်ပြပြီးဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

## ချင်းပြည်နယ် ဟားခါး-ဖလမ်း-တီးတိန်-မတူပီ-မင်းတပ်-ပလက်ဝနှင့် ကန်ပက်လက်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကမေးမြန်းတဲ့ မေးခွန်းဟာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ် ဟားခါး-ဖလမ်း-တီးတိန်-မတူပီ-မင်းတပ်-ပလက်ဝနဲ့ ကန်ပက်လက်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းကို ဖတ်ကြားခွင့် ပြုပါရန် တောင်းခံအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၂၁.၃.၂၀၁၁ ရက်နေ့တွင် ကျွန်တော်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန် မြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း ဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရာတွင် ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးက အောက်ပါအတိုင်း ဖြေကြားခဲ့ပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ဟားခါး-ဖလမ်း-တီးတိန်မြို့များမှာ ၆၆ ကေဗွီ ဓာတ်အားလိုင်းများ၊ ဓာတ်အား ခွဲရုံများတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိပါတယ်။ ထို့အပြင် ဂန့်ဂေါမှတစ်ဆင့် မတူပီ-မင်းတပ်မြို့များကိုလည်း ၆၆ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဆက်သွယ်ပေးပြီး ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိပါတယ်။ ပလက်ဝမြို့ကိုလည်း ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။ ထို့အပြင် ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄.၈.၂၀၁၁ ရက်နေ့တွင် ကန်ပက်လက် မြို့နယ်အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး မေးမြန်းရာတွင် အလားတူ ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးပြီး ကန်ပက်လက်မြို့ပါမကျန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်အပေါ် စေတနာထားရှိမှုအတွက် အလေးအနက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်အခု ဆက်လက်မေးမြန်းလိုတာကတော့ အထက်ပါ အစီအစဉ်များအား ၂၀၁၅ ခုနှစ် အထိ တစ်နှစ်ချင်းစီ၏ ပြီးစီးမှုအတိုင်းအတာ ဘယ်လောက်ရှိသလဲဆိုတာကို မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုမှာ အဆင်းရဲဆုံး ပြည်နယ် ဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဒီ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိဖို့က အဓိက

လိုအပ်တဲ့ အခြေခံအဆောက်အဦတစ်ခုဖြစ်ပါတယ်။ မနေ့ကလည်း ဒီသတ္တုတွင်းဝန်ကြီးဌာနက လာဖြေကြားတဲ့အချိန်မှာ ချင်းပြည်နယ်မှာ နီကယ်နဲ့ခရိုမီယမ်တွေ ရှိပါတယ်။ တူးဖော်မှုမှာတော့ ဒီ သတ္တုသန့်စင်စက်ရုံလုပ်ဖို့အတွက် လျှပ်စစ်ဓာတ်အားမရှိလို့ အဆင်မပြေတဲ့အကြောင်းကို လည်း ပြောပါတယ်။ အလားတူပဲ ကျွန်တော်တို့ ချင်းပြည်နယ်မှာ အလားအလာရှိတဲ့ဟာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား အလုံအလောက်မရှိလို့ မလုပ်နိုင်တဲ့ စက်ရုံ၊ အလုပ်ရုံတွေလည်း အများအပြားရှိပါတယ်။ ဒါကြောင့် ဒီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ ပြည်နယ်ကို ဖွံ့ဖြိုးပေးတဲ့ ဓာတ်အားလိုင်းအစီအစဉ်ကိုလည်း အမြန်ဆုံး ဆောင်ရွက် ပေးနိုင်ဖို့လည်း တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၂၂။**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းရဲ့ မေးမြန်းသော မေးခွန်းနဲ့ပက်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအောင်ကို မှ ပြည်သူ့လွှတ်တော်မှာ မေးမြန်းတဲ့အခါမှာလည်း ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှာ ဖြေကြားပေးပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ ချင်းပြည်နယ်ကို နိုင်ငံတော်မှ

ဓာတ်အားစနစ်ပေးပို့နိုင်ခြင်းမရှိသေးတဲ့ အချိန်ကာလမှာ ဓာတ်အားပေးနိုင်ရေးအတွက် လက်ရှိ အခြေအနေမှာလည်း ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ ၊ ထန်တလန်၊ ကျီခါး၊ ရိခေါဒါရ်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာမြို့များမှတစ်ဆင့် ပြည်နယ်/တိုင်းမြို့များမှာ လျှပ်စစ်ရုံးတွေ ဖွင့်လှစ်ပြီးတော့မှ လျှပ်စစ်ဓာတ်အားပေးတဲ့ လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဒီဇယ်အင်ဂျင်သုံး မီးစက်(၂၃)လုံးဖြင့် တစ်လကို ဂါလံ(၃၆၄၀) ပံ့ပိုးပြီးတော့မှ ဓာတ်အားပေးလျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ မီးစက်သီးသန့်ဖြင့် ဓာတ်အားပေးနေသော မြို့များမှာ ကန်ပက်လက်၊ ရေဇွာ၊ ထန်တလန်၊ ရိခေါဒါရ်နှင့် ကျီခါးမြို့(၅)မြို့ကို တစ်ရက်(၂)နာရီနှုန်းနဲ့ ဓာတ်အားပေးလျက်ရှိပါတယ်။ ရေအားလျှပ်စစ်စက်ရုံများရှိတဲ့ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ မြို့(၆)မြို့ကို တစ်နှစ်လျှင် ဇူလိုင်လမှ ဇန်နဝါရီလထိ (၇)လ (၂၄)နာရီနဲ့ ကျန်လများမှာ ရေနည်းသွားတဲ့အတွက် ဒီဇယ်စက်များနဲ့တွဲပြီး တစ်နေ့ကို (၆)နာရီ ဓာတ်အား ပေးလျက်ရှိပါတယ်။

နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမယ့် အခြေအနေများကို မျှော်မှန်းပြီး တော့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ပြီးဖြစ်သော ကျောမှတစ်ဆင့် ဂန့်ဂေါမြို့ကို (၆၆)ကေဗွီ ဓာတ်အားလိုင်းမိုင်(၃၀)နှင့်ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းကို (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ်အတွင်းမှာ စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ (၆၆)ကေဗွီ ဓာတ်အားလိုင်းများဖြစ်တဲ့ ဂန့်ဂေါ-ဟားခါးမိုင်(၆၀)အား (၂၀၁၂-၂၀၁၃)ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဟားခါး-ဖလမ်း-သိုင်းငင်-ကလေး-ကလေးဝ မိုင်(၉၀)ကို (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မှာ ဖြစ်ပြီးတော့ ပေါက်-မင်းတပ်(၃၅)မိုင်၊ မင်းတပ်-မတူပီ မိုင်(၁၁၀)အား (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်အတွင်းမှာ စတင်ဆောင်ရွက်ရန်စီစဉ်ထားလျက်ရှိပါတယ်။ ဆက်စပ်ဓာတ်အားခွဲရုံ များကိုလည်း အထူးစီမံကိန်းများအနေနဲ့ ဆက်လက်ပြီး ဓာတ်အားလိုင်းများနဲ့အတူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းများပြီးလို့ရှိရင် ချင်းပြည်နယ်မှာရှိတဲ့ ဟားခါး၊ ဖလမ်း၊ သိုင်းငင် တို့ထိ ဓာတ်အားစနစ်မှတစ်ဆင့် ဓာတ်အားပေးနိုင်မှာဖြစ်ပြီးတော့ သိုင်းငင်ကို ဓာတ်အားရောက်ရှိ ပြီးပြါက တီးတိန်၊ တွန်းဇံ ၊ ကျီခါးမြို့များကို ဆက်လက်ဓာတ်အားလိုင်းဆက်သွယ်နိုင်မှာ

ဖြစ်ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ မဏိပူရရေအားလျှပ်စစ်စီမံကိန်းအား လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မဖြိုးသာရေအားလျှပ်စစ် စီမံကိန်းအားလည်းကောင်းဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားထွက်ရှိလာပါကလည်း အဲဒီ ဓာတ်အားတွေကို ဂန့်ဂေါမြို့တွင် ၂၃ဝ ကေဗွီရှိတဲ့ (၁ဝဝ)အမ်ဗွီအေ ဓာတ်အား ခွဲရုံကြီးတစ်ခု ထပ်မံတည်ဆောက်ပြီးတော့ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ပြီးသွားမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာဆိုရင်လည်း ချင်းပြည်နယ်ကို ဓါတ်အားပံ့ပိုးပေးတာ ပိုမိုပြည့်စုံလာနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖန် ကျွန်တော်တို့ လေးမြို့ စိုင်ဒင် ရေအားလျှပ်စစ်စီမံကိန်းများ ပြီးလို့ရှိရင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှတစ်ဆင့် ချင်းပြည်နယ်၊ ပလက်ဝမြို့ကို ဓာတ်အားလိုင်း ဆက်သွယ်ပို့လွှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပေါက်-မင်းတပ်-မတူပီ ဓာတ်အားလိုင်းဟာ ၂ဝ၁၄-၂ဝ၁၅ ခုနှစ်မှာ တည်ဆောက်မှာဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီး ဆောမြို့မှတစ်ဆင့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့များကို ဓာတ်အားလိုင်း ဆက်သွယ်ပို့လွှတ်ရေးစနစ်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သဘြာသံများ)

**ချင်းပြည်နယ် ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် နိုင်ငံတော်အဆင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်း ဆောင်ရွက်မှုအပေါ် တိုးတက်မှု ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနက ပြည့်လည်ဖြေကြားမယ့် မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်၊ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် နိုင်ငံတော် အဆင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အသေးစိတ်ညှိနှိုင်း ဆောင်ရွက်မှု အပေါ် တိုးတက်မှု ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မေးခွန်းအား ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ကျွန်တော့်အား ပထမအကြိမ်အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေး(၁၆.၃.၂၀၁၁)ရက်နေ့တွင် ကျွန်တော် ဦးဇုန်လှယ်ထန်း အမျိုးသား လွှတ်တော်ကိုယ်စားလှယ်က ချင်းပြည်နယ်ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး ကယ်ပြီပွင့်ပြ မေးခွန်းဖြစ်တဲ့ သက်ဆိုင်ရာကော်မတီများက စိစစ်ပြီး ကိုပြောင်ခွင့်ပြုချက်ရယူပြီး သွားလာခွင့် ပြုခြင်းမဟုတ်ဘဲ လွတ်လွတ်လပ်လပ် ဝင်ရောက်နေထိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိပြီးတော့ ချင်းပြည်နယ် ရိဒ်ဂိတ်ကနေဝင်ပြီး ရက်သတ္တပတ်အနည်းဆုံး နှစ်ပတ် နေထိုင်ခွင့် ပြုနိုင် ခြင်း ရှိ/မရှိ မေးမြန်းရာတွင် ဒီ ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက အောက်ပါအတိုင်းဖြေကြားပေးခဲ့ပါတယ်။ ဒီပကတိ အခြေအနေမှာတော့ အိန္ဒိယ နိုင်ငံနှင့် မြန်မာနိုင်ငံဟာ နိုင်ငံတော်အဆင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေး အသေးစိတ်ညှိနှိုင်းဆောင်ရွက်နေဆဲပဲ ဖြစ်ပါတယ်လို့ ဖြေကြားပေးခဲ့ပါတယ်။ ယခု ဆက်လက် မေးမြန်းလိုတာကတော့ အဲဒီ ဆောင်ရွက်မှုအပေါ်မှာ တိုးတက်မှု ရှိ/မရှိ။ ရှိလျှင် ဘယ်တော့ခွင့်ပြုနိုင်မလဲ၊ မရှိလျှင် ဘာကြောင့် မရှိတာလဲ ဆိုတာကို မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်က ဒီတောတောင်ရေမြေသဘာဝလှပပြီး ဒီသဘာဝကို အခြေခံတဲ့ ခရီးသွားလုပ်ငန်း (Eco-Tourism) အတွက် အင်မတန် သင့်တော်တဲ့ နေရာလေးတစ်ခု ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ အထက်ကတင်ပြတဲ့အတိုင်း မြန်မြန်ဆန်ဆန် ခွင့်ပြုပေး နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမှုများစွာ အထောက်အကူ ပြုမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ မြန်မြန်ဆောင်ရွက်ပေးနိုင်မှုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၉။**

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)။**

။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ မေးမြန်းချက်အပေါ်မှာ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

မေးခွန်းရှင်ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်လို့ နောက်ကြောင်းဆောင်ရွက်ပြီးတဲ့ကိစ္စများနဲ့ဆက်စပ်ပြီး အကျဉ်းချုံး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မေးခွန်းရှင်တင်ပြခဲ့တဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဟာ နယ်နိမိတ်အားဖြင့် (၈၅၇)မိုင် ခန့်ထိစပ်လျက်ရှိပြီး၊ မြန်မာနိုင်ငံဘက်ခြမ်းမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ဟာ အိန္ဒိယနိုင်ငံနဲ့ ထိစပ်လျက် ရှိနေပါတယ်။ ယခုအချိန်ထိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ဝင်/ထွက်ရေးကိစ္စနဲ့ ပတ်သက်လို့ နားလည်မှုစာချွန်လွှာ (Memorandum of Understanding) တစ်ရပ်ရပ်ကို အတည်ပြုသဘောတူလက်မှတ်ရေးထိုးပြီးစီးသည့်အဆင့်ထိ မရောက်ရှိသေးကြောင်း တင်ပြလိုပါတယ်။ သို့သော်လည်းပဲ နှစ်နိုင်ငံနယ်စပ်ဒေသ အာဏာပိုင်အချင်းချင်းညှိနှိုင်းသဘောတူညီချက်တွေအရ ၁၁-၂-၁၉၈၉ မှစပြီး၊ တစ်ဖက်အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ရိခေါဒါရ်ထွက်ပေါက်နှင့် ကျွန်တော်တို့နိုင်ငံ ဘက်ခြမ်းက ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ရိခေါဒါရ်မြို့နယ်ခွဲမှာ ရှိတဲ့ ရိခေါဒါရ် ဝင်/ထွက် စခန်းကို တရားဝင်ဖွင့်လှစ်ထားရှိပြီး ဖြစ်ပြီပါတယ်။ ဝင်/ထွက်ခ အခကြေးငွေအနေနဲ့ အိန္ဒိယ နိုင်ငံသား တစ်ဦးကို (၁၀)ရူပီးနဲ့နေ့ချင်းပြန် ရိခေါဒါရ်မြို့နှင့် ရိဒ်ရေကန်တစ်ဝိုက်အထိ သွားလာ ခွင့်ပြုခဲ့ပြီးတော့ မြန်မာဘက်က အထွက်ကိုတော့ ကျပ်(၅၀၀)နှုန်းနဲ့ နေ့ချင်းပြန်သတ်မှတ်ပြီး၊ ယနေ့တိုင် ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ သြဂုတ်လ(၂၄)ရက်ကနေပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာ(၂၃)ရက်ထိ (၁)လတာစာရင်းကို လေ့လာကြည့်ရင် အဲဒီဝင်/ထွက်ပေါက်က အိန္ဒိယနိုင်ငံသား အဝင်(၄၁၇)ဦး၊ မြန်မာနိုင်ငံသား အထွက်(၄၇၇)ဦးရှိခဲ့ကြောင်း စာရင်းဇယားများအရ စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် မြန်မာ-အိန္ဒိယထိစပ်နေတဲ့ နယ်နိမိတ်မှာ နောက်ထပ် နယ်စပ်ဝင်/ထွက်ပေါက် တစ်ခုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်စပ်တမူးမြို့မှာ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်ကစပြီး နယ်စပ်ဝင်/ထွက်ဂိတ်စခန်း ဖွင့်လှစ်ထားခဲ့ပါတယ်။ သို့သော်လည်းပဲ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ သောင်းကျန်းသူတွေ တမူး၊

နမ့်ဖာလုံဈေးကိုမီးရှို့ဖျက်ဆီးပြီးတဲ့နောက်မှာလုံခြုံရေးအရနှစ်ဖက်ဒေသအာဏာပိုင် အချင်းချင်း ညှိနှိုင်းသဘောတူညီချက်နဲ့ ဝင်/ထွက်ခွင့်တွေကို ယနေ့တိုင် ပိတ်ပင်ထားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်ရဲ့ အခု ရှင်းလင်းတင်ပြချက်များဟာ မေးခွန်းရှင်မေးမြန်းထားတဲ့ မြန်မာ-အိန္ဒိယ နယ်နိမိတ် မြန်မာဘက်ခမြီးချင်းပြည်နယ်၊ ရိဒ်ဂိတ်ကနေ ဝင်/ထွက်ခွင့်ပြုနေတဲ့ လက်ရှိဆောင်ရွက်ပေးနေမှုများ ပင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တည်း ရှင်းပြလိုတဲ့အချက်က နှစ်နိုင်ငံ ဝင်/ထွက် ခွင့်ကိစ္စတွေကို တရားဝင်နိုင်ငံတော်အဆင့် ဆောင်ရွက်တော့မယ်ဆိုရင် ဆောင်ရွက်ရမယ့် သဘောတူညီရမယ့်အဆင့်များ၊ များစွာရှိနေသေးကြောင်း၊ သို့အတွက် အချိန်ယူ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်မျိုးဖြစ်ကြောင်း ရှင်းပြရင်းနဲ့ ဆောင်ရွက်ချက်လုပ်ငန်းစဉ်များကို အနည်းငယ် အကျဉ်းချုပ် ရှင်းလင်းတင်ပြလိုပါတယ်။

ပထမဦးစွာ နှစ်နိုင်ငံကိစ္စကို တရားဝင်ဆောင်ရွက်ဖို့ဆိုရင် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာ(MOU) လက်မှတ်ရေးထိုးရပါမည်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်မယ့် အကြောင်းအရာကို နှစ်နိုင်ငံ ကနဦးအဆင့် အဆိုပြု ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ လက်မှတ်ရေးထိုးမယ့် နှစ်နိုင်ငံအနေနဲ့ သဘောတူညီချက် (မူကြမ်း)ကို ပြုစုရေးသားပြီး အပြန်အလှန် ပေးပို့ညှိနှိုင်းမှုများ ပြုလုပ်ရပါတယ်။ အဲဒီနောက်မှာ တစ်ဖက်နိုင်ငံက ပေးပို့ လာသည့် (MOU) မူကြမ်းကို တာဝန်ယူဆောင်ရွက်ရမယ့် ဌာနက အသေးစိတ် လေ့လာရတဲ့ အပြင် မိမိနိုင်ငံ၏ တည်ဆဲဥပဒေနှင့် နိုင်ငံအကျိုးစီးပွားကို ထိခိုက်နိုင်ဖွယ် ရှိ/မရှိ ပတ်သက် ဆက်နွယ်တဲ့ သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့အတည်ပြုချက်ရယူပြီး အချောသတ် ပြုစုလို့ တစ်ဖက်နိုင်ငံသို့ ပြန်လည်ပြီး တစ်စုံတစ်ရာ မှတ်ချက်ပြုရန် ရှိ/မရှိ မေးမြန်းချက်နဲ့ ညှိနှိုင်း အတည်ပြုချက် ရယူရပါတယ်။ တစ်ဖက်နိုင်ငံက ပေးပို့လာတဲ့မူကြမ်းတွေအပေါ်မှာ လည်း မိမိနိုင်ငံဘက်က လက်မခံနိုင်တဲ့အချက်တွေကိုဖော်ပြပြီး တစ်ဖက်နိုင်ငံသို့ ပြန်လည် ပေးပို့ ညှိနှိုင်းမှုများ ပြုလုပ်ရပါတယ်။ အဲဒီလိုပဲ ထပ်မံပေးပို့ ညှိနှိုင်းချက်များအပေါ် နှစ်နိုင်ငံစလုံးက ပြင်ဆင်ချက်များ အကြိမ်ကြိမ်ပြုလုပ်ပြီး သဘောတူညီမှုရရှိသည်အထိ ပြုလုပ်ရတာ ဖြစ်ပါ တယ်။ အချောသတ်သဘောတူညီမှုတွေ ရရှိလာမှသာ နိုင်ငံတော်အစိုးရ အဖွဲ့ကို တင်ပြ အတည်ပြုချက်ရယူပြီး နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ(MOU)ကို လက်မှတ် ရေးထိုးရခြင်း

ဖြစ်ပါတယ်။ အဲဒီနောက်မှာမှ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာပါအချက်များကို အကောင်အထည် ဖော်နိုင်ဖို့အတွက် အဆင့်ဆင့်သော နှစ်ဖက်ဆွေးနွေးမှုများကို တရားဝင် ဆက်လက် လုပ်ဆောင် နိုင်ခွင့် ဆောင်ရွက်ရပါတယ်။

ကျွန်တော်တင်ပြခဲ့သလို အဆင့်ဆင့်အချိန်ယူစိစစ်ပြီး ဆောင်ရွက်ရတဲ့ နည်းလမ်း တွေအတိုင်း မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ၁၉၉၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ ၁၉၉၇ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ ၁၉၉၇ ခုနှစ် မေလ ၁၆ ရက်နေ့မှာ မြန်မာ-ထိုင်း နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်နဲ့ ၁၉၈၀ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက် ရေး သဘောတူစာချုပ်စတာတွေကို အဲဒီနည်းလမ်းအတိုင်း အဆင့်ဆင့်အချိန်ယူ သဘောတူ ချုပ်ဆိုခဲ့ကတြာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အခုမေးခွန်းရှင် မေးမြန်းထားတဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် သွားလာခွင့်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေးနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ခဲ့သမျှကို အကျဉ်းချုံးပြန်လည်တင်ပြရရင် မြန်မာ-အိန္ဒိယနယ်စပ် ဝင်/ထွက်ခွင့် ကိစ္စကို နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုအဖြစ် ၂၀၀၃ ခုနှစ်ကတည်းက ကျွန်တော်တို့ စတင်ပြုလုပ်ခဲ့ကတြာ ဖြစ်ပါ တယ်။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလမှာ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ နဝမအကြိမ် နိုင်ငံတော် အဆင့် မြန်မာ-အိန္ဒိယ နယ်စပ်အာဏာပိုင်များရဲ့ အစည်းအဝေးသဘောတူညီချက်အရ အိန္ဒိယ နိုင်ငံဘက်မှ ပြင်ဆင်ထားပြီးဖြစ်တဲ့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် သဘောတူညီချက် (မူကြမ်း) ကို အိန္ဒိယသံရုံးက တစ်ဆင့် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွင်းက ကျွန်တော်တို့ထံ ပြန်လည် ပေးပို့ပါတယ်။ အဲဒီသဘောတူညီချက်(မူကြမ်း)မှာ အိန္ဒိယနိုင်ငံဘက်က သူတို့ရဲ့ မီဇိုရမ် ပြည်နယ်ဘက်မှာ ဇိုခေါဒါရ်၊ နာဂလင်းဒ်ဘက်မှာ ပန်ရှာ၊ အာရူနာချယ်လ် ပရာဒက်ရှ်ဘက်မှာ နမ်ပေါင်စတဲ့နေရာ (၃)နေရာမှာ ဝင်/ထွက်ပေါက်တွေ ထပ်မံသတ်မှတ်ပေးရေး ဆိုတဲ့အချက်ကို ဖြည့်စွက်ထည့်သွင်း တောင်းဆိုခြင်းများ ပါရှိလာပါတယ်။

အခုလို အိန္ဒိယနိုင်ငံဘက်က ထပ်မံတောင်းဆိုမယ့် နေရာ (၃)နေရာအနက်မှာ ကျွန်တော်စောစောက တင်ပြပြီးဖြစ်သလို အိန္ဒိယနိုင်ငံ၊ ဇိုခေါဒါရ်နဲ့ မိမိနိုင်ငံဘက်မှ ရိခေါဒါရ်စခန်း ဝင်/ထွက်ပေါက်က ကနေ့ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ကျန်နှစ်နေရာကိုတော့ လတ်တလောမှာ မဖြစ်နိုင်သေးပါကြောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်နေ့တွင် ပြုလုပ်ခဲ့တဲ့ မြန်မာ-အိန္ဒိယ နယ်စပ်အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးမှာ မြန်မာနိုင်ငံဘက်က ဆွေးနွေးအဆိုပြုခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းတွေမှာ ပြုလုပ်တဲ့ နိုင်ငံတော်အဆင့် အစည်းအဝေးတွေမှာ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သော်လည်းပဲ သဘောတူညီချက် တစ်စုံတစ်ရာရရှိခြင်း မရှိသေးပါဘူး။ ဒါကြောင့် ယနေ့တိုင် နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးကိစ္စအား အပြီးသတ်ဆွေးနွေးခြင်းမရှိနိုင်သေးပါကြောင်း အသိပေး လိုပါတယ်။ မြန်မာ-အိန္ဒိယ နယ်စပ်နှစ်ဖက် နယ်ဘက်အာဏာပိုင်များရဲ့ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို နှစ်နိုင်ငံအဆင်ပေမြယ့် ခန့်မှန်းခြေအားဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ လောက်မှာ မြန်မာနိုင်ငံဘက်က အိမ်ရှင်အနေနဲ့ လက်ခံကျင်းပဖို့ ရှိပါတယ်။ အဲဒီအစည်းအဝေးမှာ အိန္ဒိယနိုင်ငံဘက်မှသဘောထားတင်ပြဆွေးနွေးချက်များပါလာမယ်ဆိုရင် အဲဒီဆွေးနွေးချက်တွေအပေါ်မှာ မြန်မာနိုင်ငံဘက်က ပြန်လည်ညှိနှိုင်းဆွေးနွေး အကောင်အထည် ဖော်သွားမှာ ဖြစ်ပါကြောင်းလည်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိဂုံးချုပ် အနေနဲ့ ဖြည့်စွက်ပြောကြားလိုတဲ့အချက်ကတော့ မေးခွန်းရှင်တင်ပြထားခဲ့သလို ဒေသဖွံ့ဖြိုးရေး တွေအပေါ်မှာ အခြေခံပြီး နိုင်ငံတော်အကျိုးလည်း ဖြစ်ထွန်းပေါ်ပေါက်စေမယ့် ကိစ္စတိုင်းကို ကျွန်တော်တို့တွေက ကြိုးစားဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်နိုင်ငံ သဘောတူညီမှုလုပ်ရတဲ့ ကိစ္စတွေမှာကျတော့ ကိုယ်ကဖြစ်ချင်တိုင်း လုပ်ချင်တိုင်း ဖြစ်နိုင်တာမျိုး မဟုတ်ပဲနဲ့ တစ်ဖက်နိုင်ငံရဲ့ သဘောတူခွင့်ပြုချက်နဲ့ အဆင့်ဆင့် လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ရတာမျိုး ဖြစ်တဲ့အတွက် အချိန်ယူဆောင်ရွက်နေရပါကြောင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း ကလည်း ကိုယ့်နိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားအတွက် အားသာချက်၊ အားနည်းချက်တွေအပေါ်

အချိန်ယူစဉ်းစားနေကာစမဲ့ပြီးသာ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု အစည်းအဝေးခေတ္တရပ်နားပြီး (၁၂:၄၅) နာရီအချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၁:၃၈ နာရီအချိန်တွင် ရပ်နားပြီး၁၂:၄၅ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂:၄၅။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)(ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)၏ လယ်ယာ/မြေပြဿိမ်းယူမှုများနဲ့ ပတ်သက်၍ ပေပြည်အောင်ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသောအမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊**

# ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပမြို့လည်ဖေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းထားတဲ့ လယ်ယာ၊ မေပြာသိမ်းယူမှုများနဲ့ ပတ်သက်၍ ပေပြည်အောင် ညှိနှိုင်းဖေရှင်းနိုင်မှုမရှိသော အမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖေရှင်းဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက အမည် စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မှ ဒေါက်တာ ခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၇။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်အကြောင်းအရာကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးအောင်ငြိမ်းတင်သွင်းသွားတဲ့ လယ်ယာမေပြာ သိမ်းဆည်းမှုနဲ့ပတ်သက်ပြီးတော့ ပေပြည်အောင် ညှိနှိုင်းဖေရှင်းနိုင်ခြင်း မရှိသော အမှုအခင်းများစွာရှိနေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစဥ်ပြီးတော့ ကိုင်တွယ်ဖေရှင်းဆောင်ရွက်နိုင်ပါရန်ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့ ကျွန်တော်က (၃)ဖက်ကိုကြည့်ပြီး ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ တစ်ဖက်က လယ်သမားများ၊ တစ်ဖက် က နိုင်ငံတော်အစိုးရ၊ တစ်ဖက်က လုပ်ငန်းရှင်များအပိုင်းပါပဲ။ ဦးအောင်ငြိမ်း တင်ပြသွားတဲ့ အထဲမှာ မ်ဂလာဒုံဆိုတာလည်း ပါနေတဲ့အတွက်ကြောင့် ကျွန်တော်ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့ တော်တော်များများကတော့ လယ်ယာနဲ့ပတ်သက်လို့ ဆွေးနွေးမယ်ဆိုလို့ရှိရင်တော့ လယ်သမားရှေ့ကနေပြီးတော့ ဆွေးနွေးရင် ဒါလယ်သမားက မြန်မာနိုင်ငံမှာ အများဆုံးရှိတဲ့အတွက်ကြောင့် ဒါလယ်သမားတွေရဲ့ ထောက်ခံမှု ရတယ်ဆိုပြီးတော့

ဆွေးနွေးလေ့၊ဆွေးနွေးထရှိပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ဆိုလို့ရှိရင်လည်း နိုင်ငံတချို့၊ နိုင်ငံရေးအသင်းအဖွဲ့အချို့ကလည်း လယ်သမားတွေကို လိုက်ပြီးတော့ တို့ထောင် နေတာတွေ၊ နောက်တစ်ခါရွှေ့နေတချို့ကလည်း လိုက်ထောင်ပြီးတော့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုး တိုးတက်မှုကို ကိုယ်သွားမယ့်လမ်းကြောင်းအပေါ်မှာ အနှောင့်အယှက်ဖြစ်အောင် သွားနေတဲ့ လမ်းကြောင်းတွေလည်း အများကြီးရှိတဲ့အတွက်ကြောင့် ဆွေးနွေးတဲ့နေရာမှာလည်း အင်မတန် သတိထားပြီး ဆွေးနွေးဖို့လိုတဲ့အတွက်ကြောင့် ကျွန်တော်အရင်ဆုံး ဆွေးနွေးခြင်းဖြစ်ပါတယ်။ တဖက်ကနေပြီးတော့ ဖြစ်လာတဲ့ပြဿနာတွေ ပြန်သုံးသပ်မယ်ဆိုလို့ရှိရင်လည်း စောစောတုန်း ကပဲ ပထမပိုင်းမှာ တင်ပြသွားတဲ့ လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်က ပြဿနာတွေ၊ လွန်ခဲ့တဲ့ (၁၀)နှစ်က ပြဿနာတွေ၊ လွန်ခဲ့တဲ့ (၅)နှစ်က ပြဿနာတွေ အခုမှ ပြန်ပြီး တင်ပြတာတွေလည်း တော်တော်များများ ရှိနေတဲ့အတွက်ကြောင့် ဒီကဏ္ဍက အရေးမကြီးဘူးဆိုပေမယ့် တိုင်းပြည် ထူထောင်တဲ့နေရာမှာ အလွန်အရေးကြီးတဲ့ အဆိုဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်ဆွေးနွေး ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လယ်ယာနဲ့ပတ်သက်လို့ ဧရိယာပေါင်းများစွာ လုပ်တယ်။ ဗီယက်နမ်နဲ့စာရင် နှစ်ဆစိုက်ပျိုးပါတယ်။ စားသုံးတဲ့လူဦးရေ ဆိုလို့ရှိရင် ဗီယက်နမ်က ကျွန်တော်တို့ထက် လူဦးရေနှစ်ဆပိုများပါတယ်။ ဒီနေ့မြန်မာနိုင်ငံကို ကြည့်လို့ရှိရင် ဗီယက်နမ်နဲ့ မြန်မာနိုင်ငံနှိုင်းယှဉ်မယ်ဆိုရင် ဗီယက်နမ်ဟာ ဆန်စပါး(၉)သန်း လောက်ပို့တဲ့အချိန်မှာ ကျွန်တော်တို့မြန်မာနိုင်ငံ(၅)သိန်းတောင်မပို့နိုင်တဲ့ အနေအထားမျိုး ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အဓိကကျွန်တော်တင်ပြလိုတာက စိုက်ဧကတွေဖောင်းပွနေတာ တွေ၊ နောက်တစ်ခါ အထွက်နှုန်းတွေ ဖောင်းပွနေတာတွေ၊ နောက်တကယ်တမ်းကျတော့ တကယ်မစိုက်တာတွေ အများကြီးရှိတယ်။ ကျွန်တော်ကိုယ်တိုင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း သုံးမြို့နယ်ရွာပေါင်း(၄၉၀)ရွာကို သွားကြည့်တဲ့အချိန်မှာ တစ်သီးပဲ စားတာ တွေ့ပါတယ်။ တစ်သီးတောင်မှအနိုင်နိုင် ခတ်မေပြဿဇာမတတ်နိုင်လို့ ။ ကဲတြဲ အဆင့်ပဲရှိပြီးတော့ (၁)ဧကကို ၃၀၊ ၄၀၊ ၅၀ လောက်ထွက်ရင် စားလို့လောက်ပါပြီဆိုတဲ့ ပုံစံနဲ့ စိုက်နေတာတွေ တော်တော် များများရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ တစ်ဖက်ကနေပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်တဲ့အချိန်မှာ တစ်ဖက်ကနေပြီးတော့ စက်မှုဇုန်တွေ ထူထောင်သွားဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒီနေ့ (၁၂)ရာခိုင်နှုန်းနဲ့ (၁၄) ရာခိုင်နှုန်း အတွင်းမှာရှိပါတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေ အကုန်ပြန်ကြည့်မယ်ဆိုရင်တော့ (၄၀) ရာခိုင်နှုန်း

အထက် စက်မှုကဏ္ဍရှိဖို့လို ပါတယ်။ နောက် Capital City လို့ခေါ်တဲ့ စီးပွားရေးမြို့တော်တွေ ဆိုလို့ရှိရင် နိုင်ငံတိုင်းမှာ ပန်းကြည့်ရင် (၁၀)သန်းအထက် လူဦးရေနေပြီးတော့ ရန်ကုန်မြို့မှာ ဆိုရင် (၅)သန်းပတ်ဝန်းကျင် လောက်ပဲ နေတဲ့အနေအထားမျိုးရှိတော့ မလွဲမသွေ နိုင်ငံတော် တိုးတက်ဖို့အတွက်ကို ဒီလယ်ယာ မြေတွေ၊ မြေလွတ်မြေရိုင်းတွေ အဲဒါတွေနဲ့ပဲ တိုင်းပြည် ထူထောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီအဆိုအပေါ်မှာ အရေးကြီးတယ်လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ အနေအထားကတော့ ပြီးခဲ့တဲ့အခြေအနေတွေရော လက်ရှိအခြေအနေတွေရော ဟုတ်ဟုတ် မဟုတ်ဟုတ် လယ်သမားကမအော်ရင်လည်း ဘေးက နိုင်ငံရေးလုပ်နေတဲ့လူတွေက လိုက်အော် ခိုင်းပြီးတော့ နိုင်ငံတော် သွားနေတဲ့ လမ်းကြောင်းပေါ် မှာ အနှောင့်အယှက်ဖြစ်အောင်လို့ အော်နေ တဲ့ပုံစံမျိုးဖြစ်တယ်ဆိုပြီး ကျွန်တော်ယူဆပါတယ်။ ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ ကျွန်တော် တင်ပြလိုက်လို့ရှိရင် ကျွန်တော့်မင်္ဂလာဒုံဥယျာဉ် မြို့တော်ကြီးဆိုလို့ရှိရင် ဒါလွန်ခဲ့တဲ့ ၁၉၉၇ ခုနှစ် ထဲက စပါတယ်။ အဲဒီမြေကကို နိုင်ငံတော်ကနေပြီးတော့ ၉၀ ခုနှစ်ကတည်းက ဒါကြီးဟာ စပါးစိုက်လို့မကောင်းတဲ့ဧရိယာဆိုပြီး သိမ်းထားတဲ့ဧရိယာ အဲဒီနေရာကို နိုင်ငံတော်ကနေပြီးတော့ ဒါဖွံ့ဖြိုးတိုးတက်ရေး လုပ်ဖို့ အတွက်ကို Developer တွေ အများကြီးရှာတာ လေး၊ ငါး ၊ ရှစ်ယောက်လောက် ရှာတာ ဘယ်သူမှလုပ်တဲ့လူမရှိတဲ့အတွက်ကြောင့် ၁၉၉၇ ခုနှစ်မှာ ကျွန်တော်နဲ့တွေ့ပြီး ကျွန်တော် လုပ်ကိုင်ခွင့်ရခြင်း ဖြစ်ပါတယ်။ အဲဒီ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာမှ ကျွန်တော့်ဧရိယာထဲကို မွန်ပြည်နယ်ကနေပြီးတော့ တစ်ယောက်စ နှစ်ယောက်စလာ တခြားနေရာမှာကတော့ စပါးစိုက်လို့ကောင်းတယ်။ နောက်တစ်ခါ လုပ်လက်ဖြစ်တော့ ဈေးက(၁)သိန်းစ (၂)သိန်းစ ပေးရပေမယ့် ကျွန်တော့်ဧရိယာမှာက (၁)သောင်း(၂)သောင်းနှုန်းလောက်နဲ့ဝယ် ဝယ်ပြီး လာလုပ်ကတြယ်။ လုပ်ရင်းလုပ်ရင်းနဲ့ ဒီနေရာမှာ ဈေးသက်သာတယ် ဆိုပြီးတော့ မွန်ပြည်နယ်က တော်တော်များများဟာ ပြောင်းရွှေ့လာတဲ့ အနေအထားမျိုးရှိတယ်။ အဲဒီတော့ တစ်ဖက်ကလည်း ကျွန်တော်တို့ Project လုပ်တဲ့အချိန်မှာ စီမံကိန်းနဲ့လုပ်ရင်းလုပ်ရင်းနဲ့ နောက်ဆုံး အဲဒီ စီမံကိန်းကို လွန်ခဲ့တဲ့ (၂)နှစ်လောက်က စလုပ်တဲ့အချိန်မှာ ပြီးခဲ့တဲ့ ၁၉၉၈ ခုနှစ် လောက်တုန်းကတော့ ဒီမြေဆိုတာက နိုင်ငံတော်ကပဲ လုပ်ပိုင်ခွင့်ရှိပါတယ်။ ပုဂ္ဂလိက လုပ်ပိုင်ခွင့်မရှိပါဘူး။ ကျွန်တော်တို့က နိုင်ငံတော်နဲ့စာချုပ် ချုပ်ရပါတယ်။ အဲဒီတော့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ သူ့ရဲ့စီမံခန့်ခွဲရေးကော်မတီရဲ့ ခွင့်ပြုချက်နဲ့

ကျွန်တော်တို့လုပ်ရခြင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ လွန်ခဲ့တဲ့ (၁၄)နှစ် (၁၅)နှစ်တုန်းကတော့ နိုင်ငံတော်ကနေပြီးတော့ ဒါဥပဒေအရလည်း ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ပန်းပြီးလုပ်မယ် ဆိုလို့ရှိရင် သူ့ရဲ့အခွန်ရဲ့ အဆ(၂၀)ငွေလေး ထောင်ဂဏန်းပေးရမယ့်အစားကို နိုင်ငံတော်က နေပြီး (၁)ဧကကို (၁၀၀၀၀)နှုန်းနဲ့ ပေးလျော်သွားခဲ့ဖူးတယ်။ အဲဒီတုန်းက အတွင်းရေးမှူး (၂)ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ၊တင်ဦး ကိုယ်တိုင်လာပြီးတော့ ပေးလျော်ပြီးတော့ ကျန်တဲ့ Portion လေးတွေကိုတော့ လွန်ခဲ့တဲ့ (၂)နှစ်ကစပြီးတော့ ဒါနိုင်ငံတော်က မေပြလည်းဖြစ်တယ်။ ဒါလယ်သမားတွေနဲ့ ပန်းညှိနှိုင်းတယ်။ ညှိနှိုင်းတဲ့အချိန်မှာ လယ်သမားတွေကနေပြီးတော့ ပထမ တစ်ယောက်က (၁)သိန်းတောင်းတယ်။ သူတို့ရဲ့ ပေါက်ဈေးဟာ သောင်းဂဏန်းပဲရှိသော ကြောင့် (၂)သိန်းတောင်းတယ်။ နောက်ဆုံးတစ်ယောက်ကတော့ (၃)သိန်းလောက်ပေးရင်တော့ လမ်းဘေးမှာ ဝယ်လို့ရပါတယ်ဆိုပြီးတော့ ဒါသူပြောတဲ့အတွက်ကြောင့် ဒါ ကျွန်တော်ပြောခြင်း ဆိုတာကလည်း နမူနာလေး တစ်ခုပြောတာပါ။ အဲဒါဆိုလို့ရှိရင် အားလုံး တညီတညွတ် တည်းရှိတဲ့ လယ်သမားအကုန်လုံး (၁)ဧက (၃)သိန်းနဲ့ယူ ခင်ဗျားတို့ လယ်မေပြကို ပန်းဝယ်က ဆိုပြီးတော့ (၃)သိန်းထုတ်ပေးပြီးတော့ သူတို့ဆီကနေပြီးတော့ စာချုပ်စာတမ်းနှင့်တကွ ဒါကိုခရိုင်ပါ တယ်၊ မြို့နယ်ပါတယ်၊ ရပ်ကွက်ပါတယ်။ လယ်သမားခေါင်းဆောင်တွေ လက်မှတ် တင် မဟုတ်ဘူး။ လက်မပါနှိပ်ပြီးတော့ လွှဲယူပြီးတော့ သွားဝယ်ခိုင်းတယ်။ ရုံးမှာထမင်းလည်း ကျွေးတယ်။ ပြီးတော့ ကျေးဇူးတင်လွန်းလို့ဆိုပြီးတော့ ကျွန်တော့်ကိုတောင် ထိုင်ကန်တော့သွားတဲ့ အနေအထားမျိုးရှိပါတယ်။ ပြီးတော့မှ အဲဒီမေပြလည်း သူတို့မပိုင်ဘူးဆိုတာလည်း သိတဲ့အတွက်ကြောင့် ထွက်သွားပြီးတော့မှ ဘေးကနေပြီးတော့ ပယောဂဝင်လာတယ်။ လယ်သမားတွေကို မြှောက်ပေး တယ်။ ဒီနေရာမှာ သိန်း(၂၀)(၃၀)ပေးမယ်ဆိုပြီးတော့မှ ထောက်ပံ့တယ်။ တကယ်တော့ ကျွန်တော်ကိုယ်တိုင် လယ်စိုက်ကြည့်ပါတယ်။ နွားအကောင်(၂၀)လောက် ဝယ်ပြီးတော့ စိုက်တဲ့ အချိန်မှာ (၂)နှစ် လောက်စိုက်တဲ့အချိန်မှာ (၂၀)လုံးကုန်သွားတယ်။ နွားပပြတ်ကုန်းခေါ် ပါတယ်။

အောက်မှာလည်း ဂဝံမြေဖြစ်တဲ့အတွက်ကြောင့် စိုက်လို့ဘယ်လိုမှမရဘူး။ (၃၀)(၄၀)တောင် မနည်းထွက်ရတယ်။ အဲဒီတော့ စပါး(၅၀)ထွက်ရင်တောင်မှ စပါးတစ်ရာကို (၄)သိန်း၊ (၄)သိန်းနဲ့ (၂)သိန်းပဲ တစ်နှစ်ကိုရတယ်။ နွေမှာလည်း စိုက်လို့မရပါဘူး။ မိုးတွင်းတစ်နှစ်ကို (၂)သိန်း၊ (၁၀)နှစ်စိုက်မှ အရင်းမပါသိန်း(၂၀)လောက် ရမယ့်မေပြကို ဘယ်သူက သိန်း(၃၀)ပေးမှာလည်း၊

အဲဒါကြီးကို ဘေးကနေဆွဲပြီးတော့မှ သိန်း(၃၀)၊(၄၀)လောက်တန်ပါတယ် ဆိုတဲ့ပုံစံနဲ့ဆွဲတယ်။ နောက် ကျွန်တော်ကလည်း ပေးကတည်းကိုက တစ်ဖက်ကနေပြီး သက်သေ ခုနှစ်ယောက်လောက် ထိုးတဲ့အပြင်ကို အပွင့်လင်းဆုံးပြောလို့ရှိရင်တော့ သီးစားပါသူတို့က မစိုက်ချင်တော့ပါဘူး၊ တစ်နေရာမှာ ဝယ်ပြီးသားဖြစ်တဲ့အတွက်ကြောင့် သီးစားပါလွှဲယူတဲ့အတွက်ကြောင့် ဒီနေ့သီးစား အရ စိုက်နေတဲ့အနေအထားမှာမှ ပြဿနာက စတက်လာတယ်။ အဓိကပြောရလို့ ရှိရင်တော့ နိုင်ငံရေးပယောဂဝင်ပူးတယ်။ တစ်ဖက်ကလည်း လွှတ်တော်ကိုယ်စားလှယ် ဖစ်ြတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရလည်း ပါဝင်နေတဲ့အတွက်ကြောင့် ဝင်ပူးပြီးတော့ တိုင်လိုက်တာမှ မိုးမွှန် အောင် တော်တော်လေး လိုက်တိုင်တဲ့အချိန်မှာ ကျွန်တော်တို့မှာ ဖြေရှင်းခွင့်မရှိဘူး။ မတရား လုပ်ပါတယ်။ ဥပမာ ဒါကြီးကို ကျွန်တော်တို့အနေနဲ့ စာချုပ်မှာထည့်ပါတယ်။ အရောင်းအဝယ် လုပ်လို့မရအောင် လယ်မြေကို ဂရန်ကာကေးပြေးတယ်ဆိုတာ ဒါ အရောင်း အဝယ်မဟုတ်ပါဘူး။ ပိုက်ဆံပန်ပြေးပေးပါ့မယ်ဆိုတဲ့ ပုံစံမျိုးတွေ ဂရန်ကာကေးကို နောက်တစ်ခုက တော်တော်များများပါ၊ လယ်သမားတွေက တစ်ချို့လည်း အင်မတန်ရိုးသားကပါတယ်။ ပညာရေးအရ၊ လူမှုရေးအရ တော်တော်လေးနိမ့်ကျပါတယ်။ တစ်ချို့ကလည်း လယ်သမားကို ဦးဆောင်ပြီးတော့ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ တစ်ဇွတ်ထိုး အနေနဲ့သွားနေတဲ့ အနေအထားမျိုး ရှိတယ်။ အဲဒါနဲ့ ပတ်သက်လို့လည်း အကိမ်ပြေါင်းများစွာ ကျွန်တော်တို့က ရှင်းပြီးသားဖစ်ြတယ်။ ဘာကြောင့်လည်းဆို ဒီမပြော ဇေကမ္ဘာကဝယ်တာလည်း မဟုတ်ပါဘူး။ ဇေကမ္ဘာဝယ်တယ် ပြောကတည်းကိုက ကျွန်တော်ရဲ့ မိဘကလည်း လယ်သမားဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်က ပန်ပြီးယူမယ်ဆိုရင် (၁၀၀၀၀) ပေးရင် ခင်ဗျားတို့နစ်နာမယ်၊ ခင်ဗျားတို့ ပန်ဝယ်ကပါဆို၊ အဲဒီကာလတုန်းက (၃)သိန်းဆို ပန်ဝယ်လို့ ရပေမယ့် ဒီနေ့ဈေးတက်သွားလို့ဆိုပြီးတော့ ပန်တောင်းတဲ့အနေအထားမျိုးနဲ့ ကျွန်တော့်မှာ

ရင်ဆိုင်နေရပါတယ်။ အဲဒါကိုလည်း တစ်ခါတည်း မီဒီယာတော်တော်များများ၊ မီဒီယာကနေ ဝိုင်းထိုးနှက်ကတြယ်။ နိုင်ငံတော်ကိုလည်း ပန်ဖြေရှင်းခွင့်မရဘူး။ တကယ်လို့ ကိုယ်ရဲ့သိက္ခာအရ တရားစွဲမယ်ဆိုရင်လည်း နိုင်ငံတော်ပုံစံမျိုးပါပဲ၊ မှန်နေတဲ့အခါကျတော့ တရားစွဲရင်လည်း လယ်သမားကို တရားစွဲပန်ပြီး ထောင်ကျပန်ပြီဆိုတဲ့၊ ပြဿနာတွေ အများကြီးရှိခဲ့ပါတယ်။ ထိုနည်းလည်းကောင်းပဲ ကျိုက်မရော ပြဿနာဆိုလည်း မီဒီယာမှာ တွေ့ရပါတယ်။ ဒီနေ့ မီဒီယာတွေကလည်း အကိြုက် လယ်သမားတွေ မျှောကြက်ပေးနေတယ်၊ ဥပမာ DVB ကဆို

ဦးနေဇော်နိုင် တို့လို၊ BBC, VOA, RFA တွေ အခန်းတံခါးဖွင့်ထားတယ်။ မကျေနပ်တဲ့လူတွေ တိုင်ချင်တဲ့လူတွေ ဟာသလေးနှောနှော၊ နှောနှောပြီးတော့ ပြောနေတဲ့အတွက်ကြောင့် အဲဒါကြီး ကို အဟုတ်မှတ်ပြီးတော့ လယ်သမားတွေကအစ ဘာပဲဖြစ်ဖြစ်လွန်ခဲ့တဲ့(၁၀)နှစ်၊ အနှစ်(၂၀)က ပြဿနာတွေ လူ(၁၀၀)ကျေနပ်ပြီးတော့ တစ်ယောက်လောက်က မြောက်ထိုးပင့်ကော်ပြီးတော့ ပြောတဲ့စကားသံတွေနဲ့ တိုင်းပြည်ကို တစ်ဖက်ကနေပြီးတော့ နှောင့်ယှက်နေတယ်၊ ဖျက်ဆီးနေ တာကိုလည်း အများကြီးရှိနေတဲ့ အနေအထားမျိုးတွေ အများကြီးရှိတယ်။ နောက် Case တစ်ခုကတော့ ကျိုက်မရောက ဘိလပ်မြေစက်ရုံပါ၊ ကျွန်တော်အနေနဲ့က ဒီနေ့စီးပွားရေးအရ အနိုင်ပိုင်းလို့ရပေမယ့် ကျွန်တော်တို့ တာဝန်ကျေမှာမို့ ၊ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ လွှတ်တော်ထဲ ဝင်လာပြီးတော့ ကျွန်တော့်ရှိတဲ့ပညာနဲ့၊ ကျွန်တော့်ရှိတဲ့စည်းစိမ်နဲ့ ကျွန်တော် လာဝင်လုပ်ခြင်း ဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းပဲ ကျိုက်မရောမှာ ဘိလပ်မြေစက်ရုံ လုပ်တယ် ဆိုတာလည်း မွန်ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို၊ ဒါဘိလပ်မြေနဲ့ပတ်သက်လို့ ကျွန်တော် တင်ပြဘူးပါတယ်။ နိုင်ငံတကာက ဝယ်နေရတယ်၊ နိုင်ငံတကာမှာ(၁)တန်မှ (၄၀)၊ မြန်မာပြည်မှာ (၁၀၀)ကျော်တယ်၊ ကိုယ့်ဆီမှာ ဒီလောက်(Limestone) တွေရှိရဲ့သားနဲ့ ဒါကြောင့် ဘိလပ်မြေ စက်ရုံသွားလုပ်တယ်၊ လုပ်တဲ့အတွက်ကို သန်း(၂၀၀)လောက်ကုန်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ စားဖို့လည်းမပူရပါဘူး။ အဲဒီလိုလုပ်တဲ့အတွက် ကျွန်တော်တို့ဆီမှာ အပူလည်း ကြီးပြါတယ်။ လုပ်ဖို့ကိုင်ဖို့ဟာလည်း အခက်အခဲတွေအများကြီး ရှိပါတယ်။ လုပ်တဲ့အချိန်မှာ လယ်သမား၊ ပထမ ဦးဆုံးမသွားခင်သွားပြီးဆိုကတည်းကိုက အဲဒီရွာမှာရှိတဲ့ လယ်သမားတွေနဲ့ ညှိလိုက်တယ်၊ ညှိတဲ့အချိန်မှာ လယ်သမားတစ်ယောက်က (၁)သိန်း၊ တစ်ယောက်က (၃)သိန်း၊ အဲဒီနေရာက လည်း စိုက်လို့မရဘူးဆိုတာက မြေကြီး(၁၀)ပေကျော်ကျော်လောက်ရေ မိုးတွင်းမှာ ပြည့်နေတယ်။ ကျွန်တော်စက်ရုံလုပ်တာတောင်မှ (၁၅)ပေလောက်ဖို့ရမယ့် နေရာမျိုး ဖြစ်တယ်။ မိုးတွင်းဘယ်လိုမှ စိုက်လို့မရဘူး။ လယ်သမားတွေ ညှိတဲ့အချိန်မှာ နောက်ဆုံးအားလုံးရဲ့ သဘောတူညီချက်အရ (၃)သိန်းခွဲပေးပါဆိုတဲ့အချိန်မှာ ဒါဆိုလည်း(၃)သိန်းခွဲပေးမယ်။ ဘာလဲဆိုတော့ တောင်ခြေမှာ ဘိလပ်မြေစက်ရုံလုပ်ဖို့ ထုံးကျောက်ဖြိုလိုက်တာနဲ့ အဲဒီ လယ်တွေကဖုံးသွားမယ်။ ဒါဆိုရင် လည်း (၃)သိန်းခွဲပေးမယ်ဆိုပြီးတော့ သွားပြီးတော့ ငွေထုပ် ပိုက်ပြီးသွားရှင်းတဲ့ အချိန်ကျတော့မှ အဲဒီ ရ.ဝ.တ ဥက္ကဋ္ဌအသစ်ကို အဟောင်းက မကျေနပ်လို့

ဆိုတဲ့ပုံစံနဲ့ လူ(၂၀)လောက်ကို ဆွဲထုတ် သွားပြီးတော့ ပိုက်ဆံယူကာနီးကျမှ မယူနဲ့ဆိုပြီး ဆွဲထုတ်ပြီးတော့မှ ခုနပြောတဲ့ BBC, VOA, DVB အားကိုးပြီး အဲဒီကနေအော်လိုက်တယ်။ အော်တယ်။ ဒါကြီးကို သူတို့မကျေနပ်ဘူး။ မတရားသဖြင့်သိမ်းတယ်။ သိမ်းတာမဟုတ်ပါဘူး။ အကုန် ညီညွတ်ပြီး စိုက်လို့မရတဲ့ လယ်ကို သူတို့ ကျေနပ်တဲ့နှုန်းနဲ့ သွားပေးပြီးတော့မှ လူပေါင်း(၈၀)ကျော်က (၃)သိန်းခွဲနဲ့ ထုတ်ပြီးတော့မှ လူ(၂၀)လောက်ကို ပြဿနာလုပ်တဲ့လူက သိန်း(၂၀)ရမှ(၃၀)ရမှဆိုတဲ့ အကပြက်ကိုင်မှုတွေ ကျွန်တော့်မှာအများကြီးရှိခဲ့တယ်။ အဲဒါကို လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားကြည့်ပါ။ လာပြီးတော့ ကျေကျေနပ်နပ်နဲ့ အကုန်လုံး လာထုတ်ပြီးတော့မှ (၂၀)လောက်က ဒီကနေ ထွက်သွားပြီးတော့မှ တခြားလူ(၃)သိန်းခွဲပြီးတော့မှ (၂၀)လောက်က သိန်း(၂၀) လောက်လို ချင်ပါတယ်ဆိုတော့ ပေးသင့်/မပေးသင့်။ ခုန ကျွန်တော် ပြောသလိုပဲ ကျွန်တော်မ်ဂလာဒုံမှာ ကျေနပ်ပြီးလက်မှတ်တွေ အကုန်ထိုးသွားတယ်။ သီးစားတွေ ကအစ အကုန်လွှဲသွားတယ်။လွှဲသွားပြီးတော့မှတစ်ဖက်ကနေပြီး ဒီမေကြာခင်ဗျားတို့ ဒီလောက်ဆို နစ်နာတာပေါ့။ တကယ်တော့ ကျွန်တော်လုပ်တာ မဟုတ်ပါဘူး။ နိုင်ငံတော်ကလုပ်တာ။ နိုင်ငံတော်က လုပ်ရင် နစ်နာမှာစိုးလို့ Develop လုပ်တယ်ဆိုတာ ကျွန်တော်တို့နဲ့ မေရွှေမဆိုင်ဘူး လို့ သေချာပြောပြတယ်။ နိုင်ငံတော် ကမြေဖို့က ကျွန်တော်တို့က ငွေစိုက်၊ ပြီးတော့မှ (Joint) လုပ်ကတြယ်။ ဒါကလည်း နိုင်ငံတော်က စေတနာ၊ အဲဒါကြီးကို ရှေ့နေတွေက ဘယ်လိုနည်းနဲ့ ဖန်တီးသလဲဆိုတော့ ကုမ္ပဏီကသိမ်းတယ်။ ဇေကမ္ဘာကသိမ်းတယ်။ ဇေကမ္ဘာကသိမ်းတာ မဟုတ်ပါဘူး။ နိုင်ငံတော်ကသိမ်းတာ၊ ဇေကမ္ဘာက ကြည့်မကောင်းလို့ ဇေကမ္ဘာလုပ်မယ့် လုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် လယ်သမားတွေနစ်နာမှာစိုးလို့ လယ်ဝယ်ပါဆိုပြီးတော့ ဝင်ပြီး ပိုက်ဆံပေးတဲ့အဆင့် ပဲရှိပါတယ်။ နိုင်ငံတော်ကသိမ်းတယ်။ နိုင်ငံတော်က လန-၃၉ ထုတ်တယ်။ ပြီးတော့မှ ကျွန်တော်တို့လက်ထဲထည့်အပ်ပြီး ကျွန်တော်တို့နဲ့ Joint ရတဲ့ အနေအထား မျိုးရှိပါတယ်။ ဒီနေ့နိုင်ငံရေးမျက်နှာစာမှာ ဇေကမ္ဘာကလယ်မြေတွေ သိမ်းပြီးတော့ စက်မှုဇုံ တည်ထောင်ပါတယ်လို့ မတရားအော်နေကတြယ်။ ဇေကမ္ဘာနဲ့လည်း မဆိုင်ပါဘူး။ နိုင်ငံတော်နဲ့ပဲ ဆိုင်ပါတယ်။ ဇေကမ္ဘာက လယ်သမားတွေ နစ်နာမှာစိုးလို့ လှုတောင်လှုနေရတယ်။ သိန်းနဲ့သောင်းနဲ့ချီပြီးတော့ ခင်ဗျားတို့ လယ်တွေသွားဝယ်ပါဆိုပြီး စေတနာနဲ့ဝင်ပြီးတော့ ပိုက်ဆံထုတ်လိုက်မိပါမှ ရှေ့နေတွေက လယ်သမားတွေကို မြှောက်ပေးတယ်။ ဒါ ဇေကမ္ဘာ လုပ်တာ မဟုတ်ဘူး။ ပြောတာလည်း အကိမ်မြောက်ပေါင်းများစွာ ပြောတယ်။ မရဘူး။ ဇေကမ္ဘာကိုပဲ

ပြဿနာ ရှာတယ်။ တကယ်တော့ နိုင်ငံတော်နဲ့ပဲဆိုင်ပါတယ်။ ပြောလို့လည်းမရပါဘူး။ နောက် ဒါနဲ့ ပတ်သက်လို့လည်း ကျေကျေနပ်နပ်လက်ဗွေနှိပ်တယ်။ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အကုန်လုံးရဲ့ ရှေ့မှာ လက်မှတ်ထိုးတယ်။ ပိုက်ဆံတွေထုတ်တယ်။ ပြီးတော့မှ လယ်တွေဝယ်ပြီးတော့မှ ပြန်လုပ်တဲ့ ပြဿနာတွေ ဖြစ်တယ်။ နောက် ကျိုက်မရောလို ကိစ္စမျိုးမှာလည်း ရွာတွေကို ကျွန်တော် သေချာ ရှင်းပြပါတယ်။ ဒီမှာ ဘိလပ်မြေစက်ရုံဖြစ်တဲ့အတွက်ကြောင့် လယ်တွေပါသွားတဲ့သူတွေ အရင်ဆုံး အလုပ်လုပ်ကပါ။ ခင်ဗျားတို့ရွာတွေမှာ ဆေးပေးခန်းတွေ၊ ကျောင်းတွေ အကုန်ဆောက်ပေး မယ်။ ကျွန်တော် ရောက်တဲ့နေရာ မွန်ပြည်နယ်မှာ ယောက်ျား မရှိတော့ပါဘူး။ ယောက်ျားတွေ အကုန်ဟာ ထိုင်းနိုင်ငံဘက်သွားပြီး အလုပ်လုပ်နေကတြော မိန်းမတွေနဲ့ပဲ တွေ့ရပါတယ်။ ဒါကြောင့် ခင်ဗျားတို့ပြန်လာပြီး လူ(၃၀၀၀)ကျွန်တော်တို့ ဒီမှာ အလုပ်ပေးပါမယ်။ ဒီလိုပဲ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးခြင်းနဲ့ပဲ တိုင်းပြည်ထူထောင်မှာလား။ ကျွန်တော်တို့ အဘိုး လက်ထက်က အဘိုးပိုင်လယ် (၁၀)ဧက ပိုင်ပါတယ်။ ကလေး(၅)ယောက် မွေးလိုက်တယ်။ အမွေခွဲတယ် တစ်ယောက်(၂)ဧက။ တစ်ခါ ကျွန်တော်တို့ အဖေလက်ထက်မှာ နောက်ထပ် ညီအစ်ကို (၅)ယောက်၊ ကလေး(၅)ယောက် ထပ်မွေးတယ်။ ဘယ်လိုလုပ် လယ်စိုက်လို့ရမှာလဲ။ တကယ်လို့ လယ်(၁၀)ဧကကိုစိုက်လို့ မိသားစုတစ်စု စားလို့ရပေမယ့် စက်မှုဇုံတည်ထောင် လိုက်တယ်ဆိုရင် ဧက(၁)ဧကပေါ်မှာ လူထောင်နဲ့ချီပြီး အလုပ်ရက[ ပါတယ်။ ဒါကြောင့် ဒီနေ့ နိုင်ငံတော်သွားရမယ့်နေရာ အနေအထားက စက်မှုဇုံတွေရော၊ ရန်ကုန်မှာဆိုလည်း အိမ်တွေ ရော၊ ရေနက် ဆိပ်ကမ်းတွေရော အဲဒီလိုမှမသွားရင် ကျွန်တော်တို့ ဒီအတိုင်းပဲ ဖုတ်လှိုက် ဖုတ်လှိုက် နေကမလား။ ပြန်ပြီးမေးစရာတွေ အများကြီးရှိပါတယ်။ အဲတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ အပတ်က ကျွန်တော်တို့ ဘန်ကောက်ကနေ ဖတြ်သွားတယ်။ လေယာဉ်ပျံ အသစ်ဆောက်တယ်။ လေယာဉ်ပျံကွင်း အသစ်ဆိုတာကလည်း လယ်ကွင်းတွေမှာ လုပ်ရတယ်။ ဆောက်ပြီးသွား စတုန်းက အောက်မှာလယ်ကွင်းတွေချည်းပဲ။ ဒါပြီးခဲ့တဲ့နေ့က ကျွန်တော်တို့သွားတဲ့အချိန်မှာ အောက်မှာ မြို့တွေ ဖြစ်ကုန်ပြီ၊ စက်ရုံတွေ ဖြစ်ကုန်ပြီ၊ ဒီလိုသာ လယ်သမားတွေ အော်တိုင်း

ဘယ်သူမှမလုပ်ကဘြူးဆိုလို့ရှိရင် စက်ရုံတွေ လည်းဖြစ်မှာ မဟုတ်ပါဘူး။ အိမ်တွေလည်း ဖြစ်မှာ မဟုတ်ဘူး။ လက်ရှိအနေအထားအရ ဒီအဆိုကို ကျွန်တော်ပြန်ပြီးဖွင့်ရလျှင် လယ်ယာမြေ[ သိမ်းဆည်းမှု၊ သိမ်းတယ်ဆိုတာကလည်း နိုင်ငံတော်မှာ အတိအကျပြဌာန်းထားတဲ့ ဒါ နိုင်ငံတော်

သမ္မတ၊ သမ္မတဆိုတာက ဆင့်ကဲဆင့်ကဲ တာဝန်ယူပြီးလိုက်လို့ရှိရင် ဒါဝန်ကြီးဌာနက ခွင့်ပြုပြီး ရင် ဒါသမ္မတကိုယ်စား လုပ်သွားတဲ့ အတွက်ကြောင့် ဒါသိမ်းပြီးပြီ။ အားလုံးဟာ ပေပြည်အောင် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိသော ပေပြည်ပြီးတဲ့ကိစ္စတွေ၊ ကျွန်တော့်လုပ်ငန်း ဆိုလို့ရှိရင်လည်း နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တုန်းက အတွင်းရေးမှူး(၁) ကနေ လက်မှတ်ရေးထိုးပြီးတော့ ခွင့်ပြုချက်၊ နောက်အရင်အစိုးရ လက်ထက်တုန်းက ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်၊ နောက်ကဘြဲထဲကနေ လယ်သမားတွေနစ်နာမှာစိုးလို့ ကျွန်တော်ကဘြဲထဲကနေဝင်ပြီး လျှော်တောင် လျှော်ရသေးတယ်။ ခင်ဗျားတို့လယ်တွေ ပြန်ပြီး ဝယ်ကပြါဆိုပြီးတော့ ကဘြဲထဲက ပိုက်ဆံထုတ်ပေး လိုက်တဲ့ကျေးဇူးကိုမှ မထောက်ပဲနဲ့ ခုန တုန်းက လယ်ယာလုပ်တဲ့ လယ်သမားတချို့က ရိုးသားကပြါတယ်။ Project ကလည်းပြီးနေပါပြီ လမ်းတွေလည်းခင်းပြီးပါပြီ ရောင်းတာလည်းရောင်းပြီးပါပြီ၊ ဒီကနေ့ ကျွန်တော် အဲဒါကြီးကို ဘယ်လိုလုပ် သူတို့လယ်စိုက်ဖို့အတွက် ဘယ်လိုပြန်ပေးလို့ရမှာလဲ၊ နိုင်ငံတော်က ခွင့်ပြုထားတဲ့ ကိစ္စဖြစ်တယ်။ ကဘြဲက စေတနာနဲ့ဝင်လုပ်မှ ဇေကမ္ဘာက လယ်မြေ သိမ်းပါတယ်။ ဇေကမ္ဘာ သိမ်းတာမဟုတ်ပါဘူး။ တစ်ခုမှ မသိမ်းပါဘူး။ ဇေကမ္ဘာက နိုင်ငံတော်က လုပ်တာကို ဇေကမ္ဘာက စေတနာနဲ့ သွားခြင်းဖြစ်ပါတယ်။ နောက်အမှုအခင်းများစွာ ရှိပါသဖြင့် ဆိုတာ တရားရုံးကတချို့တွေဆို အနိုင်ပေးထား တာတွေလည်း အများကြီးရှိပြီးပြီ၊ အဲဒါတွေလည်း အခုပြန်လျှော်လှန်တာတွေ အများကြီးရှိပါတယ်။ စောစောက Case ဆိုရင်လည်း ကျွန်တော် စဉ်းစား လိုက်မိတယ်။ တပ်မြေတြာစ်မြေ သိမ်းမယ်ဆို ဧက(၁၀၀)သိမ်းလိုက်တယ်။ တပ်ဆောက်တာက တော့ (၁၀)ဧက၊ ဧက(၂၀) ဆောက်တယ် ဒါပေမယ့် ဝင်းခတ်လိုက်တယ်။ တပ်မြေထဲမှာရှိတဲ့ လယ်မြေကို လယ်သမားတွေကို ပြန်ပေးမလား။ ဒါမှမဟုတ် သူတို့စိုက်မလား။ စိုက်ဖို့ရာကလည်း တပ်မတော်မှာ စိုက်ဖို့အခက်အခဲရှိတဲ့အတွက်ကြောင့် ဒါသီးစားအနေနဲ့ပေးပြီးတော့ ပြန်စိုက်တဲ့ အနေထားမျိုးပဲ သွားရှိတယ်။ ဒါလည်း နှစ်(၂၀)၊ (၃၀)ကပြီးသွားတဲ့ကိစ္စမျိုးတွေ ဖြစ်သွားတယ် လို့ သုံးသပ်မိတဲ့အနေအထားမျိုးရှိတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ဒီနောက်ဆုံးပိုဒ်က

အလွန်အရေးကြီးတာယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင် ရွက်ပေးနိုင်ရန်ဆိုတဲ့အချက်က အလွန်အရေးကြီးပါတယ်။ ဘာ့ကြောင့်ဆိုတော့ ဒီနေ့လယ်သမား တွေ အော်နေတဲ့အချိန်မှာကျွန်တော်တို့ ဒီမိုကရေစီဆိုပြီးတော့ဘယ်သူမှမကိုင်ရဲကဘြူး။ ရပ်ရွာက လည်း မကိုင်ရဲဘူး။ တိုင်းက လည်းမကိုင်ရဲဘူး။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီနေ့အထိ ဝင်

မကိုင်ရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ အော်သံကို ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ဒီအော်သံကို ထိန်းဖို့ ဘယ်သူတာဝန်ယူသလဲဆိုတော့ မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဒါကြီးကို နိုင်ငံတော်အစိုးရအနေနဲ့ ဒါမှမဟုတ် လွှတ်တော်အနေနဲ့ တစ်ဖွဲ့ဖွဲ့ပြီးတော့ မှန်ရင်လည်း မှန်တဲ့အလျှောက် လယ်သမားကိုပြန်ပေးဖို့လိုသလို မှားပြီဆိုရင်ခုလိုပေါ့ စာရွက်မှာတံဆိပ်ခေါင်းလေးကပ်၊ တိုင်ချင်ရာတိုင် DVB နဲ့ဗျူးလိုက် VOA ဗျူးလိုက် နိုင်ငံတော်ရဲ့သိက္ခာတွေဟာ အများကြီးကျနေတဲ့အနေအထားဖြစ်တဲ့အတွက်ကြောင့် အဲဒီလိုလုပ်စားနေတဲ့သူ အဲဒီလိုလုပ်အောင်လို့ အနောက်ကနေတိုက်တွန်းနေတဲ့ပုဂ္ဂိုလ်တွေကို ဘယ်လိုပုံစံမျိုးနဲ့ အရေးယူပေးမလဲဆိုတာတွေလည်း ပြန်ပြီးစဥ်းစားဖို့လိုတယ်။ တကယ်လို့အရေးမယူပဲနဲ့ တိုင်တဲ့လူတွေ တိုင်သလောက်ကို ထိုင်ကြည့်နေမယ်ဆိုရင်တော့ ကျွန်တော်တို့ နောက်သွားမယ့် စီးပွားရေး၊ ကျွန်တော်တို့ နိုင်ငံဟာ စီးပွားရေးနဲ့တက်ရတော့မယ့် အနေအထားတွေရှိတယ်။ ရှိတဲ့အချိန်မှာ မြို့ပြမြေတွလည်းမလုပ်ရဲ စက်မှုဇုံတွေလည်းမလုပ်ရဲ တိုင်းပြည်ထူထောင်တဲ့နေရာမှာလည်း ဒီမြေကလွဲလို့ ကျန်တဲ့နေရာ လယ်သမားတွေဟာ တစ်သီးကနေနှစ်သီး နှစ်သီးကနေသုံးသီး စိုက်ဖို့အရေးကြီးသလို ဒီလယ်မြေတွေမှာလည်းပဲ ဒိထက်ဒီ သူတို့စိုက်ဖို့အရေးကြီးပါတယ်။ တချို့လူတွေလည်း မြို့နဲ့နီးတဲ့ နေရာတွေလည်း မြို့ပြမြေတွလုပ်ဖို့ အရေးကြီးပါတယ်။ အဲဒါကို ကျွန်တော်တို့ ဒီတိုင်း သူတို့အော်တာကို ကျွန်တော်တို့ရဲ့နိုင်ငံရေးအရ ကျွန်တော်တို့ရဲ့ သိက္ခာကျမှာစိုးလို့ ထိုင်ကြည့် နေရင်၊ ဒါမှမဟုတ် အရေးမယူဘူးဆိုရင်တော့ ဒိထက်ဒီ ပိုဆိုးလာမယ့် အနေအထားရှိတဲ့ အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံတော်သွားမယ့် လမ်းကြောင်းကြီးအတွက် အနှောင့်အယှက်တွေ အများကြီးဖြစ်နေမယ့် အနေအထားမျိုးတွေရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ တစ်ဖက်ကနေပြီးတော့ ပြန်လည်ခုနအဆိုအပေါ်မှာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရ ကို ကျွန်တော်တို့ စနစ်တကျစိစစ်သည်ဆိုတဲ့ အဲဒီအပိုင်းတွေအပေါ်မှာ စိစစ်ပြီးတော့ တကယ်တမ်း လယ်သမားမှန်ရင် လယ်သမားပြန်ပေးပါ။ တကယ်လို့ လယ်သမားမမှန်ရင် လယ်သမားကို ဘယ်လိုအရေးယူမယ်ဆိုတဲ့ အရေးယူဖို့လည်း လိုအပ်သလို အခုလယ်သမားကို အနောက်ကနေပြီးတော့ နိုင်ငံရေးပါတီတချို့နဲ့ ရှေ့နေ့တချို့က ပြီးခဲ့တဲ့ ဥစ္စာတွေလိုက်ပြီးတော့ လိုက်လုပ်နေတော့ သွားမယ့်လမ်းကြောင်း၊ နိုင်ငံတော်သွားမယ့် အရေးကြီးတဲ့ စီးပွားရေးကိုသွားမယ့်နေရာမှာ အခိုက်အတန့်အလျောက် ခုနသွားမယ့်နေရာမှာ ဒီလိုအနောက်ကနေ အနှောင့်အယှက်ပေးနေတာကို ထိုင် မကြည့်ပဲနဲ့ အရေးယူပေးပါလို့

ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ အဲဒီတော့ ကျွန်တော့် အနေနဲ့ ချုပ်ပြီးတင်ပြရရင်တော့ ဒီအဆိုဟာ အင်မတန်ကောင်းပါတယ်။ ခုနောက်ပိုင်း သွားမယ့် နေရာမှာ လယ်မြေဆို မကိုင်ရဲ လောက်အောင် ဖြစ်နေတဲ့အနေအထားမျိုးတွေဖြစ်သွားတယ်။ အဲဒီတော့ မြို့ပြနဲ့နီးတဲ့ လယ်မြေတွေ နောက်တခါ အဓိကအားဖြင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မှာတောင်မှ လယ်မြေလုပ်ပြီး စားနေတဲ့ လူတွေ အများကြီးရှိပါတယ်။ အဲဒါတွေအားလုံး ကျွန်တော် တင်ပြသလို ဒါလူကြီးကိုလည်း ကျွန်တော် တင်ပြဖူးပါတယ်။ စက်မှုဇုံဆိုပြီး ကျွန်တော်တို့ ဖော်ကတြယ်။ လှိုင်သာယာမှာ စက်မှုဇုံကို မလာနိုင်ကတြွဲလူတွေ အများကြီးရှိတဲ့အတွက်ကြောင့် ကျေးရွာသုံးလေးရွာလောက်မှာ CNG လိုပေါ့။ အထည်ချုပ်စက်ရုံတွေလုပ်ပြီးတော့ သူတို့ အလုပ်အကိုင်ရရှိဖို့လုပ်လိုက်ရင် ပိုကောင်းပါတယ်။ လုပ်မယ်ဆိုရင်လည်း လယ်မြေတာချို့ တဝက် တစ်ဧက (၁၀) ဧကသိမ်းပြီးတော့မှ စက်ရုံတည်ဆောက်မှ အားလုံးရဲ့တစ်ရွာလုံးရဲ့ စားဝတ်နေရေး ပြေလည်မှာဖြစ်တဲ့ အတွက်ကြောင့် ဒီအဆိုကို ထိထိရောက်ရောက် ကောင်း တာနဲ့ဆိုးတာနဲ့(၂)ခုကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့ နိုင်ငံတော်အစိုးရကို စနစ်တကျ စိစစ် ပြီးတော့ ကိုင်တွယ်ပေးပါလို့ တိုက်တွန်းနိုင်မှသာလျှင် နိုင်ငံတော်ရှေ့သွားမယ့် လမ်းစဥ်မှာ ဖြောင့်ဖြောင့်ဖြူးဖြူး သွားနိုင်မယ်လို့ ကျွန်တော်တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သဘြာသံများ)

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမငြိမ်းကြည် ဆွေးနွေးနိုင်ပါပြီ။

**ဒေါက်တာမငြိမ်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား ကျွန်တော့်အနေနဲ့အားလုံးကို ဂါရဝထားပြီးတော့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ခုန ကျွန်တော်ရှေ့က ဒေါက်တာခင်ရွှေလည်း ဆွေးနွေးသွားပါပြီ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးအောင်ငြိမ်းကနေတင်ပြထားတဲ့ လယ်ယာမြေသိမ်းယူမှုများနဲ့ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍

ကိုင်တွယ်ဖေရျြင်း ဆောင်ရွက်နိုင်ပါရန်ဆိုတဲ့အဆိုနဲ့ပတ်သက်ပီး၊ ဆွေးနွေးပါမယ်ခင်ဗျား။ ကျွန်တော့်ရှေ့က ဒေါက်တာဦးခင်ရွှေကလည်းပဲ အများကီးဆွေးနွေးသွားပါပီ။ သို့အတွက်ကောြင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တွေ့ကုံလာခဲ့ရတဲ့ အတွေ့အကုံလေးတွေရယ်၊ ကျွန်တော်သိရှိထားတဲ့ လယ်ယာမေကြိုစ္စနဲ့ပတ်သက်တဲ့ အကောြင်းအရာလေးတွေ အနည်းငယ်မျှကို ဆွေးနွေးခွင့်ပပြုပါရန် ဥက္ကဋ္ဌကီးအြား မေတ္တာရပ်ခံပါတယ်။ တချို့ ကျွန်တော် အ်ဂလိပ်လိုများ ထည့်ပီးေပြာခဲ့လို့ရှိရင်လည်း ခွင့်ပြုေပးပါရန် ထပ်မံပီးေတာ့ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့ ဒီ ကျွန်တော့်အနေနဲ့ လယ်ယာမေြသိမ်းယူမှုများဆိုတဲ့အပိုင်းမှာ အဲဒီတော့ ကျွန်တော်လယ်ယာမေြကိစ္စတွေမှာ ဥပဒေတွေရှိပါတယ်။ ဒီဥပဒေတွေဟာ ကျွန်တော်တို့လယ်ယာမေြနဲ့ပတ်သက်ပီးတော့ အခု ပင်ြဆင်ပေြာင်းလဲဖို့လည်းပဲ ဒီလွှတ်တော်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ အဲတော့ အရင် ကျွန်တော်တို့ ဒီလယ်ယာမေြတွေကို ပနြ်ကြည့်ရင် လယ်ယာမေြအားလုံးသည် တစ်နည်းအားဖင့်ြ ၁၉၆၂ ခုနှစ်ကတည်းက နိုင်ငံပိုင်မေပြာများသာလျှင် ဖစ်ြပါတယ်။ ကျွန်တော်တို့ ဒီ တောင်သူလယ်သမားတွေကို ချထားတာက လယ်လုပ်တဲ့သူတွေဟာ သူတို့လုပ်ပိုင်ခွင့်ရှိပါတယ် ဆိုပီး ကျွန်တော်တို့ ချထားခဲ့တာဖစ်ြပါတယ်။ အဲဒီအခါမှာလည်းပဲ ပနြ်ပီးေတာ့ ကျွန်တော့်အနေနဲ့ အဲဒီမှာ အချိန်ကို ငဲ့ညှာသောအားဖင့်ြ သေချာစနစ်တကျ ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ချထားပေးခဲ့ခင်ြးဖစ်ြပါတယ်။ အဲဒီတော့ သိမ်းယူမှုများဆိုတာ သိမ်းယူတာဆိုရင်တော့ နိုင်ငံတော်ရဲ့ လိုအပ်ချက်တချို့ နိုင်ငံတော်ရဲ့ စီမံကိန်းကီးတွေရှိမယ်။ နောက်တခြား စီးပွားရေးဖွံ့ဖိုးမှုလုပ်ငန်းတွေအတွက် ဖစ်ြမယ်။ ဒီအတွက်ပဲ ကျွန်တော်တို့ သိမ်းယူမှုများ၊ တစ်နည်းအားဖင့်ြ နိုင်ငံတော်က ပနြ်ပီးေတာ့ ဒီနိုင်ငံတော်ကိုအကျိုးပပြုဖို့အတွက် ဆောင်ရွက်တဲ့ ကိစ္စရပ်များသာ ဖစ်ြမယ်လို့ ကျွန်တော့်အနေနဲ့တော့ ဒါ ထင်မင်ြပါတယ်၊ ယူဆပါတယ်၊ နို့မို့ဖစ်ြရင်တော့ ဒီပုဂ္ဂလိကအနေနဲ့ သိမ်းယူတယ်ဆိုရင်တော့ ဒီဟာက သိမ်းလို့မရပါဘူး။ ဒါ ကျွန်တော်တို့ ဥပဒေပနြ်ပီးေတာ့ လေ့လာမယ်ဆိုလို့ရှိရင်လည်း ဥက္ကဋ္ဌကီးခင်ဗျား။ ဒါတွေ့ရှိနိုင်ပါတယ်။ ဒါကောြင့်မို့လို့ ဒီမှာသိမ်းယူမှုများဆိုတဲ့ စကားလုံးကလည်းပဲ ကျွန်တော်တို့က အဲဒါစဉ်းစားဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ၁၉၇၀ ပတ်ဝန်းကျင် ဂျပန်နိုင်ငံကလည်းပဲ အဲဒီ အင်မတန်မှ လယ်ယာစိုက်ပျိုးရေးကောင်းတဲ့ နိုင်ငံဖစ်ြပါတယ်။ သူတို့သီးနှံတွေလည်း ထွက်ပါတယ်။ ကျွန်တော်တို့တောင်မှ သွားပီးေလ့လာရတာတွေ အများကီးရှိပါတယ်။ သူတို့စက်မှုနိုင်ငံကို ထူထောင်မယ်ဆိုတဲ့အခါကျတော့ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီအစိုးရများက

သူတို့လယ်ယာမြေ၊ ဒီလယ်သမားကီးတွေကို အခကြေးငွေ၊ သင့်တော်တဲ့ အခကြေးငွေ ပေးပြီးတော့ သူတို့သိမ်းယူကပါတယ်။ ပြဿနာသိပ်မရှိပါဘူး။ ဘာလို့လဲဆို သူတို့ညှိနိုင်းတယ်။ ဆောင်ရွက်တယ်။ စနစ်တကျ ဆောင်ရွက်ခဲ့ကတြာပါ။ နောက် ဥပမာတစ်ခုဆိုရင် ကျွန်တော်တို့ ဒီ အခုချိပါမှာရှိနေတဲ့သူတို့ လေဆိပ်တစ်ခု တည်ဆောက်ပါတယ်။ အဲဒီအချိန် ကျွန်တော်တို့ အဲဒီနိုင်ငံမှာလည်းပဲ ရှိပါတယ်။ လေဆိပ်အသစ်ကနေ တိုကျိုကလေဆိပ်ကို အဲဒီဘက်ကို ပြောင်းပါတယ်။ အဲဒီမှာ မြေနေရာတွေကို သိမ်းပါတယ်။ မြေနေရာတွေကို ကျွန်တော်တို့က တခြားနိုင်ငံတွေကို ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်အတွက် ဆောင်ရွက်တဲ့ကိစ္စတွေ သူတို့ဆောင်ရွက်တဲ့အခါမှာ တချို့တွေကလည်းမကျေနပ်ဘူး။ ဒီဟာကို အမျိုးမျိုး အနှောင့်အယှက်ပပြုတယ်။ သို့သော်လည်းပဲ ဒီဟာကို သူတို့နိုင်ငံအတွက်ဆိုပြီးတော့ တည်ဆောက် သွားတာတွေ ရှိပါတယ်။ နောက်ဒီအတိုင်းပါပဲ။ ခုနတုန်းက ကျွန်တော်တို့နဲ့ အိမ်နီးနားချင်းနိုင်ငံတွေမှာ လည်းပဲ နိုင်ငံတော်ဟာ စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်ဖို့ ဒါတိုးတက်တယ်။ တိုးတက်တယ်ဆိုတော့ Industrialization ဒါတွေကိုလုပ်မယ်။ လုပ်မယ်ဆိုတဲ့အခါကျတော့ သက်ဆိုင်ရာလယ်ယာမြေတွေကို သူတို့စနစ်တကျညှိနှိုင်းပြီးတော့ လျော်ကြေးတွေပေးပါတယ်။ ပေးပြီးတဲ့အခါကျ သူတို့ ဆောင်ရွက်ပါတယ်။ ဒီအရင်တုန်းက ခေတ်ဟောင်းတုန်းကသာတောင်သူလယ်သမားတွေ ဒါ အခြေအနေတွေနဲ့ သူတို့ ပြဿနာပေါင်းစုံရှိခဲ့ပေမယ့် အဲဒီလို သိမ်းယူတဲ့အခါတွေမှာတော့ ပြဿနာပေါင်းစုံ မရှိပါဘူး။ သူတို့ တော်တော်များများနည်းပါတယ်။ အဲ သူတို့အကုန်လုံး အဲဒီလို သိမ်းယူပြီးတဲ့ အခါကျတော့လည်းပဲ သူတို့ရဲ့စီမံချက်အတိုင်းပဲ အဲဒီမှာစက်ရုံကီးတွေ၊ အလုပ်ရုံ ကီးတွေ သက်ဆိုင်ရာနိုင်ငံတော်အတွက် တိုးတက်ဖွံ့ဖြိုးမယ့်ကိစ္စရပ်တွေကို၊ အသီးအပွင့်တွေကို ခံစားမငြိတွေ့နိုင်အောင် တစ်ချိန်တည်းမှာလည်း ဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ သိမ်းယူတယ်ဆိုတာကတော့ ကျွန်တော်တို့နိုင်ငံတော်အတွက် လိုအပ်တဲ့လိုအပ်ချက်တွေ ဆိုလို့ရှိရင် အရင်ထဲက ဥပဒေတွေက ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ပဲ ကျွန်တော့်အနေနဲ့တော့ ယူဆပါတယ်။ ပုဂ္ဂလိက ကတော့ သိမ်းယူတယ်ဆိုတာ ဒါ မဖြစ်နိုင်ပါဘူး။ သိမ်းယူလို့လည်းမရဘူးလို့ ကျွန်တော့်အနေနဲ့တော့ တင်ပြဆွေးနွေးလိုပါတယ်။ နောက် ပတ်သက်၍ ပေပြည်အောင် ညှိနှိုင်းဖြေရှင်းပေးနိုင်ခြင်းမရှိသောဆိုတာ ခုနတုန်းက ဥက္ကဋ္ဌကီးခင်ဗျား။ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပါပဲ။ သိမ်းတဲ့အခါမှာလည်းပဲ သက်ဆိုင်ရာ လယ်ယာမြေရှယ်၊

ကျွန်တော်တို့အစိုးရရယ်၊ အဲဒီမှာရှိတဲ့အဖွဲ့အစည်းတွေ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဒါကို ဒီ့ပြင် အခြားနိုင်ငံမှာလည်း ဘယ်လောက်လဲ။ အဲဒီတော့ စရိတ်က ဘယ်လောက်ပေးရမလဲ။ ဒီ လယ်မြေအတွက် ဘယ်လောက်ပေးရမလဲ။ တစ်ခါတည်း ညှိနှိုင်းဆောင်ရွက်ပြီး တစ်ခါတည်း ဖြေရှင်းပြီးတော့ ဆောင်ရွက်တဲ့သဘောမျိုးတွေ ရှိပါတယ်။ သူတို့ကမကျေနပ်ဘူး။ အဲဒီမှာ မကျေနပ်ဘူးဆိုလည်းပဲ သူတို့အကြိမ်ကြိမ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပါတယ်။ အဲဒီတော့ ဒီမှာ လည်းပဲ ဖြေရှင်းနိုင်ခြင်းမရှိသောဆိုတဲ့ ဒီဆောင်ရွက်ချက်တွေမှာတော့ ကွဲလွဲမှုလေးတွေရှိ နေတဲ့ သဘောသဘာဝတွေ့ရပါတယ်။ နောက်တစ်ချက်က စနစ်တကျစိစစ်၍ဆိုတာ အဲဒါလည်းပဲ ခုနကတုန်းက ပြောသလိုပါပဲ။ ဖြေရှင်းနိုင်ခြင်းမရှိတာနဲ့ စနစ်တကျဖြေရှင်းနိုင်ခြင်းမရှိဘူးဆိုတာ ကတော့ ဒီဟာလေးမှာ ကျွန်တော်တို့ အခုနိုင်ငံတော်အနေနဲ့ကတော့ ပြန်လည်ပြီးတော့ စနစ်တကျအဖွဲ့နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ ပြန်လည်စိစစ်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေ နဲ့ ယူဆပါတယ်။ ဘာလို့လည်းဆိုတော့ ဒီဟာက ဟို ခုနတုန်းက ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာခင်ရွှေကလည်း အမျိုးမျိုးဥပမာတွေနဲ့ တင်ပြသွား ပါတယ်။ အဲလို တင်ပြသွားတဲ့အတွက်ကြောင့် ကျွန်တော် ဒီဟာမှာတော့ ထပ်မံပြီးတော့ ဥပမာပေးပြီးတော့ တင်ပြဖို့အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် မတင်ပြတော့ပါဘူး။ နောက် ကျွန်တော်တို့ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ရဲ့ အခု ဒီမိုကရေစီ နိုင်ငံတော်ကိုသွားရင် သွားနေတဲ့ နိုင်ငံတိုင်းမှာလည်းပဲ၊ တရားရေးရယ်၊ ဥပဒေရေးရယ်၊ အုပ်ချုပ်ရေးရယ် ဒီ(၃)ဦးဖလှယ်၊ ထောင့်(၃)ခုဟာ ကျွန်တော်တို့က ဆက်စပ်ပြီး ဆောင်ရွက်ရမှာ ပါ။ ဒါဟာ ငါနဲ့ မဆိုင်ဘူး၊ ဒါ သူနဲ့ဆိုင်တယ်၊ ဒါကတော့ ဒီလို ကျွန်တော်တို့က ဟို ပစ်ပယ်ထားလို့ မရပါဘူး။ ဒါကြောင့်မို့လို့ ဒီမဏ္ဍိုင် (၃)ရပ်အနေနဲ့ ညီညီညွတ်ညွတ် ဒါ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်ဆိုရင် ဒီကိစ္စရပ် တွေဟာ ကျွန်တော်တို့ ဦးနှောက်ခြောက်စရာ မရှိပါဘူး။ ကျွန်တော်တို့နိုင်ငံတော်အတွက် တိုးတက်ဖို့ တိုးတက်ရာလမ်းကြောင်းအတွက် ဆောင်ရွက်တဲ့ ကိစ္စတွေဖြစ်တဲ့အတွက်ကြောင့် အများကလည်းပဲ သဘောပေါက်ပြီးတော့ ကျွန်တော်တို့ လက်ခံမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) တင်ပြထားတဲ့ လယ်ယာမြေ သိမ်းဆည်းမှုများနှင့်ပတ်သက်၍ ပေလြည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်း များစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ စိစစ်၍ ကိုင်တွယ်ဖြေရှင်း

ဆောင်ရွက်နိုင်ပါရန်ဆိုတဲ့ အဆိုမှာ ကျွန်တော်တို့ရဲ့ တရားရေးမဏ္ဍိုင် (၃) ခုဖြစ်တဲ့ တရားရေးရယ်၊ အုပ်ချုပ်ရေးရယ်၊ ဥပဒေရေးရယ်၊ ဒီမဏ္ဍိုင် (၃) ရပ်ကို အခြေပြုပြီး တော့ ဒီဟာတွေ ပန်ြီလည်စိစစ် ဆောင်ရွက်လိုက်လို့ရှိရင် အားလုံး ပေလြည်သွားမယ်လို့ တင်ပြ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး ဆွေးနွေးနိုင်ပါပီ။

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကီးများအားလုံးကို ဂါရဝပြုရင်း မ်ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖစြ်ပါတယ်။ ဥက္ကဋ္ဌကီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို ဖတ်ကားဆြွေးနွေးခွင့်ပပြုါရန် တင်ပအြပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငမိြး၏ လယ်ယာ/မေပြာ သိမ်းဆည်းမှုများနှင့်ပတ်သက်၍ ပေလြည်အောင် ညှိနိုင်းဖေရြှင်းနိုင်ခငြ်းမရှိသော အမှုအခင်း များစွာရှိနေပါသဖင့်ြ နိုင်ငံတော်အစိုးရအနေဖင့်ြ စနစ်တကျစိစစ်၍ ကိုင်တွယ်ဖေရြှင်း ဆောင် ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကောငြ်း အဆိုနှင့်ပတ်သက်၍ ဆွေးနွေးမှာ ဖစြ်ပါတယ်။ ဥက္ကဋ္ဌကီးခင်ဗျား။ ၁၉၅၃ ခုနှစ် လယ်ယာမေနြိုင်ငံပိုင်ပလြုပ်ရေး အက်ဥပဒေ (အက်ဥပဒေ ၇၅/၁၉၅၃ ခုနှစ်အတွဲ-၁၀)အရ လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်မှအလိုရှိသည့် အတိုင်း သုံးစွဲနိုင်သည့်လယ်ယာမြေ လုပ်ကိုင်နိုင်သောမေရြိုင်းနှင့် လယ်ယာကိုင်းကျွန်း ဥယျာဉ် ခံမြြေအားလုံး ပါဝင်ပါတယ်။ ၁၉၅၃ ခုနှစ် လယ်ယာမေနြိုင်ငံပိုင်ပလြုပ်ရေး အက်ဥပဒေ အခန်း (၁) ပုဒ်မ-၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် (ကက,ခခ) တို့တွင် တောင်သူလယ်သမားဆိုသည်မှာ လယ်ယာမေကြို မိမိ၏အသက်၊ အဓိကအသက်မွေးဝမ်းကျောင်းအဖစြ် မိမိလက်ဖင့်ြ လုပ်ကိုင်သူ ကို သို့တည်းမဟုတ် မိမိလက်ဖင့်ြ အစဉ်တစိုက်လုပ်ကိုင်ခဲ့သူကို သို့တည်းမဟုတ် ဆိုင်ရာနှစ် တွင် လယ်ယာမေကြို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖစြ် လုပ်ငန်းလုပ်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကီးကပ်လြုပ်ကိုင်သူကို ဆိုလိုသည်။ ပြည်ထောင်စုမနြ်မာနိုင်ငံရှိ

လူဦးရေ သန်း(၆၀)ကျော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ရပ်တည်ရှင်သန်ရေးအတွက် လယ်ယာကုန်ထုတ်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော တောင်သူလယ်သမားများသည် ကျွန်တော်တို့ ပြည်သူများ၏ စားနပ်ရိက္ခာအတွက် ဖန်တီးပေးနေသော သူများဖြစ်ပါသည်။ ကျွန်တော်တို့ငယ်စဥ်ဘဝမှာပင် ထမင်း၊ ဆန်၊ ကောက်ပဲသီးနှံများကို အလေးအနက်မထားဘဲ ဆော့ကစားလျှင် ဘိုးဘွားများဆုံးမရာတွင် ဒါတွေဟာ ငါတို့ အသက်ရှင်ရေးအတွက် အရေးကြီးသော စားနပ်ရိက္ခာများဖြစ်ကြောင်း ဒီကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်ပေးသော တောင်သူလယ်သမားများဟာ သတ္တလောကကြီး၏ ကျေးဇူးရှင်များဖြစ်ကြောင်း တောင်သူလယ်သမားများနှင့်အတူ လယ်ယာထွက်ကုန်လုပ်ငန်းများ ဆောင်ရွက်နေသော ကျွဲနွားများကိုလည်း တန်ဖိုးထား အသိအမှတ်ပြုရမှာဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်တော်တို့ အမဲသားကိုတောင် ရှောင်ကျဉ်ရန် ပြောဆိုဆုံးမကြတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများနှင့် ပတ်သက်၍ ကျေးလက်နေပြည်သူ (၇၀)ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း များဖြင့် အသက်မွေးကြသောတောင်သူလယ်သမားများဖြစ်ပါသည်။ယနေ့ကာလ တောင်သူလယ်သမားများ ကြုံတွေ့ခံစားနေမှုများမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ဘေးအန္တရာယ် ကပ်ဆိုးကြီးများကြောင့် ရာသီဥတုဖောက်ပြန်မှုများဖြစ်ပေါ်ခဲ့သဖြင့် စိုက်ခင်းများပျက်စီးခြင်း ကောက်ပဲသီးနှံအထွက်နှုန်းများ လျော့ကျခြင်းများ ခံစားနေရတာကို တွေ့ရှိရပါတယ်။ တချို့ တောင်သူလယ်သမားများမှာ အောက်ခြေတွင် လယ်ယာမြေ အနိုင်ကျင့်သိမ်းဆည်းမှုများနှင့် သီးစားခ အဆမတန်ပေးပြီး ကျပ်တည်းစွာ စိုက်ပျိုးလုပ်စား ဘဝရပ်တည်ရှင်သန်မှုများကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများနှင့်ပတ်သက်၍ အတိတ်သမိုင်းအား ကျွန်တော်တို့ အကျဉ်းချုပ်၍ ပြန်ပြီးပြောင်ပြရလျှင် ကျွန်တော်တို့ ကိုလိုနီနယ်ချဲ့အစိုးရအုပ်ချုပ်ခဲ့သော ၁၈၉၆ ခုနှစ်တွင် စူးအက်တူးမြောင်းဖောက်လုပ်ပြီး နောက်ကမ္ဘာ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခဲ့ပါတယ်။ မြန်မာ့ဆန်စပါးဟာ ကမ္ဘာ့ဈေးကွက်အတွင်းမှာ အရောင်းအဝယ်သွက်၍ ကျွန်တော်တို့ လယ်ယာမြေများ တိုးချဲ့စိုက်ပျိုးခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဆန်စပါးဈေးနှုန်းကို မူလဈေးထက်တိုးမြှင့် ဝယ်ယူမှုများကြောင့် တောင်သူလယ်သမားများဟာ မြေလွတ်မြေရိုင်းပါမကျန် တိုးချဲ့စိုက်ပျိုးခဲ့၍ လယ်သမားများ လူမှုစီးပွားများ အဆင်ပြေခဲ့သည်ကို တွေ့ရှိရပါတယ်။ သို့သော်သုံးနှစ် ကြာပြီးနောက် စပါးပင်ထောင်ချိန်၊ စပါးထွက်ချိန်တွင် ပြည်ပတင်ပို့မှု ဆန်ဈေးနှုန်းနှင့်မကိုက်ဟုအကြောင်းပြ၍ ဆန်စပါးများကို

မဝယ်သောကြောင့် ဆန်စပါးဈေးနှုန်း ကျဆင်းမှုနှင့်အတူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပါတယ်။ ကိုလိုနီအစိုးရဟာ မြန်မာ့လယ်ယာလုပ်ငန်းများတွင် ရင်းနှီးမှုပြုနိုင်ရန် ပြည်ပတိုင်းတစ်ပါး လူမျိုးခြားချစ်တီးများကို မြန်မာ့လယ်ယာစီးပွားရေး လုပ်ငန်းများတွင် ငွေချေးလုပ်ငန်းများဖြင့် လုပ်ကိုင်ရန် ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ အင်္ဂလိပ်လက်ပါးစေ ချစ်တီးများထံမှ အတိုးနှုန်းကြီးစွာဖြင့် ငွေချေးရာတွင် ချစ်တီးတိုးဟု ခေါ်သော အတိုးပေါ်အတိုးဆင့်၍လည်းကောင်း၊ စာချုပ်လိမ်များဖြင့်လည်းကောင်း ပြုလုပ်ခြင်း ခံရ၍ ဆန်စပါးဈေးနှုန်းကို ၁၉၂၁ ခုနှစ်တွင် ပူလင်ဂျာပူလ် (ခေါ်) စပါးဈေးအသင်းကြီးမှ လက်ဝါးကြီးအုပ်ချုပ်ကိုင်၍ တောင်သူလယ်သမားများမှာ ချေးငွေပြန်မဆပ်နိုင်၍ ကျွဲသိမ်း၊ နွားသိမ်း၊လယ်သိမ်းခံရပြီး လယ်ယာမဲ့ မြေယာမဲ့ဘဝ ရောက်ရှိခဲ့သည်ကို ကျွန်တော်တို့ အတိတ် သမိုင်းမှာ တွေ့ရှိခဲ့ရပါတယ်။ ဦးစိုးသိမ်း (GCBA)မှ ဆရာစံအား တောင်သူလယ်သမားများ၏ ချွတ်ခြုံကျလူမှုဘဝများကို လေ့လာတင်ပြရန် တာဝန်ပေးချက်အရ သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ဖျာပုံ၊ပြည်၊ ရွှေဘို၊ အင်းစိန်ခရိုင်။

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဦးဇော်နိုင်ဦး လက်ရှိဆွေးနွေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ပဲ ဆွေးနွေးပါ။ မလိုအပ်တဲ့သမိုင်းကြောင်းတွေ ပြောဖို့မလိုပါဘူး။

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်တို့ လယ်ယာမြေသိမ်းဆည်းမှုများနှင့် ပတ်သက်၍တင်ပြရရင် ၁၉၈၈ ခုနှစ် လူထုဆူပူအုံကြွမှုကြီး များ မင်းမဲ့စရိုက်များဖြစ်ပေါ်ခဲ့၍ ကျွန်တော်တို့နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုများ ပျက်ပြားပြီး တော့ တည်ငြိမ်အေးချမ်းမှုမဲ့နေတဲ့ ဘဝမျိုးရောက်ရှိချိန်မှာ တပ်မတော်အစိုးရက တာဝန်ယူ ထိန်းသိမ်းပြီးတော့ တပ်မတော်အစိုးရလက်ထက်တွင် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှု အနှစ် (၅၀) လောက် နောက်ကျနေသော ကျွန်တော်တို့ တိုင်းပြည်ဟာ ပြန်လည်တည်ဆောက်၍ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ပြီး လိုအပ်နေသောအခြေခံအဆောက်အဦများကို စနစ် တကျ ဆောင်ရွက်ခဲ့တာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကဏ္ဍစုံလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အဦများကိုဆောင်ရွက်ပြီး

စီးပွားရေးပိတ်ဆို့မှုများကကြားကနေ ခက်ခဲစွာဆောင် ရွက်ခဲ့ရတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုက တောင်းဆိုသော ပါတီစုံဒီမိုကရေစီကျင်း ပေါ်ထွန်းရေးကိုလည်း နိုင်ငံရေးမူဝါဒလမ်းစဉ် (၇) ရပ်နဲ့အညီ ချမှတ်ပြီးနှတော့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာဖို့ကို နေ့မအားညမအားကြီးလေးသော တာဝန်များထမ်းဆောင်နေသော နိုင်ငံတော် အကြီးအကဲများနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များမှ ဆောင်ရွက်နေသောကာလကို အခွင့်ကောင်းယူပြီး အချို့သော အောက်ခြေအာဏာပိုင်များမှ ဆောင်ရွက်မှုများကြောင့် လယ်ယာ မြေယာ သိမ်းယူမှုများကို တွေ့ရှိရပါတယ်။ အနီးစပ်ဆုံးတင်ပြရရင် ကျွန်တော်တို့ မဲဆန္ဒနယ် ဘီးလင်းမြို့နယ်သည် ဘီးလင်းမြို့နယ်အတွင်းတွင် တပ်မတော်အစိုးရတက်ပြီး နယ်မြေ အခြေ အနေ အထိုက်အလျောက် အေးချမ်းလာခဲ့ပါတယ်။ ကမ္ဘာ့ရော်ဘာ ဈေးနှုန်းမငြိမ်တက်မှုနဲ့အတူ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသောလုပ်ငန်းရှင်များမှ မြေများ ဝယ်ယူမှု ကြောင့် ခြံမြေများဈေးကောင်းလာခဲ့ပါသည်။ အချို့ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်ငယ်များမှ ဒေသဆိုင်ရာအာဏာပိုင်များနှင့်ချိတ်ဆက်၍ စိုက်ပျိုးမြေရရှိရေးအတွက် ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ အကျဉ်းဦးစီးဌာန နောင်ရိုးစီမံကိန်းမှ မဆောင်ရွက်သောကာလများ၌ ၎င်း ကျန်မြေများကို သိမ်းယူရောင်းချခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းမြေများသည် ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်သော ဦးပိုင်ကွင်းများဖြစ်သည်ကို တွေ့ရှိ ရပါသည်။ ဘီးလင်းမြို့နယ် ရေဇလုပ်ရှိ ရေဇလုပ်ကွင်း၊ ချောင်းဖတ်ကွင်း၊ ပိုင်ထားဝယ်ကွင်း၊ နိုင်းပွန် ကွင်းများရှိ လယ်ယာမြေများ သိမ်းယူခြင်းကိုခံခဲ့ရပါသည်။ ဒေသခံ အာဏာပိုင်အချို့နှင့် ဌာနဆိုင်ရာအရာရှိအချို့မှသိမ်းယူ၍ စပါးတစ်ဧက (၆) တင်းနှုန်း သီးစားချခြင်း၊ အပြီးအပိုင် သိမ်းယူ၍ ရောင်းစားခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် ဒေသခံ တောင်သူလယ်သမားများ နစ်နာ ဆုံးရှုံးမှုများကို တွေ့ရှိခဲ့ရပါတယ်။ ကျိုက်ဝိုင်း၊ ကျိုက်ပုငြိမ်တောနှင့် ထင်းစိုက်ခင်း ကျူးကျော်မှုများ နှင့်ပတ်သက်၍တင်ပြရလျှင် သစ်တောကျိုက်ဝိုင်းကျူးကျော်မှုများ ကျိုက်ပုငြိမ်တော၊ ကျေးရွာထင်း စိုက်ခင်းများပါမကျန် ကျူးကျော် သိမ်းယူမှုများနှင့်ပတ်သက်၍တင်ပြရလျှင် ဘီးလင်း မြို့နယ်သည် မစ်ဂြိုလ်၏အရှေ့ဘက်ကမ်းသည် နယ်မြေအခြေအနေ မအေးချမ်းသဖြင့် မစ်ဂြိုလ်၏ အနောက်ဖက် ဘီးလင်းတောင်သစ်တော ကျိုက်ဝိုင်းအား ကျူးကျော်စိုက်ပျိုးမှုအား တွေ့ရှိရပါ

သည်။ ကိုးပြင်တော ကျူးကျော်မှုများဖြစ်သော ဂုံညင်းနွယ် ကျေးရွာအုပ်စု၊ ခနုတောင် ကိုးပြင်တော၊ ကျားကွင်းကျေးရွာအုပ်စု ကျားကွင်းတောင် ကိုးပြင်တော၊ ဝန်းသောင်ကျေးရွာ အုပ်စု ကျောက်စိမ်းတောင် ကိုးပြင်တော ဒေသများတွင် ကျူးကျော်စိုက်ပျိုးမှုများအား အနယ်နယ်အရပ်ရပ်မှ စိုက်ပျိုးသော ကျူးကျော်စိုက်ပျိုးမှုများအား တွေ့ရှိရပါသည်။ ၎င်းဒေသ များသည် လမ်းပန်း ဆက်သွယ်ရေးမကောင်းခြင်း၊ ဝေးလံသီခေါင်ခြင်း၊ တောင်ပေါ် ဒေသဖြစ်ခြင်း ကြောင့် မြေညီညာပြီး လမ်းပန်းဆက်သွယ်ရေးကောင်းသော ရွာနှင့်နီးသော ကျေးရွာ ထင်းစိုက်ခင်း များအား ကျူးကျော် စိုက်ပျိုးမှုများ ဆောင်ရွက်လာခဲ့သည်ကိုတွေ့ရှိရပါတယ်။ ကိုးဝိုင်းကျူးကျော် ခြင်း၊ ကိုးပြင်တော ကျူးကျော်ခြင်းသည် ကိုးဝိုင်းဖြစ်ထွန်း အောင်မြင်မှုမရှိ၍ ရော်ဘာ စိုက်ပျိုးခြင်းများ ဆောင်ရွက်၍ သစ်တောလုပ်ထုံးလုပ်နည်းများနှင့် နည်းဥပဒေများအရ ဒဏ်ငွေဆောင်၍ နှစ်စဉ်အငှားဂရန် ဖြင့် ဆောင်ရွက်ပေး၍ ရော်ဘာစက်မှု ကုန်ကမ်းထွက်ကုန် များ တိုးတက်ထုတ်လုပ်လာနိုင်၍ နိုင်ငံတော်နှင့်ဒေသအကျိုး စီးပွားကိုဖွံ့ဖြိုးတိုးတက် လာသည်ကို တွေ့ရှိရပါတယ်။ ကျေးရွာထင်းစိုက်ခင်း ကျူးကျော်မှုများသည် ကျေးရွာသားများ၏ စုစည်းသော လုပ်အားများ ဆုံးရှုံးခြင်း၊ ကျေးရွာရှိ တစ်ပိုင်တစ်နိုင် ကွဲနွားဆိတ်မွေးမြူသူများ ထင်းစိုက်ခင်းအတွင်း ကျောင်းလှန်ခြင်းများဆုံးရှုံးခြင်း၊ ကျေးရွာထင်းလောင်စာများ ဆုံးရှုံးခြင်းနှင့် ကိုးဝိုင်းပျက်စီးမှုများဖြစ်စေခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကျေးရွာရှိဒေသခံပြည်သူများ၏ လူမှုစီးပွား ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ် ခဲ့ပါသည်။ ဤကိစ္စများသည် ကျေးရွာထင်းစိုက်ခင်း ကျူးကျော်သိမ်းပိုက်မှုများ၏ နောက်ဆက်တွဲနစ်နာမှု ဖြစ်ရပ်များဖြစ်ပါသည်။ စားကျက်မြေ ကျူးကျော်သိမ်းယူမှုနှင့် နောက်ဆက်တွဲပြဿနာများ စားကျက်မြေကျူးကျော်စိုက်ပျိုးမှုနှင့် ပတ်သက်၍ တင်ပြရလျှင် ကျွန်တော်၏ မဲဆန္ဒနယ်မြေ အတွင်းကျားကွင်းကျေးရွာအုပ်စု၊ အဟုန်းဂ စားကျက်မြေနှင့်၊ ရွှေလှေကျေးရွာအုပ်စု ကျောင်းရွာစားကျက်မြေများသည် ကိုလိုနီခေတ်ကတည်းက သတ်မှတ် ထားသော စားကျက်မြေများ ဖြစ်ပါသည်။ အဟုန်းဂကျေးရွာ စားကျက်မြေအား ကုမ္ပဏီတစ်ခုမှ အဖွဲ့အစည်းတစ်ခုနှင့် အကျိုးတူ (၁၁၄) ဧကအား တရားဝင်ထုတ်နုတ်၍ နှစ်ရှည်ခံအဖြစ် စိုက်ပျိုးမှုများအား တွေ့ရှိရပါသည်။ ကျန်ဧက (၁၀၀) ကျော်အား တရားမဝင် ကျူးကျော်ထား သည်ကို တွေ့ရှိရ၍ ၎င်းဒေသအနီးရှိ ကျားကွင်းကျေးရွာ၊ အဟုန်းဂကျေးရွာ၊ ဘုရားဆိပ်ကျေးရွာ၊

ဘုရားရပ်ကျေးရွာ၊ တည်ငြင်းကုန်းကျေးရွာများရှိ တောင်သူလယ်သမားများ၏ ကွဲနွားများ ကျောင်းလှန်ခြင်းအတွက် အခက်အခဲများတွေ့ရကြောင်း တွေ့ရှိရပါသည်။ ရွှေလှေကျေးရွာ၊ ကျောင်းရွာစားကျက်မြေတွင် ဧက (၆၀၀) ကျော်အား ဒေသဆိုင်ရာအာဏာပိုင် လုပ်ပိုင်ခွင့်ရှိသူ အချို့နှင့်ပူးပေါင်း၍ ရော်ဘာစိုက်ပျိုးကျူးကျော်ထားသည်ကိုလည်း တွေ့ရှိရပါ သည်။ တချို့ ကျေးရွာအိမ်ခြေမြေများ ကျူးကျော်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ၎င်းကြောင့် ရွှေလှေ၊ ညောင်ပွလင်၊ ညောင်လန်း၊ လိပ်ခုံး၊ နှင်းပုလဲ၊ ရေဖြူကန် စသောကျေးရွာများရှိ ကွဲနွား အကောင်ရာပေါင်းများစွာ ကျောင်းလှန်ခြင်းများအတွက် အခက်အခဲများကြုံတွေ့နေသည်ကို တွေ့ရှိရပါသည်။ ရော်ဘာစိုက်ပျိုး ကျူးကျော်သူများနှင့် ကွဲနွားပိုင်ဆိုင်ကြသော တောင်သူ လယ်သမားများ မကြာခဏပြဿနာဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ တောင်သူလယ်သမားများ မှ မြို့နယ်ဥက္ကဋ္ဌအား တိုင်ကြားသဖြင့် မြို့နယ်ဥက္ကဋ္ဌမှ ရော်ဘာစိုက်ပျိုးသူများအား တရားဝင် မဟုတ်၍ စားကျက်မြေအဖြစ် ကျောင်းလှန်ခြင်းများ ပြုလုပ်နိုင်ပါကြောင်း ပြောဆိုခဲ့သဖြင့် ဒေသခံတောင်သူများမှ ကွဲနွားများ လွှတ်ကျောင်းခြင်းများဆောင်ရွက်၍ ကွဲနွား အကောင် (၃၀၀) ခန့်ဝင်ရောက်၍ ရော်ဘာခြံရှင်များနှင့် ပြဿနာဖြစ်ခဲ့ပြီး ဖမ်းဆီးဆောင်ရွက်မှုများ မေတ္တာရပ်ခံမှုများ၊ တောင်းပန်ဖျန်ဖြေမှုများ၊ ညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့တာတွေ့ရှိရပါသည်။ ဤကိစ္စများသည် စားကျက်မြေ ကျူးကျော်သူများနှင့် တောင်သူလယ်သမားများ၏ ကွဲနွား မွေးမြူခြင်းနှင့် တွေ့ကြုံရသော ဒုက္ခပြဿနာများဖြစ်ပါသည်။ ကျွန်တော်တို့ ယနေ့အချိန် ကာလသည် ပြည်သူများ၏ ဆန္ဒနှင့် ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်သမ္မတကြီးနှင့် ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများမှ ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုဘဝများအား စေတနာထားဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ စီမံချက်ချပြီး ဆောင်ရွက်နေ၍ တောင်သူလယ်သမားများက မျှော်လင့်ချက် ရောင်ခြည်မြင်တွေ့ရတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲများ မသိရှိဘဲ အောက်ခြေတွင် အင်အားရှိသူ အနိုင်ယူစတမ်း ဆောင်ရွက်နေမှုများကြောင့် လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများနှင့် တရားမျှတမှုကင်းမဲ့ပြီး ဖိနှိပ်အနိုင်ကျင့်ခြင်းများ ကြောင့် ကိုယ့်လယ်ကိုယ်စိုက်ပြီး တစ်ဧကစပါး (၆)တင်း သီးစားခ ပေးရမှုများနှင့် ဘိုးစဉ် ဘောင်ဆက် စားမဦးချ စိုက်ပျိုးလုပ်ကိုင်ရင်း မတရားကျူးကျော် သိမ်းပိုက်မှုများကြောင့် ဆင်းရဲတွင်းနက်ပြီး လူမှုစီးပွားထိခိုက်မှု အသွင်အပြင် လက္ခဏာများ တစ်နိုင်ငံလုံးတွင်

တွေ့ရှိနေရပါကြောင်း၊ လုပ်ပိုင်ခွင့်ရှိသူများမှ ဥပဒေမဲ့ အနိုင်ကျင့်မှုများကို ခံစားလိုက်ရသော အခြေခံလူတန်းစား တောင်သူလယ်သမားများ၏ဘဝများနှင့် အနာဂတ်ခရီးကမ်း၊ ၎င်းတို့၏ ရှေ့ဆက်ရမယ့်မနက်ဖြန်ရက်များကို ဘယ်လိုရင်ဆိုင် မလဲ၊ မမြဲ ယာမဲ့ပြီး နေ့စားအလုပ်တွေ ဘယ်သူခေါ်မလဲလို့ မျှော်လင့်နေရတဲ့ တောင်သူများ၏ဘဝ၊ အမျိုးသား(၂၅၀၀)၊ အမျိုးသမီး (၁၅၀၀)နေ့စားအလုပ်ကို နယ်ကူး၊ မြို့ကူးပြီးတော့ ဘဝရပ်တည် ရှင်သန်ရေးအတွက် ကပြတည်းစွာ ရုန်းကန်လှုပ်ရှားမှုပုံရိပ်များကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။

သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးသော မြန်မာ့လူ့အဖွဲ့အစည်းတွင် တစ်ချို့သော ပုဂ္ဂိုလ်များ၏ အတ္တပင်လယ်ကျယ်ပေပြခြင်း၊ ဂရုဏာမိုးခေါင်ခြင်း၊ မေတ္တာတရားပျောက်ဆုံးခြင်း နှင့်လောကပါလ ပျက်ယွင်းမှုများဖြစ်တည်နေတဲ့ လူ့အဖွဲ့အစည်းမှာ ၎င်းတို့၏မဆင်မခြင် ဆောင်ရွက်မှုများကြောင့် လယ်ယာ၊ မေပြာမဲ့ပြီး နစ်နာနေသောဘဝများ ပေလြည်အောင်ညှိနှိုင်း ဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ စိစစ်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ အဆိုကို အလေးအနက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သဘာသံများ)

**အချိန်၊ ၁၃း ၃၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ခု လွှတ်တော်ဒုတိယအကြိမ်လည်း ရောက်လာပါပြီ၊ ဒီကိုယ်စားလှယ်တစ်ယောက်ဆွေးနွေးတဲ့အခါမှာ ခေါင်းစဉ်နဲ့ကင်းကွာသွားတဲ့ ကိစ္စ၊ မလိုအပ်တဲ့အတိတ်သမိုင်းကိစ္စ၊ လွှတ်တော်ထဲမှာ မသုံးနှုန်းသင့်တဲ့စကား ကိုယ်စားလှယ် အချင်းချင်းက ဒါ ရယ်ရယ်မောမောနဲ့ ချက်ချင်းကန့်ကွက်ဖို့လိုပါတယ်။ ဒါ ဥက္ကဋ္ဌ အနေနဲ့ လုပ်ပြနေတဲ့သဘောပါပဲ။ အချင်းချင်းဒီလိုပြောတဲ့နေရာမှာ ဥက္ကဋ္ဌကလိုအပ်ရင် အဆုံးအဖြတ် ပေးမှာပေါ့။ ဒီလို ဝိုင်းဝန်းထိန်းကျောင်းခြင်းအားဖြင့် မြင့်မြင့်ဆိုင်ဆိုင်လည်း ဖြစ်လာမယ်။ ရယ်ရယ်မောမောလည်းဖြစ်လာမယ်၊ ပြီးတော့မိမိကိုယ်မိမိထိန်းသိမ်းရမှာပါလား ဆိုတာတွေလည်း ဖြစ်လာမယ်။ ဒီသဘောရှိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးပြဲ

ထိန်းသိမ်းပေးနေရတဲ့ အခါကျတော့ ဒါ စကားစပ်မိလို့ပြောတာ။ ကမ္ဘောဒီးယားမှာ အင်တာဗျူးလုပ်တဲ့အခါကျတော့ပြောတယ်။ ပြည်သူ့လွှတ်တော်က ဥက္ကဋ္ဌက အပြုသဘောဆောင်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သဘောထားတင်းမာတယ်လို့ ကြားရတယ်။ ဟုတ်ပါသလားတဲ့။ ဒါကတော့ ကျွန်တော့် မေးဖို့ မကောင်းပါဘူးလို့ လွှတ်တော်ကိုယ်စားလှယ်တွေကို မေးဖို့ကောင်းပါတယ်လို့ လွှတ်တော် ဆိုတာ ဥပဒေ၊ နည်းဥပဒေနဲ့လုပ်ရတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ ကျွန်တော် အခုလို မေးလိုက်တဲ့ အတွက် ဘယ်လိုခံစားရပါလဲတဲ့ ဘယ်လိုမှ မခံစားရပါဘူး ကြားပါတယ်တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက ဥက္ကဋ္ဌကို ကြိုက်တယ်ဆိုတာ ဒီလိုလုပ်သွားတာပေါ့နော်။ သူတို့လည်း ဒါကတော့ အပေးပြိုင်ခိုင်းတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ သို့သော်လည်း ဘယ်လိုမှ မခံစားရဘူး ဆိုတဲ့အခါကျတော့ ဘာလုပ်ရမှန်း မသိဘူးဖြစ်နေတယ်။ ဥက္ကဋ္ဌကြီးပြဲ တားတယ်။ ဥက္ကဋ္ဌက ဒါမပြောနဲ့။ ဒါမဆိုနဲ့ သဘောက သို့သော်ဒါတွေက အချင်းချင်း လုပ်ရမဲ့ ကိစ္စတွေကို လုပ်ပြတဲ့ သဘောပါပဲ။ လုပ်ပြတယ်ဆိုတာ ကျွန်တော်လည်း လွှတ်တော်မီလို့မဟုတ်ဘူး။ စာအုပ်တွေ ဖတ်ရတာပေါ့ လေ့လာရတာပေါ့ ရှာဖွေရတာပေါ့။ ဘာဖြစ်လို့တုန်းဆိုတော့ ကျွန်တော်တို့က ဒါ ဒီလွှတ်တော်ကိုစပြီးတော့ တည်ထောင်တဲ့ လူတွေဖြစ်တယ်။ နောင်လာနောက်သားအားလုံးက ကျွန်တော်တို့ လုပ်သွားတာတွေ အားလုံးကို အစဉ်အလာ ဓလေ့ထုံးတမ်း အစဉ်အလာအနေနဲ့ မှတ်ယူပြီးတော့ ဆောင်ရွက်ကြမယ်။ မှတ်ယူဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် လွှတ်တော်ထဲမှာ စကားပြောတဲ့အခါမှာ လူကြီးလူကောင်းဆန်ဆန်နဲ့ ထိန်းထိန်းသိမ်းသိမ်း ပြောရမှာပေါ့။ ပြောချင်တဲ့စကားကို ရအောင်ပြောရမယ်။ မလိုတာလည်းမပြောရဘူး။ အားလုံးအတွက်ကို အချိန်ကို လေးစားဖို့ လိုတယ်။ နောက် ဒီစာဖတ်ပြီးတော့ ပြောတဲ့ကိစ္စ။ ဒါလည်း ကျွန်တော် ပြီးခဲ့တဲ့လွှတ်တော်မှာ နောက်ဆုံးမှာလိုက်ပါတယ်။ နောက်တစ်ကြိမ်ကျရင်တော့ စာမဖတ်နဲ့တော့နော် ဆိုတာမျိုးပေါ့။ သို့သော် အားနည်းလို့ ဟုတ်လား။ မြန်မာစာအားနည်းလို့ပဲဖြစ်စေ၊ စကားဝဲလို့ပဲဖြစ်စေ သဘောက ခွင့်တောင်းပါ။ ခုဟာက အကုန်လုံးခွင့်တောင်းနေတဲ့ သဘောရှိတယ်။ ခွင့်မတောင်းဘဲနဲ့ အလွတ်ပြောတဲ့ပုဂ္ဂိုလ်က ရာခိုင်နှုန်းတော်တော်နည်းသေး တယ်။ ရာခိုင်နှုန်းများများ ကိုယ်ပြောချင်တာကို ဒဲ့ပြောလိုက်လို့ရပါတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့ ဒဲ့ဘာမှ သိုင်းဝိုင်းပြီးတော့ ဒီ နိုင်ငံရေးတရားဟောသလို ပြောနေစရာလည်း မလိုပါဘူး။ ကျွန်တော်တို့လွှတ်တော်ဆိုတာကပထမဦးဆုံး ဒီဥက္ကဋ္ဌ အရွေးခံပြီးတဲ့အချိန်မှာ ပြောတာရှိပါတယ်

ဗျာ။ တချို့လည်း မီဒီယာတွေက တိုက်ခိုက်တာရှိတယ်။ လွှတ်တော်ထဲမှာ “သူဖြူရှင် ငါမဲမယ်ဆိုတာမျိုး” စကားရည်လုပြိုင်ပွဲမဟုတ်ဘူး။ စကားရည်လုတဲ့ ပြိုင်ပွဲမဟုတ်ဘူး။ ဒါကို သဘောမပေါက်၊ စနစ်ကို နားမလည်တဲ့သူတွေက ဒါကို တိုက်ခိုက်တာပေါ့။ စနစ်ဆိုတာက ရွေးကောက်ပွဲမှာ အများစု အနိုင်ရတဲ့ပါတီက ချက်ချင်း အစိုးရအဖွဲ့တက်လုပ်တယ်ဆိုရင် ပြီးရော့ သူတို့က ပါလီမန်အုပ်စိုးတဲ့ စနစ်ဆိုရင် လွှတ်တော်ထဲမှာ အစိုးရအဖွဲ့လည်း ရှိတယ်။ အစိုးရအဖွဲ့ဝင်အမတ်တွေလည်း ရှိတယ်။ အတိုက်အခံအမတ်တွေလည်း ရှိတယ်။ အဲဒီအခါမှာ တစ်ဖက်နဲ့ တစ်ဖက် စကားရည်လုပြိုင်ပွဲလုပ်ရတယ်။ Debate လုပ်ရတယ်။ အခုဟာ အဲဒီလို မဟုတ်ဘူး။ ဘယ်ပါတီက ဘယ်လောက်နိုင်နိုင် သမ္မတကို လွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်တဲ့ သမ္မတရွေးကောက်တင်မြှောက်တဲ့အဖွဲ့ကနေ ရွေးကောက်တင်မြှောက်တယ်။ နောက်တစ်ခုက ပြည်ထောင်စုအဆင့်ကို သမ္မတက Nominate လုပ်တာကို ပြည်ထောင်စုလွှတ်တော်တွေက နေပြီးရော့ သဘောတူလိုက်တဲ့ပုဂ္ဂိုလ်တွေက လွှတ်တော်ထဲက ထွက်သွားတယ်။ လွှတ်တော်ထဲမှာ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးနဲ့သီးခြားစီ ပိုင်းခြားကျင့်သုံး ပြီးရော့ အပြန်အလှန် ထိန်းကျောင်းတဲ့စနစ်ဖြစ်တဲ့အတွက် ဒီထဲမှာအုပ်စုလိုက် Debate ဆိုတာမရှိပါဘူး။ အုပ်စုလိုက် Debate ကျတော့ ဆန့်ကျင်ဘက်ပါတယ်။ သူဖြူရှင် ငါမဲမယ် လုပ်တာမျိုးပေါ့။ ဒီမဲရဖို့အတွက်ကို ဒါအရင်လည်း သမိုင်းကြောင်းတွေ သိပါတယ်။ စည်းရုံးတာ အမျိုးမျိုးလုပ်တာ ဒီထဲမှာ ခု ကျွန်တော်တို့က ဒီလိုလုပ်စရာမလိုဘူး။ အားလုံးသည် ဘာဖြစ်လဲ တစ်စိတ်တည်း တစ်ဝမ်းတည်း ပါတီစွဲမရှိတော့ဘူး။ ဝါဒစွဲမရှိတော့ဘူး။ တိုင်းပြည်ကောင်းဖို့အတွက် လုပ်မယ်။ လွှတ်တော်တစ်ခုလုံးက အသင်းအဖွဲ့တစ်ခုအနေနဲ့ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို အပြန်အလှန် ထိန်းကျောင်းမယ်။ သူတို့ကလည်း ဒီကို ထိန်းကျောင်းခွင့် ရှိပါတယ်။ ဒီကလည်း သူတို့ကိုထိန်းကျောင်းတယ်။ တစ်ဖက်သတ် ထိန်းကျောင်းတာမဟုတ်ပါဘူး။ ဥပဒေမှာ အပြန် အလှန် ထိန်းကျောင်းတာ၊ လွှတ်တော်နှစ်ရပ်ဆိုလည်း အပြန်အလှန် ထိန်းကျောင်းတာပဲ။ ပြည်သူ့ လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဟိုဘက်လွှတ်တော်က သဘောတူတဲ့ဥပဒေ ဒီဘက်က တူချင်မှတူမယ်။ ဒီဘက်ကတူတဲ့ဥပဒေ ဟိုဘက် တူချင်မှတူမယ်။ အဲလို တူသွားပြီဆိုရင်တော့ ပြီး ရော၊ မတူဘူးဆိုရင်တော့ ပြည်ထောင်စုလွှတ်တော်မှာထပ်ဆွေးနွေး၊ ပြည်ထောင်စုလွှတ်တော် ကျ လွှတ်တော်နှစ်ရပ်ပေါင်းပြီး ဆွေးနွေးတာပေါ့။ ဒီလိုလေးတွေရှိတာပေါ့။ ဒါစနစ်တွေ ရှင်းပြ

တာပါ။ နားလည်အောင်ပေါ့။ သူများမေးရင်လည်း နားလည်အောင်ပေါ့။ အဲဒီတော့ အခုကို ဆွေးနွေးတဲ့အခါမှာ အချင်းချင်းအဲလိုလေး ပန်ကြားလုပ်ပါ။ ဥက္ကဋ္ဌကိုပဲ လွှဲမထားပါနဲ့။ (သဘောသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)က ဦးဂျေယောဝူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး၊ ပြည်သူ တို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ လယ်ယာ၊ မြေယာ သိမ်းယူမှုများနှင့်ပတ်သက်၍ ပေပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်း များစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေနှင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား တချို့သောစာများနဲ့ အင်္ဂလိပ်စာများကို ဖတ်ကြားခွင့်ပြုပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းစာရွက် မှာပင် နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည့်တံ့ခိုင်မြဲအောင် အစဉ်အမြဲဆောင်ရွက်ထိန်းသိမ်းသွားမည်၊ သွားကမည်ဟု သန္နိဋ္ဌာန်ချမှတ် ၍လည်းကောင်းလို့ ရေးထားပါတယ်။ အဲဒါကိုပဲ နိုင်ငံတော်အခြေခံမူ ပုဒ်မ ၆(င)မှာ ဥပဒေ အဖြစ်ပြဋ္ဌာန်းထားပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ဥပဒေဆိုတဲ့အရာဟာဆိုရင် ကျွန်တော်တို့ တိုင်းသူပြည်သားများအတွက် ဥပဒေပြုထားပေးတာဖြစ်ပါတယ်။ Laws are made for men, not men for laws ဒါကြောင့် ကျွန်တော်တို့ တရားမျှတတယ်။ လောကပါလတရားပါတဲ့ တရားသည် ဥပဒေဖြစ်မှသာလျှင် လူသားတွေအတွက် ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့် လူအများ ကို ဒုက္ခရောက်စေတဲ့ ဥပဒေဆိုရင် ကျတော့ ဥပဒေလို့မခေါ်ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့

ဒါတွေကို နောက်ဆက်တွဲကပဲ ကျွန်တော်တို့က Every law has its lope hole လို့ပြောပါတယ်။ စည်းကမ်းတိုင်း၊ ဥပဒေတိုင်းမှာ သူရဲ့ ချွတ်ယွင်းချက်ကလေးတော့ရှိပါတယ်လို့ ပြောပါတယ်။ အဲဒါကို တချို့ကလည်း အခွင့်ကောင်းယူပြီးတော့မှ ဒါကို ကောင်းကောင်းလေး ပညာတတ်တဲ့လူတွေ၊ တချို့သောပေါ့လေ။ တချို့သော ဥပဒေသမားများနဲ့ တချို့သော ကုမ္ပဏီများဟာ ဆိုရင် ပေါင်းပြီးမှ ဘာမှမသိနားမလည်တဲ့ တောင်သူလယ်သမား များဆီကနေ အနုနည်း သော်လည်းကောင်း၊ စည်းရုံးသိမ်းသွင်းခြင်းသော်လည်းကောင်း ရယူသွားကတြယ်။ နစ်နာကြေး၊ ဂရုဏာကြေး၊ နောက်ပြီးတော့ လျော်ကြေးဆိုပြီးတော့ ပေးလိုက်တဲ့အချိန်မှာ ကိုကြက်ကိုကြက် မကိုကြက်ကိုကြက်ယူ၊ အခုပေးတုန်းယူထား၊ အဲဒါမျိုးတွေ ကျွန်တော်တို့ ကချင်ပြည်နယ်မှာလည်း အများကြီးရှိပါတယ်။ အဲလိုရှိတဲ့ အချိန်မှာ စိတ်မချမ်းမသာပေါ့လေ။ ဘာကြောင့်လည်းဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ် ဥပမာတနိုင်းဒေသ၊ တနိုင်းလွင်ပြင်ဒေသ၊ ပူတာအိုချိုင့်ဝှမ်းဒေသ၊ မိုးညှင်းဒေသ၊ မိုးကောင်းဒေသ၊ ဗန်းမော်ဒေသတွေမှာဆိုရင် နဂိုမှာ သစ်ပင်ကတအားကြီးတာယ်။ သစ်တောတွေ တအားများတော့ အဲဒါတွေကို ဒေသခံပြည်သူများ ဟာဆိုရင် အနှစ်နှစ်အလလ ပေါ့လေ၊ နှစ်ပေါင်းများစွာကြာမြဲ ယဥ်ပါးတဲ့လယ်တောတစ်ကွက် ဖြစ်လာတာဖြစ်တယ်။ စိုက်ခင်း တစ်ခုဖြစ်လာတာဖြစ်တယ်။ အဲလိုဖြစ်တဲ့အချိန်မှာ ကုမ္ပဏီက ဒီတချို့သော ဒေသခံအာဏာပိုင် တွေနဲ့ပေါင်းပြီးမှ တချို့သောလောဘတက်တဲ့ လူတွေကတော့ အဲဒါတွေကို မရရအောင် ဒီလိုသိမ်းသွင်းသွားတဲ့ဟာတွေလည်းရှိပါတယ်။ ဥပမာ - ကျွန်တော်တို့ ဆီမှာဆိုရင် ယုဇနကုမ္ပဏီ ပေါ့လေ ဧက (၂)သိန်း သူကရယူသွားပါတယ်။ အဲဒီအချိန်မှာ ဒေသခံ တချို့ဟာဆိုရင် ဘာမှ လျော်ကြေးလည်းမရဘူး။ ပငြိပမှာ မောင်းထုတ်ခံရတယ်။ အဲဒါဟာ ကျွန်တော်တို့ဘိုးဘွားခေတ် ထဲက လုပ်နေတယ်ဆိုရင်လည်းမရဘူး။ အဲလိုပဲ တချို့ကျတော့ အနည်းအကျဉ်းရတဲ့ လူတွေလည်း ရှိပါတယ်။ လုံးဝမရဘူးတော့ မဟုတ်ပါဘူး။ နောက် အမျိုးသားကြီးကြပ်ရေး ကော်မတီဆိုတာ အမျိုးသားကြီးကြပ်ရေးကော်မတီကလည်း အဲလိုပဲ ပြည်သူများကို သိပ်မသထာဘူး။ အဲလိုပဲ ရယူသွားပါတယ်။ Jade Land ကုမ္ပဏီ၊ မြေကြက်ပိုင်း တော်ဝင် ကျောက်စိမ်းကုမ္ပဏီတို့ပေါ့လေ။ နောက်တချို့သော တရုတ်ပြည်က ဟုန်ရှင်းကုမ္ပဏီ က ကျောထောက်နောက်ခံပေးထားတဲ့ ကုမ္ပဏီတချို့တွေလည်း အဲလိုပဲ ကျွန်တော်တို့ဒေသ တချို့များများကို အဲလိုရယူသွားတဲ့ အချိန်မှာ ပြည်သူများက မကျေမချမ်းဖြစ်တယ်။ သူတို့ ငယ်ငယ်ကတည်းက ဒီတစ်ကွက်ပဲ လုပ်စားလာနေတဲ့ဟာ ပါသွားတဲ့အချိန်မှာ ဒီနှစ်တော့

မလုပ်လိုက်ရဘူး။ မလုပ်လိုက်တဲ့နှစ်မှာ သိမ်းသွားတဲ့အကွက်တွေလည်း ပါသွားပါတယ်။ အဲဒီအချိန်မှာ သစ်ပင်ကြီးတွေခုတ်၊ အငုတ်တွေတူး တစ်နှစ်ထက်တစ်နှစ် ဆယ်နှစ်မက အဲလို ယဉ်ပါးအောင်လုပ်ထားတဲ့ လယ်တွေ၊ အခင်းတွေ ပါသွားတဲ့အချိန်မှာ သူတို့ထမင်းအိုးတွေ ကွဲသွားသလို၊ ပန်းကန်မှောက်သွားသလို ခံစားရပါတယ်။ အဲလိုဖြစ်သွားတဲ့အချိန်မှာ တချို့ ကလည်း ခုနပြောတဲ့ CPIUN ကုမ္ပဏီတို့သည် ဒီဆက်စပ်တဲ့ တရုတ်ကုမ္ပဏီ တချို့ ခါကာဘို၊ လပြည့်ဝန်း၊ မလိခ၊ အဂျန်းစတုန်း ကုမ္ပဏီတွေ အဲဒါမျိုးတွေလည်း ဒီပြည်သူများရဲ့ သတ္တုရှိတယ်၊ ရွှေရှိတယ်ဆိုရင် ရွာတွေကိုလည်း ညှိနှိုင်းဆွေးနွေးမှု မရှိဘူး။ ရွာကိုလည်း တစ်ခါတည်း ရွာကလေးများရဲ့ ဘောလုံးကွင်းတွေပါ တစ်ခါတည်း တူးသွားတယ်။ ရွာအိမ်တွေကိုလည်း ဖယ်ခိုင်း၊ အတင်းအဓမ္မဖယ်ခိုင်းပြီးမှ လျော်ကြေးမြရပဲနဲ့ ဒီလိုကျွန်တော်တို့ ရှိပါတယ်။ အခုကျွန်တော်တို့ ဒီပြည်သူများ တိုင်စာ၊ ပစ်စာ ကော်မတီမှာ ရောက်လာတာက ဒီအိမ်ရာနဲ့ လယ်ယာ ဒီပြဿနာက (၄၃) မှုပဲ ရှိပါတယ်။ ဒါက ကျွန်တော်တို့ ဒီဟာဖွင့်လိုက်ပြီကြားလိုက်တာ က (၂) လကျော်ကျော်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်မှာ ဒီလောက်ရောက်လာ တယ်။ တကယ် မသိတဲ့ စာမဖတ်တတ်တဲ့ တောတောင်မှာ နေထိုင်ကတြွေလူတွေက ဘာမှလည်း မပြောတတ်ဘူး။ ဒီမှာဆက်သွယ်ရမယ်ဆိုတာလည်း မသိဘူး။ အဲဒါမျိုးတွေလည်း ကျွန်တော် တို့ အများကြီး ခံစားနေရပါတယ်။ အဲလိုခံစားနေရတော့ ကျွန်တော်တို့ အများအပိုင်းက ဘယ်လို ဖြစ်သလဲ။ I don’t hand is satan workshop လို့ပြောပါတယ်။ ဟိုပျင်းရိနေထိုင်သွားတဲ့သူဟာဆိုရင်၊ လက်ဟာဆိုရင် စေတန်မာရ်နတ်ရဲ့ workshop အလုပ်ရုံဖြစ်လာပါတယ်တဲ့။ ဒါကြောင့် ပျင်းတယ်၊ အလုပ်လက်မဲ့ဖြစ်သွားတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၁ မှာလည်း ကျွန်တော်တို့က နိုင်ငံတော်သည် ပြည်သူပြည်သားများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သလောက် ကူညီဆောင်ရွက်သွားမယ်လို့ ပြောပါတယ်။ အဲလိုပြောတဲ့ အချိန်မှာ ကျွန်တော်တို့က အလုပ်လက်မဲ့ ပိုများလာတယ်။ ကိုယ်ပိုင်ခံ့ြအခင်းလေးတွေ သိမ်းသွားတယ်။ လယ်တွေမရှိတော့တဲ့ အချိန်မှာ လျော်တဲ့နေရာ အိမ်ခန်းလေးကျဉ်းကျဉ်းလေးမှာ သွားနေတယ်။ မိုးတွေယိုတယ်။ ဘယ်မှာသွားပြောရင်လည်း မပြောနဲ့လို့ပြောတယ်။ သက်ဆိုင်ရာကို သွားတိုင်မယ်ပြောရင်လည်း မပြောရဘူးလို့ပြောတဲ့ အချိန်မှာ ဒီလိုသူတို့ရဲ့ Own Chance ပေါ့။ သူတို့ရဲ့ သဘြပစိတ်ကို ချုပ်ကိုင်ထားသလိုဖြစ်တော့ ပြည်သူတွေကလည်းမပျော်ဘူး။ တိုက်ခန်းလေးမှာ နေခိုင်းရင်လည်း ဟိုအဝေးကြီးကိုသွားပြီးမှ တရားမဝင်ငွေရလွယ်တဲ့

မှောင်ခိုဘိန်းလုပ်ငန်းတွေ အစားထိုး လုပ်ကိုင်လာကြတယ်။ အဲလိုနဲ့ လောင်းကစားတွေလည်း ဖြစ်လာတယ်။ ဒီကျွန်တော်တို့ တစ်ဖက် နိုင်ငံကိုလည်း ကူးပြောင်းသွားတဲ့ အဲဒီလို တရားမဝင် နည်းလမ်းနဲ့သွားကြတဲ့ လူလည်းအများကြီး ပေါ်များလာတယ်။ အဲဒီအခါမှာ ဟိုးကျွန်တော်တို့ လွန်ခဲ့တဲ့(၂)နှစ်လောက်တုန်းက ရွှေလီမှာ ရောက်တဲ့အချိန်မှာ အဲလိုပဲ ရွှေလီထဲမှာ မြန်မာနိုင်ငံ တိုင်းရင်းသားတွေ တောင်းနေကြတယ်။ ပိုက်ဆံတွေတောင်းတယ်။ သူများခြေထောက်ကို သွားဖက်ပြီးမှပေးပါ။ အဲလိုပြောတယ်။ ဖုန်းတော့ ကိုင်ထားတယ်။ ခဏနေ လူလာရင် ပိုက်ဆံ တောင်းတယ်။ အဲလိုဖြစ်နေတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေ ပါတယ်။ ဒါကလည်း ကျွန်တော်တို့ရဲ့ ကောင်းကောင်းပြေလည်အောင် မဖြေရှင်းလိုက်တဲ့ ကိစ္စကြောင့်နဲ့ မကျေနပ်မှုတွေ ပေါ်လာပြီးမှ ဒီလို တချို့ကလည်း အဲဒီပဋိပက္ခ အဖွဲ့တွေမှာ ပါဝင်သွားတဲ့လူတွေလည်း အနည်းအကျဉ်း ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့်မို့ ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) ပြည်သူတို့၏ အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးရဲ့ လယ်ယာ၊ မြေယာသိမ်းယူမှုများနှင့်ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်း များအတွက် ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေနှင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ အခု ကျွန်တော် ပြည်သူတို့ရဲ့တိုင်ကြားစာနဲ့

အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ လယ်ယာမြေပြဿနာသိမ်းမှုများနှင့်ပတ်သက်၍ ပေလြည်အောင်ညှိနှိုင်း ဖြေရှင်း နိုင်ခြင်းမရှိသောအမှုအခင်းများစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်ထောက်ခံပြီး ဆွေးနွေးပါ့မယ်။ နောက်ပြီးတော့ ဦးအောင်ငြိမ်း ဥက္ကဋ္ဌအနေနဲ့ တာဝန် ယူတယ်။ မနေ့ကတွေ့ရတာ ဦးရှုမောင်က အတွင်းရေးမှူး၊ အဲဒီတော့ ဒီကော်မတီဖွဲ့ခဲ့တဲ့ သက်တမ်းက တစ်လပြည့်ပြီလား။ ကျွန်တော်တော့ ပန်မကြည့်ဖြစ်သေးဘူး။ ဒီလွှတ်တော် အစည်းအဝေးသက်တမ်းမှာပဲ ဖွဲ့ခဲ့တယ်။ ဒီကနေ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဒီလို အဆိုကို တင်သွင်းနိုင်တာဟာ တကယ့်အလုပ်လုပ်တဲ့နေရာမှာ ဒီကော်မတီဟာ အင်မတန်မှ အလုပ်ကို အလေးအနက်ထားပြီးတော့ ထိထိရောက်ရောက်လုပ်လို့သာလျှင် ဒီလိုအဆိုကို တင် သွင်းနိုင်ခြင်းဖြစ်တယ်လို့ ကျွန်တော်ပထမဦးဆုံး ချီးကျူးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တိုင်စာ၊ အသနားခံစာ ရောက်နေတာတွေဟာ၊ အားလုံးပြဿနာတွေဟာ အဟောင်းတွေချည်းပဲ။ အဟောင်းဆိုတာ ကျွန်တော်တို့ရဲ့ရွေးကောက်ပွဲမတိုင်ခင်က ရွေးကောက်ပွဲနီးလာတဲ့ အချိန် ကာလမှာ ဖြစ်ပျက်လာတဲ့ ပြဿနာတွေပဲ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့တဲ့ဥစ္စာကို ဒီကနေ့လို ပြည်သူတွေဟာ ဒီမိုကရေစီခေတ်ကို စပြီးတော့ကျင့်သုံးတဲ့နေရာမှာ တိုင်ကြားတာ၊ အသနားခံ တာကို ကော်မတီဖွဲ့ပြီးတော့ နိုင်ငံတော်အစိုးရကလည်း ဖြေရှင်းပေးနိုင်အောင် လုပ်ပေးတာဟာ ကောင်းတဲ့ ဒီမိုကရေစီ အခွင့်အရေးတစ်ရပ်အနေနဲ့ ပြည်သူတွေဟာအကျိုးခံစားခွင့် တစ်ရပ် ဖြစ်တယ်။ နောက် အနာဂတ်အတွက် ကျွန်တော်တို့ ဒီမိုကရေစီတိုးတက်ရေးအတွက်လည်း အများကြီး အထောက်အကူဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့မငြင်တယ်။ ပြည်သူတွေအနေနဲ့က လည်း မငြင်ကမြဲပါ။ အဲတော့ ဒီကနေ့ဖြစ်နေတဲ့ ပြဿနာတွေဟာ ဘယ်ကနေစလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် လယ်သမား၊ ခံပြာမားရဲ့သားသမီးပါ။ ကျွန်တော် အထက်တန်းကနေ စပြီးတော့ဘွဲ့ရတဲ့အထိဟာ အစိုးရရဲ့ထောက်ပံ့ကြေးတစ်ဝက်နဲ့ ကျွန်တော့်မိဘရဲ့ထောက်ပံ့ကြေး တစ်ဝက်နဲ့ ကျွန်တော်ဘွဲ့ရခဲ့တဲ့လူ၊ လယ်သမား၊ ခံပြာမားရဲ့သားသမီးပါ။ ကျွန်တော့်နေနဲ့တော့ ဒီပြဿနာတွေကို အများကြီးစိတ်ဝင်စားတယ်။ နောက်ပြီးတော့ တောင်သူလယ်သမားတွေက လည်း ကျွန်တော်တို့ကို အများကြီးတင်ပြကြတယ်။ အဲတော့ ဖြစ်ခဲ့တဲ့ပြဿနာဟာ ဘာလဲ ဆိုတော့ လယ်ယာမြေပြဒေရဲ့ အားနည်းချက် ဒါတစ်ချက်၊ ပြီးခဲ့တဲ့ ခုနတုန်းက ကိုယ်စားလှယ်

တွေ အများကြီးဆွေးနွေးခဲ့ပါတယ်။ နောက်ပြီးတော့ဌာနဆိုင်ရာဝန်ထမ်းများရဲ့ အားနည်းချက်ပါ တယ်။ နောက်တောင်သူလယ်သမားတွေဟာ ခေတ်အဆက်ဆက်ကနေ ယနေ့အထိ အသိဉာဏ်၊ ဗဟုသုတပေးတဲ့နေရာမှာ အားနည်းတယ်။ ရရှိလက်ခံထားတဲ့ တောင်သူလယ်သမားတွေဟာ ဗဟုသုတအနေနဲ့ အသိဉာဏ်အနေနဲ့ရရှိမှုနည်းတယ်။ အဲဒီအပိုင်းလည်းပါတယ်။ ဗဟုသုတ နည်းလို့၊ အတွေ့အကြုံနည်းလို့၊ သွားလာမှုနည်းလို့ အဲဒီအတွက်ကြောင့် သူများလိမ်သလို ခံခဲ့ရ တာလည်း များပါတယ်။ နောက်တစ်ချက်က တောင်သူလယ်သမားကို ကာကွယ်ပေးမယ့် အဖွဲ့အစည်းက နည်းတယ်။ အဲဒီတော့ ဒီကနေ့ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း NGO လိုဟာမျိုးတွေ အဲဒါတွေ ဒီကနေ့မှာ ရှိလာတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေ ရှိလာတယ်။ တောင်သူလယ်သမားတွေကို အသိဉာဏ်ပေးတာ၊ အကြံဉာဏ်ပေးတာ၊ ဗဟုသုတ ပေးတာ အဲတာတွေဖြစ်ပေါ်လာတယ်။ အဲဒီအတွက်ကြောင့် ဒီကနေ့မှဖြစ်လာတယ်။ အရင်တုန်း က အဲတာတွေ မရှိခဲ့ဘူး။ အားနည်းချက်က ဒါလည်းတစ်ခုရှိတယ်။ နောက်တစ်ခုက ဘာလဲဆို တော့ အမြတ်ထုတ်လိုသူတို့အနေနဲ့ အခွင့်အရေး၊ အရှိန်အဝါကိုအသုံးချတတ်တဲ့ အချက်တစ် ချက်လည်းပါ ပါတယ်။ ဒါကြောင့် လယ်ယာမြေသိမ်းဆည်းမှု အများအပြားဖြစ်ခဲ့တဲ့အတွက် ကြောင့် ဒီကနေ့ ဒီပြဿနာကို ဒီကော်မတီဆီကို တိုင်ကြတယ်၊ အသနားခံကြတာဖြစ်တယ်။ ပြည်သူတွေရဲ့တိုင်ကြားစာ၊ အသနားခံစာကော်မတီကို မရောက်သေးတဲ့ အမှုတွေအများကြီး ရှိ ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာ တင်ပြသလောက် ကျွန်တော်တို့ပြည်သူနဲ့ တွေ့ဆုံတဲ့ နေရာမှာ ပြည်နယ်အစိုးရကို လွှဲအပ်လို့ရတဲ့ကိစ္စရပ်အများအပြားကို ကျွန်တော်တို့ လွှဲအပ်ခဲ့ပါ တယ်။ ဒီကို အကုန်လုံး တိုင်စာအနေနဲ့ ဒီအထက်ကို ရောက်ဖို့မလိုဘဲနဲ့ ပြည်နယ်အစိုးရအနေနဲ့ ညှိနှိုင်းပြီးတော့ ဖြေရှင်းလို့ရတဲ့ကိစ္စကို ဟိုမှာ အများအပြား လက်ခံပြီးတော့ ဖြေရှင်းနေပါတယ်။ တကယ်မှာဆိုရင် အဲဒီလိုသာမလုပ်ဘူးဆိုရင် ဒီမှာ တိုင်စာတွေအများကြီး ရောက်နေမှာပါ။ အဲတော့ မတိုင်ကြားသေးတဲ့ အမှုအခင်းတွေ အများကြီးရှိပါသေးတယ်။ ဘာလည်းဆိုတော့ ဒီလွှတ်တော်ပေါ်လာတယ်။ ဒီမိုကရေစီစနစ်ကို စပြီးတော့ကျင့်သုံးနေတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေကို တင်ပပြီးတော့ လွှတ်တော်က ကိုယ်စားလှယ်ကနေ လွှတ်တော်မှာ သွားပြီးတင်ပြရင် သူတို့မှာ ခံစားမှုအကျိုးတရားတွေ ပေါ်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ မတိုင်ကြား ရသေးတဲ့ လူတွေလည်းအများကြီးရှိပါသေးတယ်။ နောက်ပြီးတော့ကျွန်တော်တစ်ခု ဖြစ်လာတဲ့ ပြဿနာထဲမှာ ဌာနဆိုင်ရာရဲ့အားနည်းချက်ဆိုတာ ဘယ်လိုဖြစ်လည်းဆိုတော့ ကျွန်တော် တို့

တွေ့ရသလောက် အခုဖစ်ြခဲ့ပြီးသလောက် ဘာလဲဆိုတော့ ရပ်ကျေးက အုပ်ချုပ်ရေးမှူး တွေနောက်ပြီးတော့ အခွင့်အရေးသမားလူလည်ကျတတ်တဲ့ လူတွေ၊ မညှာမတာအမတြ်ထုတ်တတ်တဲ့ လူတွေက တောင်သူလယ်သမားတွေရဲ့ ပျော့ကွက်ကိုကြည့်ပြီးတော့ အချို့ ကျွန်တော်တို့ နယ်ဘက်မှာဆိုရင် ခံစို်က်တာများပါတယ်။ ခံစို်က်မပေြိုင်းတဲ့အခါမှာ ချုံတွေများတဲ့နေရာ ဥပမာ အနောက်ချင်းဆုံတဲ့နေရာ၊ အစွန်အဖျားနေရာမှာ ချုံတွေများတော့ မပေြိုင်းတဲ့သူတွေက အဲဒါကို သွားမတိုင်းတော့ဘူး။ ဒါတွေကတော့ကိစ္စမရှိဘူး။ ကောင်းတဲ့နေရာပဲတိုင်း၊ ဟိုဥစ္စာ လွှတ်ထား၊ ဒါပေမယ့် ဟိုဘက်ကလည်းစိုက်၊ ဒီဘက်ကလည်း စိုက်၊ နောက်ဆုံးကျတော့ ကျန်တာ မရှိတော့ဘူး။ ဒီကနေ့ ကျွန်တော်တို့မွှန်ပြည်နယ်မှာ မပေြာလွတ်တာကို သိပ်မထားတော့ဘူး။ အားလုံးစိုက်ပျိုးကတြယ်။ အဲဒီတော့ မပြေမှာကြည့်တဲ့ အခါကျတော့ မပေြာစ်ကွက်လွတ် နေတယ်။ လွတ်နေတဲ့ဟာကို ခုနတုန်းက မညှာမတာလည်တဲ့ လူတွေကဌာနဆိုင်ရာနဲ့ပေါင်းပြီး တော့ဟာ ဒီနေရာလွတ်တယ်၊ သူကိုင်လိုက်တယ်၊ သူပိုင်တယ်။ သူ့နာမည်ကို ထည့်လိုက်တယ်။ ဒီမှာစိုက်ထားပြီးတဲ့ ခံု့ရာဘာခံု့ခစြ်လို့ရတဲ့ခံု့ဖစြ်နေတယ်။ အဲဒါကို ခုနတုန်းက ဘာမှမလုပ်ဘဲ နဲ့ မပြေမှာကြည့်ပြီးတော့ ဟိုမှာဌာနဆိုင်ရာနဲ့ ပေါင်းပြီးတော့ သူပိုင်ပါတယ် ဆိုပြီးတော့သိမ်း တယ်။ နောက်တစ်ချို့နေရာမှာကျတော့တပ်ကို အယောင်ပပြြီးတော့ တပ်ကသိမ်းပါတယ် ဆိုပြီးတော့ လာပေြပြီးတော့ ဟိုတိုင်း၊ ဒီတိုင်းပြီးတော့သိမ်းတယ်။ နောက်ဆုံးကျတော့ ဒီသိမ်းတာ ကိုလွှတ်ရအောင် ဒီခံရှင်ကလည်း သူ့ခံကြ တန်ဖိုးရှိနေတယ်လွတ်အောင်ဆိုပြီးတော့ ငွေ ဘယ်လောက်ပေးပါ၊ ငွေညှစ်တာရှိတယ်။ အဲဒီလိုအမှုကိစ္စမျိုးကို အခု ကျွန်တော်တို့ မွှန်ပြည်နယ် မှာ ကိုင်တွယ်နေပါတယ်၊ တရားရုံးတွေတက်ပြီးတော့၊ တစ်ချို့နေရာမှာ ခုနတုန်းကလာလုပ်တဲ့ သူကခံရှင်ကို ပိုက်ဆံမပေးလို့ တရားပန်ြစွဲတာ ရှိသေးတယ်။ တရားစွဲတာတောင်မှ နီးနီးနားနား မစွဲဘူး၊ ရေးမြို့နယ်ကအမှုကို သံဖြူဇရပ်တို့မုဒုံတို့၊ မော်လမြိုင်တို့ တရားရုံးမှာ တရားသွား စွဲတယ်။ အဲဒီတော့မှ ရေးမြို့နယ်က ခံသြမားက မော်လမြိုင်အမှုချိန်းဆို မော်လမြိုင်သွားရမယ်။ မုဒုံသွားရမယ်ဆိုတော့ မသွားနိုင်ရင် အမှုရှုံးရမယ်။ ဒါပေမယ့် ဒီကိစ္စက တောင်သူလယ်သမား တွေ ရိုးအတဲ့အတွက်ကြောင့် ခံနေရတယ်ဆိုတာ တစ်ဖက်က ရိုးအလို့၊ အသိဉာဏ်၊ ဗဟုသုတ နည်းလို့၊ ခုနတုန်းက ဒီစာရွက်စာတမ်း ပြည့်ပြည့်စုံစုံကို မကိုင်ထားရဘူး။ ဒါပေမယ့်မကိုင်ထား ရဘူးဆိုပေမယ့် ကျွန်တော်တို့ရဲ့ ဥပဒေကဘာလဲဆိုတော့ လက်ရှိလုပ်နေတဲ့လူဟာ ဒါဟာပိုင်ရှင်

ပဲ။ အဲဒါကို ကျူးကျော်ပြီးတော့ သိမ်း၊ အစွဲခံရ။ ဒါပေမယ့် အခု ဒီကနေ့ ဒီမိုကရေစီ နည်းနည်း ထွန်းကားလာပြီဆိုတော့ တောင်သူလယ်သမားတွေအတွက် အသက်ရှူပေါက်တော့ရပါတယ်။ အခုပြည်နယ်မှာ အဲဒီအဖြစ်မျိုးအများကြီးဖြစ်ရှင်းနေပါတယ်။ အချို့က ကျွန်တော်တို့ကို တိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့က လွှတ်တော်တွေကို မသယ်လာပဲနဲ့ ပြည်နယ်မှာ လွှဲပေးလိုက်တယ်။ ကျေးရွာဥက္ကဌက နည်းနည်းအဆင်မပြေတဲ့ ခံကြိုသိမ်း၊ အိမ်ယာကွက်လုပ် (အိမ်ယာကွက်လုပ်) ပြီးတော့ အဲလိုသိမ်းဖို့ ရွာဥက္ကဌက သူတစ်ယောက်တည်း လုပ်လို့မရဘူး။ အထက်က အဆင့် ဆင့်ကို ပေါင်းပြီးတော့ ပေလြည်တဲ့နည်းနဲ့ပေါ့လေ။ ကျွန်တော်တော့မပေါင်းတတ်ဘူး။ အဲဒါကို သူက အဲဒီမြေကိုသိမ်းပြီးတော့ တစ်ခါ အိမ်ယာကွက်လုပ်ပြီးတော့ ရောင်းစားတယ်။ ဘယ်လိုမှ ကန့်ကွက်လို့ မရဘူး။ ဒီကနေ့ထိ ဒါလည်းပဲ ဖြစ်နေတာ အများကြီးရှိပါတယ်။ အဲတော့ ဒီကနေ့ တောင်သူလယ်သမားတွေဟာ မြေအသိမ်းခံရတဲ့ ဥစ္စာဟာ တရားတာပဲကြည့်ကြည့်၊ မတရား တာပဲကြည့်ကြည့်၊ ဒီနေ့ ဦးအောင်ငြိမ်းရဲ့ အစီရင်ခံ အဆိုတင်သွင်းတာဟာ ဘာလည်းဆိုတော့ အင်မတန်မှ အရေးကြီးပြပါတယ်။ ကျွန်တော့်အနေနဲ့ ယခုအချိန်မှာ ကျွန်တော်တို့ လွှတ်တော် အစည်းအဝေးမှာ ဂန်ကြီးတွေ ကတိပေးခဲ့တာလည်း အများကြီးရှိခဲ့ပါပြီ။ အချို့ဌာန၊ တပ်ပဲ ဖြစ်ဖြစ်၊ ဌာနပဲဖြစ်ဖြစ်၊ အရေးကြီးလို့သိမ်းတယ်။ သုံးစွဲဖို့လိုအပ်သလောက်ကိုယူပြီးတော့ အဆောက်အအုံက ဥပမာ-ကာကွယ်ရေးဝန်ကြီး ဖြေရှင်းထားသလို အဆောက်အအုံကလွဲလို့ ကျန်တဲ့အပိုင်းကို သူ့လက်ရှိ ဒီကနေ့ ခံရှင်၊ လယ်ရှင်တွေကို ဒါတွေကို ဒီကနေ့ ပြန်အပ်နိုင်ရင် တောင်သူလယ်သမားတွေအတွက် အင်မတန်မှ ကောင်းပါတယ်။ ဘာလဲဆိုတော့ ဒီတောင်သူ လယ်သမားတွေခံနေရတဲ့ ဥစ္စာက အလုပ်လက်မဲ့ ဖြစ်သွားတယ်။ သူ့ရဲ့ဝမ်းစာရေးပျက်သွား တယ်။ သူ့ရဲ့ဘဝနေ့စဉ်သုံးစွဲမှု လူမှုရေးမှာ ထိခိုက်မှုရှိတယ်။ နောက်ပြီးတော့ တစ်ခုတော့ ရှိတယ်။ ဥပမာ- တပ်ပဲဖြစ်ဖြစ်၊ ဌာနပဲဖြစ်ဖြစ် ဘာကြောင့်ဒါမျိုးသိမ်းရတယ်။ လိုအပ်လို့ အဲဒီလိုအပ်ချက်ကို နိုင်ငံတော်ကနေ ဖြည့်ပေးဖို့လိုတယ်။ တစ်ချို့က ရုံးသုံးစရိတ်တို့၊ ရုံးသုံးပစ္စည်းကရိယာ Facility ပေါ့လေ။ အဲဒါမျိုးပေါ့ အစိုးရဆီက မရတဲ့အခါကျတော့ အပြင်အနေနဲ့ ရှာရတာရှိတယ်။ ဥပမာ-တချို့ဆိုရင် ကျွန်တော်တွေ့ရသလောက်ဆိုရင် ရဲဘော်တွေဟာ တပ်နားချိန်မှာဆိုရင် မနားရဘူးကောင်းကောင်း။ အလုပ်ကမြဲတွေ သွားငှားလုပ်ရ၊ သစ်ခုတ်၊ ဝါးခုတ် ဒါအပိုဝင်ငွေ ရအောင် အဲဒီတော့ ကျွန်တော်တို့က ဒါအစိုးရ

အနေနဲ့ တစ်ဖက်က အနားယူတဲ့အချိန်မှာ အနားယူနိုင်အောင်၊ သင်တန်းယူတဲ့အချိန်မှာ မွမ်းမံသင်တန်းတွေဘာတွေနားမယ်။ အရည်အချင်း ပြည့်အောင်ပိုပြီးတော့ Quality တက်အောင်လုပ်ရမယ်။ အဲလိုလုပ်နိုင်အောင် ခုနတုန်းက ထောက်ပံ့ဖို့ ဖြည့်ဆည်းမယ်။ ခုနတုန်းက တောင်သူလယ်သမားတွေအတွက် အရေးကြီးတဲ့ဟာကို ပန့်ပေးမယ်။ အစိုးရကနေ တစ်ဖက်ကို ပြည့်ဝအောင်ဖြည့်ဆည်းပေးမယ်။ အဲလို နှစ်ဦးနှစ်ဖက်ကညှိပြီးတော့ လုပ်ဖို့ လိုပါတယ်။ အဲဒီလို လုပ်နိုင်ဖို့အတွက်လည်း ကော်မတီကနေတစ်ဆင့် ကျွန်တော် အကြံပြုချက် ပေးပါတယ်။ နောက်ပြီးတော့ အခု ကုမ္ပဏီတွေက ဦးဂျေယောဝူ ပြောတာလည်းရှိတယ်။ အခြား နေရာမှာလည်းရှိတယ်။ တစ်နိုင်ငံလုံးမှာရှိတယ်။ လယ်ယာမြေတွေ သိမ်းပြီးတော့ ကုမ္ပဏီ အနေနဲ့ တစ်ခါတည်း စက်မှုလယ်ယာဖြစ်အောင် လုပ်တယ်။ အဲဒီလို လုပ်လို့တော့ တကယ် ပြောမယ်ဆိုရင်တော့ အောင်မြင်ဖို့မလွယ်ဘူး။ ဆိုရှယ်လစ်ခေတ်က လုပ်ခဲ့ပြီးပြီ၊ ကုမ္ပဏီလုပ်လို့ ကျွန်တော်တို့ ခုနတုန်းက ဒေါက်တာခင်ရွှေ ပြောသွားတာ ဧကပေါင်း သန်းပေါင်းမြောက်များစွာ ကျွန်တော်တို့ဗမာပြည်ဟာ ဗီယက်နမ်နိုင်ငံ ထက်အများကြီး လယ်ဧကများတယ်။ အဲဒီလောက် လယ်ဧကအများကြီးကို ကျွန်တော်တို့ စက်မှုလယ်ယာဖြစ်အောင် ဒီ ကုမ္ပဏီကဟိုမှာ ဧက(၁၀၀၀)၊(၂၀၀၀)၊(၁၀၀၀၀)သိမ်းပြီးတော့လုပ်မယ်ဆိုရင် ဒါကတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စက်မှုလယ်ယာဖြစ်လာမှာမဟုတ်ဘူး။ စက်မှုလယ်ယာဖြစ်ဖို့ဟာ လယ်သမားတွေအားလုံးဟာ စက်မှုလယ်ယာကို စိတ်ပါလက်ပါလုပ်မှ ဖြစ်မယ်။ လယ်သမားတွေကို စက်ထုတ်ပေး၊ ဈေးပေါပေါနဲ့ ထုတ်ပေးနော်။ လောင်စာဆီကို ထုတ်ပေး၊ အဲတော့မှ လယ်သမားဟာ သူ့ဟာသူ တတ်လာမယ်။ လုပ်လာမယ်။ လုပ်လည်း လုပ်ချင်လာမယ်။ ဒီကနေ့ နွားနဲ့လယ်သမားတွေက မသုံးချင်တော့ဘူး။ ကျွန်တော်တို့ မွန်ပြည်နယ်မှာဆိုရင် နွားစားကျက် တောင် သိပ်မရှိတော့ဘူး။ နွားလည်းမမွေးမြူချင်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဒါဟာလူရဲ့ အားပိုပြီးတော့ စိုက်ရတဲ့ အတွက်ကြောင့် စက်မှုနဲ့တော့ လုပ်ချင်ပါတယ်။ ဒါပေမယ့် ဒီကနေ့ စက်မှုမှာ အခက်အခဲက စက်တွေဝယ်ဖို့ ဈေးနှုန်းကြီးတယ်။ ဝယ်ရတာမလွယ်ဘူး။ နောက်ပြီးတော့ လောင်စာဆီ မပြည့်စုံဘူး။ အဲလိုဖြစ်တဲ့အခါကျတော့ လယ်လုပ်တယ်ဆိုတာ သူ့အချိန် လပိုင်း၊ ရက်ပိုင်း အတွင်းမှာ ပြီးရင်ပြီးအောင် မီရင်မီအောင် အဲလိုလုပ်ရတဲ့အတွက်ကြောင့် အဲဒါမျိုး ရှိတဲ့ အတွက်ကြောင့် အဲဒါစက်မှုလယ်ယာကို မရောက်သေးဘူး။ စက်မှုလယ်ယာကို ရောက်ဖို့ အတွက်က လယ်သမားတွေလုပ်မှ ဒီကနေ့အဲဒီလို သိမ်းပြီးတော့ စက်မှုလယ်ယာဖြစ်အောင်

လုပ်မယ်ဆိုတာလည်း စိတ်ကူးယဉ်ဆန်တဲ့သဘောပဲ။ အောင်မြင်မယ့် အခြေအနေလည်းမရှိဘူး။ လယ်သမားတွေ မှာဆုံးရှုံးမှုများပါတယ်။ အဲဒါလည်းပဲ ကျွန်တော်တို့အနေနဲ့ အလေးအနက် စဉ်းစားပြီးတော့ ဒီပြဿနာတွေကို ဖြေရှင်းဖို့လိုပါတယ်။ နောက် တောင်သူလယ်သမားတွေ အနေနဲ့ကလည်းပဲ ဒီလယ်ယာမြေဥပဒေနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ကျွန်တော်တို့ အနေနဲ့ ပေးဖို့လိုတယ်။ နောက်ပြီးတော့ ဒီလယ်သမား တွေရဲ့လိုအပ်ချက်ကို ဘာပဲပြောပြော ကျွန်တော်တို့ပါတီအဖွဲ့အစည်းတွေ အားလုံးကနေ ဝိုင်းဝန်းတာဝန်ယူ၊ ဝိုင်းဝန်းဆွေးနွေး၊ ဝိုင်းဝန်း ပညာပေး၊ ဝိုင်းဝန်းအကောင်းဘက်ကို ဦးဆောင်ပေးဖို့လုပ်နိုင်မှ ကျွန်တော်တို့ရဲ့ (၇၀)ရာခိုင်နှုန်း သော ပြည်သူဖြစ်တဲ့ တောင်သူလယ်သမားတွေဟာ တိုင်းပြည်ရဲ့ လုပ်အားကောင်းကောင်း ဖြစ်လာပြီးတော့ တိုင်းပြည်အတွက်လည်း အကျိုးရှိမယ်။ တိုင်းပြည် တိုးတက်ရေးအတွက်လည်း အကျိုးရှိမယ်။ ဒါကြောင့် ဒီကော်မတီရဲ့ လုပ်ဆောင်ချက် ဒီကနေ့ ဒီအဆိုကို တင်ပြနိုင်တာဟာ အင်မတန်မှ ချီးမွမ်းပြီးတော့ ဒီအဆိုကို အပြည့်အဝ ထောက်ခံပါတယ်လို့ပြောရင်းနဲ့ ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေး ခေတ္တရပ်နားပါ့မယ်။ (၂)နာရီ မိနစ်(၄၀)မှာ ပြန်စမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၃း၅၅ နာရီအချိန် တွင် ရပ်နားပြီး ၁၄း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး**။ ။**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။**

**အခမ်းအနားမှူး**။ ။**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ။**

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။**အားလုံးထိုင်နိုင်ကြပါပြီ။**

အချိန်၊ ၁၄း၄၀။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ပဲဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်ထောက်ခံ ဆွေးနွေးမဲ့အဆိုကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ငြိမ်း၊ ပြည်သူ တို့ရဲ့တိုင်ကြားစာနှင့် အသနားခံဆိုင်ရာကော်မတီဥက္ကဋ္ဌအနေနဲ့ တင်ပြထားတဲ့လယ်ယာ၊ မြေယာ သိမ်းယူမှုများနှင့်ပတ်သက်၍ ပေပြည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိသောအမှုအခင်း များစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကြည့်မယ်ဆိုလို့ရှိရင် ဒီတိုင်ကြားစာကော်မတီ အနေနဲ့ လက်ခံရရှိတဲ့တိုင်ကြားစာအပေါ်မှာမူတည်ပြီးတော့ ဒီအဆိုကို ဖြစ်ထွန်းလာတာတွေ့ရ ပါတယ်။ ဒါကြောင့်မို့ ဒီလယ်ယာမြေနဲ့ပတ်သက်တဲ့ ပြဿနာတွေဟာ အရင်ကလည်း ဒီကျွန်တော်တို့ မေးခွန်းတွေမေးခဲ့ပါတယ်။ ဝန်ကြီးတွေကလဲ ဒီဖြစ်ပေါ်လာတဲ့ ဥပဒေသစ်များနဲ့ အညီ ပန်လည်ဖြေရှင်းမယ်ဆိုတဲ့ အကြောင်းကိုလဲ ဂတိတွေရခဲ့ပါတယ်။ နောက်တစ်ခါ ဒီအဆိုဆွေးနွေးတဲ့နေရာတွေမှာလည်း ကျွန်တော်တို့ ဒီတောင်သူလယ်သမားတွေရဲ့ အခွင့်အရေး ကာကွယ်နိုင်တဲ့ ဥပဒေဖြစ်ပေါ်လာနိုင်တဲ့ နေရာတွေမှာ ကျွန်တော်တို့ ဥပမာများစွာနဲ့ တော်တော်များများဆွေးနွေးခဲ့ပြီးပါပြီ၊ မည်သို့ပင်ဖြစ်စေ၊ ဒီကော်မတီရဲ့ တင်ပြချက်အရ ဒီလယ်ယာမြေ လက်လွှတ်ဆုံးရှုံးမှုများလို့ခေါ်တဲ့ သိမ်းယူမှုများတွေက တော်တော်များများ ဖြစ်ထွန်းနေတာကို တွေ့ရပါတယ်။ ခုနတုန်းက ကိုယ်စားလှယ် တော်တော်များများကလည်း ဆွေးနွေးသွားပြီးပါပြီ၊ ဒီအထဲမှာ ဒေါက်တာခင်ရွှေ ဆွေးနွေးသွားတဲ့အချက်ထဲမှာ သူက အစိုးရနှင့် အစိုးရဌာဆိုင်ရာ အားနည်းမှုလေးတွေလည်းရှိမယ်။ နောက်တစ်ခါ ဒီမြေကို ရယူသွားတဲ့ ဒီပုဂ္ဂလိကကဏ္ဍက ကုမ္ပဏီကြီးတွေပေါ့၊ အဲဒီဘက်အပိုင်းရယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီပြည်သူလူထုအများစုဖြစ်တဲ့ တောင်သူလယ်သမားတွေအပိုင်းဆိုပြီး (၃)ခုခွဲပြီး ပြောသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီဖြစ်ပေါ်လာတဲ့ပြဿနာတွေကို ကြည့်မယ်ဆိုလို့ရှိရင် အားနည်းချက်တွေကတော့

နေရာတိုင်းမှာ သူနေရာနဲ့သူအထိုက်အလျောက်ရှိမှာပါ။ ဒီဌာနဆိုင်ရာ အားနည်းချက်ကြောင့်လည်း ဖြစ်ပေါ်လာတာရှိမှာပါ။ နောက်တစ်ခါ တချို့နေရာတွေ ဒီကုမ္ပဏီတွေရဲ့ ဒီမြေယူနေတဲ့နေရာမှာ ဒီကားပြော တချို့နေရာတွေမှာဆို အုပ်ချုပ်ရေးမှူး ကဏ္ဍတွေနဲ့လည်း ပါမှာပါ။ ဘာဖြစ်လို့လဲဆိုရင် ဒီနောင်ချိုမှာဆိုလို့ရှိရင် ဒီပြည်သူလူထုတွေရဲ့ ထွက်လာတဲ့အသံ တွေကို နားထောင်ကြည့်လိုက်မယ်ဆိုလို့ရှိရင် သူတို့မပြောရဲတဲ့အချိန်မှာတော့ မပြောကြဘူး ပေါ့။ ပြောရဲတဲ့အချိန်မှာ အသံတွေထွက်လာတယ်။ အသံတွေ ထွက်လာတယ် ဆိုတာကိုက ကျွန်တော်တို့က ဒါတွေကို ကားနားပြီးတော့ စိစစ်ရမှာဖြစ်ပါတယ်။ ဒီပြည်သူလူထုက ပြောလာတဲ့ ဥစ္စာအားလုံးဟာ မှန်တဲ့ဥစ္စာတွေလဲ အထိုက်အလျောက်ရှိပါတယ်။ ဒါပေမဲ့ နေရာ တကာတိုင်းမှာ ပြန်လည်စိစစ်မှသာ ဒါတွေက ပြန်လည်ဖော်ထုတ်ရမဲ့ အမှန်တရားသာ ပြန် လည်ပေါ်ထွက်မှာပဲ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီဖြစ်ပေါ်လာတဲ့ ပြဿနာအားလုံးဟာ ကျွန်တော်တို့အစိုးရအသစ်ရဲ့ စိန်ခေါ်မှုတစ်ခုလို့ပဲ ကျွန်တော်မငြိပါတယ်။ ဒါအားလုံးကို ဝိုင်းဝန်း ပြီးတော့ ဖြေရှင်းရင် မပြေလည်နိုင်စရာအကြောင်းမရှိပါဘူး။ လယ်ယာမြေရယူမှုမှာ ကုမ္ပဏီတွေ ရဲ့ ဝင်ရောက်လာမှုအပိုင်းမှာ ကြည့်မယ်ဆိုလို့ရှိရင် ဒီဒေသခံတွေရဲ့ အလုပ်အကိုင် အခွင့် အလမ်းတွေပေးနိုင်မယ်ဆိုလို့ရှိရင် ဒေသကလည်း ဒေသခံတွေလည်း လက်ခံပြီးတော့ ပူးပေါင်း ဆောင်ရွက်ကမြဲ အနေအထားမှာလဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ကျွန်တော်တို့က သေချာပြန်လည် စမ်းစစ်သုံးသပ်ပြီးတော့ ပြေလည်အောင် ဖြေရှင်းရမှာဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းလိုက်နိုင် ခြင်းအားဖြင့် ကျွန်တော်တို့ ဒီအစိုးရသစ်ရဲ့ ဂုဏ်သိက္ခာဟာလဲ အများကြီး တက်လာမှာပါ။ နောက်တစ်ခါ ကျွန်တော်တို့လက်ရှိအစိုးရသစ်ရဲ့ မူဝါဒဖြစ်တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဒီဆင်းရဲမှုပပျောက်ရေးဆိုတဲ့ စီမံချက်အနေနဲ့လုပ်ဆောင် ပြီးတော့ တိုင်းပြည်ရဲ့ ခေတ်မီတဲ့ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေတဲ့ကာလမှာ ဒီအရေးအရာတွေဟာ အရေး တယူ ဆောင်ရွက်ပြီးတော့ ကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စလို့ ကျွန်တော်မငြိပါတယ်။ အဲဒါကြောင့် မို့လို့ ဒီအဆိုရှင် ဦးအောင်ငြိမ်းတင်ပြထားတဲ့ လယ်ယာ/ မြေပြဿသိမ်းယူမှုများနဲ့ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော် အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းပါကြောင်းအဆိုကို အလေးအနက်ထောက်ခံပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ။ (သဘြာသံများ)

အချိန်၊ ၁၄း၄၆။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးကြို မ်ဂလာပါလို့ ကျွန်တော် လေးလေးစားစား နှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို စာရွက် ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ငြိမ်း၊ မကွေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)ဥက္ကဋ္ဌ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏ လယ်ယာ/မြေပြာသိမ်းယူမှုများနှင့်ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်းဖြေရှင်း နိုင်ခြင်းမရှိသော အမှုအခင်းများစွာရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ပြည်သူတောင်သူလယ်သမားများ အနေနှင့် ဘိုးဘေးအစဉ်အဆက်က လယ်ယာမြေများကို ဓားမဦးချ လုပ်ကိုင်ဆောင်ရွက်လာခဲ့ ကတြာ အခုမှမဟုတ်ဘဲ ရှေးအစဉ်အဆက်က လုပ်ကိုင်လာခဲ့ကပါတယ်။ ဥပဒေအရ အထောက် အထား အခိုင်အလုံရှိထားဖို့လိုအပ်တယ်ဆိုတာ တချို့ပြည်သူတွေက ဘာမှနားမလည်ကပါဘူး။ အကြောင်းကိစ္စအမျိုးမျိုးကြောင့် ဒီမြေကို လုပ်ငန်းလုပ်လိုတဲ့ အဖွဲ့အစည်းတွေ ပေါ်ပေါက်လာ တဲ့အခါ ဒီမြေမှာ လုပ်ကိုင်သူအမည်ပေါက်မရှိတော့ ဒီလိုနဲ့ပဲ မိမိတို့လုပ်ကိုင် စားသောက်ခဲ့တဲ့ လယ်ယာမြေတွေ ဆုံးရှုံးနစ်နာခဲ့ကဖူးပါတယ်။ တချို့ဆို ဘယ်သူ့ကိုတိုင်လို့ ဘယ်လိုရအောင် ပြန်လုပ်ရမယ်ဆိုတာ မသိကပါဘူး။ အခုလွှတ်တော်ပေါ်ပေါက်လာတော့မှပဲ ဖြေရှင်းပေးနိုင်တဲ့ ပုဂ္ဂိုလ်/အဖွဲ့အစည်းရှိလာကြောင်းကို သိကရပါတယ်။ လယ်ယာ/မြေပြာသိမ်းယူတဲ့ အမှုအခင်း များဟာ များပြားပြီး၊ ခုနပြည်သူများ၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာရှိနေပါတယ်လို့ဆိုတာကို အဆိုပါ ကော်မတီဥက္ကဋ္ဌ၊ ဦးအောင်ငြိမ်းအဆိုတင်သွင်းချက်အရ သိရှိရပါတယ်။ အဆိုအရ

နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖေရြှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော် အစိုးရကို တိုက်တွန်းထားကြောင်း တွေ့ရှိရပါတယ်။

အစိုးရအနေနဲ့ ညှိနှိုင်းဖေရြှင်းပေးနိုင်ရင် ပြည်သူများကလည်း အစိုးရအပေါ် အားကိုးလိုစိတ်များပိုမိုထားရှိလာပြီး ကျွန်တော်တို့နိုင်ငံမှာဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ အစိုးရက စနစ်တကျကိုင်တွယ်ဆောင်ရွက်ပေးတဲ့အတွက် မေရြယူတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဌာနဆိုင်ရာတွေ နဲ့ မေအြာသိမ်းခံပြည်သူရဲ့အကြားမှာ အချင်းချင်းနားလည်မှုကိုတည်ဆောက်ပေးနိုင်သလို အစိုးရ နဲ့ ပြည်သူ့ကြားမှာ ချစ်ခင်ယုံကြည်စိတ်များပါ တိုးတက်လာမှာဖြစ်စေပါတယ်။ နောက် ကေးတိုင် နဲ့ မေစြာရင်းဦးစီးဌာနက ကောက်ယူနေတဲ့ လယ်ယာမေပြြောင်းခေါင်စာရင်း အနီးစပ်ဆုံး မှန်ကန် တဲ့ ကိန်းဂဏန်းရရှိရေးအတွက်လဲ အထောက်အကူပြုစေမှာ အမှန်ဖြစ်ပါတယ်။ အဲဒါတွေ ကြောင့် ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းရဲ့ ဥက္ကဋ္ဌ ပြည်သူများ၏ တိုင်စာများ၊ အသနားခံစာများဆိုင်ရာကော်မတီရဲ့ လယ်ယာ၊ မေပြြာသိမ်းယူမှုများနှင့်ပတ်သက်၍ ပေပြြည်အောင် ညှိနှိုင်းဖေရြှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော် အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သဘြာသံများ)

အချိန်၊ ၁၄း၄၉။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမငြိမ်းအောင် ဆွေးနွေးနိုင်ပါပြီ။

ဦးဖုန်းမငြိမ်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ ကိုယ်စားလှယ် ဦးဖုန်းမငြိမ်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်သားဖြစ်တဲ့အတွက် လယ်ကိစ္စမပေပြြ နိုင်ပါဘူးခင်ဗျား။ ကျွန်တော်ကမေကြြိစ္စကိုပေပြြမှာ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတဲ့အကြောင်း ကတော့ ပုဂ္ဂလိကပိုင်မဟုတ်တဲ့ မေပြြာများကို အလျဉ်းသင့်သလို ဝင်ရောက်သိမ်းယူ နေထိုင်မှု

များနဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းလုပ်နေတဲ့ကိစ္စများဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့အတွက် လူဦးရေသိပ်သည်းထူထပ်တဲ့အတွက် နေထိုင်ရေး ခက်ခဲပါတယ်။ ဒါကြောင့် နေထိုင်ရေးခက်ခဲတဲ့အတွက် နေထိုင်ရေးခက်ခဲမှုနဲ့ စီးပွားရေးမပြည့်စုံမှုတို့ကြောင့် ကျွန်တော်တို့ ပုဂ္ဂလိကပိုင်မဟုတ်တဲ့မြေပြာများပေါ်မှာ အလျဉ်းသင့်သလို တရားမဝင်ဝင်ရောက်သိမ်းယူနေထိုင်တဲ့ ကိစ္စတွေရှိပါတယ်။ ကျွန်တော်ဥပမာ (၄)ခုနဲ့ တင်ပြပါမယ်။ ပထမဥပမာကတော့ ကျွန်တော်တို့ရန်ကုန်မြို့ သမိုင်းကျိုက်ဝိုင်းဘုရားထဲမှာရှိတဲ့ ဘုရားမြေပြာထဲမှာ အိမ်ခြေပြိုင်းထောင်ပေါင်းများစွာဟာ တရားမဝင်ဝင်ရောက် သိမ်းပိုက်နေထိုင်နေကြပါတယ်။ ဒီလိုနေထိုင်တာဟာ အလျဉ်းသင့်သလိုဝင်ရောက်နေထိုင်တာဖြစ်တဲ့အတွက် ဝင်လမ်း၊ ထွက်လမ်းဟူ၍ သတ်သတ်မှတ်မှတ် မရှိကြပါဘူး။ တစ်အိမ်နှင့် တစ်အိမ်ကြား မှာ တစ်တောင်သာသာလောက် လမ်းလေးတွေကျယ်ပြီး အိမ်ကြိုအိမ်ကြားကနေပြီးတော့ ဝင်ထွက်သွားလာ နေထိုင်နေကြတာဖြစ်ပါတယ်။ တရားမဝင်နေထိုင်တာဖြစ်တဲ့အတွက် ကျွန်တော် တို့ အိမ်ကြီးအိမ်ကောင်းတွေ မဆောက်ကြပါဘူး။ အများစုက တဲအိမ်သာသာလေးတွေပဲ ဖြစ်ကြပါတယ်။ မီးဘေးအလွန် စိုးရိမ်ရပါတယ်။ ကျွန်တော်တို့ ရေစနစ်တွေ၊ မီးစနစ်တွေ၊ မိလ္လာစနစ်တွေ၊ လေဝင်လေထွက်စနစ်တွေလည်း ကျွန်တော်တို့မရှိပါဘူး။ မကောင်းပါဘူး။ ကျန်းမာရေးရှုထောင့်အရလည်း လုံးဝမသင့်တော်တဲ့ နေရာတွေဖြစ်နေပါတယ်။ တစ်အိမ်က ခြေရင်း၊ တစ်အိမ်က ခေါင်းရင်း အဲလိုဖြစ်နေကြတာပါ။ နေထိုင်ကြသူတွေက သူတို့ကိုမေးကြည့်တော့ သူတို့ဒီလိုဘဲတဲ့ အဆက်အဆက်ဝင်ရောက် နေထိုင်လာတာ နှစ်ပေါင်းများစွာ ရှိပါပြီတဲ့။ ဘယ်အစိုးရကမှ ဘယ်အစိုးရအဆက်ဆက်ကမှ ဒါကိုမဖြေရှင်းနိုင်ပါဘူးလို့ သူတို့ပြောပါတယ်။ ဒုတိယဥပမာကတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ ငမိုးရိပ်ချောင်းရေဟာ ကျွန်တော်တို့ လူနေသိပ်သည်းထူထပ်တဲ့ မြို့နယ်ကြီးတွေကို ဖြတ်သွားပါတယ်။ အဲဒီချောင်းဘေးတစ်လျှောက်မှာ ချောင်းဘေးမြောင်းဘေးတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ အဲဒီမှာ ချောင်းဘေး၊ မြောင်းဘေးက မြေပြိုတွေမှာလူတွေဟာ အလျဉ်းသင့်သလို ဝင်ရောက်သိမ်းပိုက်ပြီး နေထိုင်နေကြပါတယ်။ ဒီလိုနေထိုင်တဲ့ လူဦးရေဟာ စုစုပေါင်းတွက်ကြည့်ရင် လူဦးရေ သောင်းဂဏန်းလောက်ထိအောင် ရှိပါတယ်။ ဒီလိုနေထိုင်တဲ့ လူဦးရေရဲ့ သူတို့ရဲ့ လူနေမှုအဆင့်အတန်းကလည်း အင်မတန်မှ မငြိမကောင်း၊ ရှုမကောင်းတဲ့ အခြေအနေမျိုးပါ။ သူတို့မိသားစုတွေရဲ့ ကလေးလေးတွေအတွက် ပညာရေး၊ ကျန်းမာရေးကလည်း အလွန်စိုးရိမ်ရတဲ့အခြေအနေပါ။ ဒီလိုနေထိုင်ကတြဲ အတွက်မစ်ချောင်းများရဲ့ သန့်ရှင်းရေး

တွေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ကျွန်တော်တို့ ရှေ့ရှုပြီးတော့ ဒီချောင်းဘေး၊ မစိုးဘေးမှာ တရားမဝင်ဝင်ရောက် သိမ်းပိုက်နေထိုင်ကတဲ့သူတွေရဲ့ကိစ္စကိုလည်း စနစ်တကျ ဖြေရှင်းသင့်ပါတယ်။ နောက် တတိယဥပမာကတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာ ဒီအချို့ မြေပြာများဟာ ပိုင်ဆိုင်မှုမရှင်းလင်းတော့ပါဘူး။ ဥပမာဆိုလို့ရှိရင် တချို့လူတွေဟာ နိုင်ငံခြား သားဖြစ်ပြီး နိုင်ငံခြားကို အပြီးတိုင်ထွက်သွားကပါတယ်။ မြေပိုင်ရှင်တွေဟာ အဲဒီလိုထွက်သွား တဲ့အတွက် ဒီလိုမြေမျိုးမှာ နီးစပ်ရာလူက အလျဉ်းသင့်သလို ဦးသူစနစ်နဲ့ ဝင်ရောက် သိမ်းပိုက်ပြီး နေထိုင်ကပါတယ်။ ဒီလိုနေထိုင်တဲ့အခါမှာလည်း သူတို့ရဲ့အိမ်ယာများကိုလည်း သူတို့က ဘယ်သူမှ ပေပြမဲ့ဆိုမဲ့သူမရှိတဲ့အတွက် စနစ်တကျအကွက်ချပြီး နေတာမဟုတ်ပါဘူး။ အလျဉ်းသင့်သလို နေထိုင်ကတဲ့အတွက် အိမ်ကျိုးအိမ်ကြားကနေပြီးတော့ အဲလိုဖြစ်နေကပါ တယ်။ ဒီအိမ်တွေမှာလည်း မိလ္လာစနစ်တွေ ရေနုတ်မြောင်းစနစ်တွေ မရှိကပါဘူး။ ကျန်းမာရေး အရလည်း မညီညွတ်ပါဘူး။ နောက်ဝင်လမ်း၊ ထွက်လမ်းတွေလည်း မကောင်းပါဘူး။ နောက် ဒီလိုပိုင်ဆိုင်မှုစနစ်က မရှင်းလင်းတဲ့အတွက် ကျွန်တော်တို့တရားဥပဒေမှာလည်း အောက်ခြေ အဖွဲ့အစည်းတွေကနေပြီးတော့ ဒီသူတို့နဲ့ပတ်သက်တဲ့ဟာတွေ အဆုံးအဖြတ်တွေ မပေးနိုင်ကပါ ဘူး။ ဒီလိုနေရာမျိုးကိုတော့ ကျွန်တော်တို့နိုင်ငံတော်အဆင့်ကသာ ဆုံးဖြတ်ပြီးလုပ်ကိုင်နိုင်မှာပါ။ ဒီလိုမြေပြာတွေပေါ်မှာ တရားမဝင် ဝင်ရောက်သိမ်းပိုက်နေထိုင်ကသူတွေမှာ သူတို့မှာ ဒီလို အကြောင်းမျိုးစုံ ရှိပါတယ်။ အဓိကကျတဲ့အကြောင်းရင်းကတော့ သူတို့မှာက ဆင်းရဲနွမ်းပါးမှု ဆိုတဲ့ကိစ္စတွေ ရှိပါတယ်။ ကျွန်တော်တို့ ဒီကိစ္စတွေကို နိုင်ငံတစ်ဝန်းဖြေရှင်းတဲ့အခါမှာလည်း သူတို့ရဲ့ ဆင်းရဲနွမ်းပါးမှုကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနဲ့ ဆိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန် မြို့တော်စည်ပင်သာယာရေးပိုင်တဲ့ မြေတွေတော်များများမှာ ကျွန်တော်တို့ မီးတားမြေဆိုတဲ့ ကျွန်တော်တို့ရပ်ကွက်ထဲမှာ မြေလွတ်မြေကွက်တွေရှိပါတယ်။ ဒါကြောင့် ဒီမြေတွေမှာလည်း ကျွန်တော်တို့ဟာ အလျဉ်းသင့်တဲ့လူတွေက ဝင်ရောက်နေထိုင်နေကတယ်။ ဒါပေမယ့် ဒီလို မြေမျိုးကျတော့ အကွက်အကွင်းကောင်းတဲ့အတွက် နေထိုင်ရုံတွင်မဟုတ်ပါဘူး။ စီးပွားရေး ဆင်းရဲနွမ်းပါးမှုကြောင့် နေထိုင်တာမဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းလေးတွေ လုပ်ကပါတယ်။ တချို့လည်း ခေါက်ဆွဲဆိုင်လေးတွေ၊ လက်ဖက်ရည်ဆိုင်လေးတွေ၊ ကားဝပ်ရှော့တွေ၊ ဘော်ဒီရုံ တွေမျိုးစုံ အဲဒီလိုပုံစံမျိုးတွေနဲ့ နေထိုင်ကတာပါ။ ဒါတွေဟာ စည်ပင်ပိုင်မြေဖြစ်လို့ ကျွန်တော်

စည်ပင်သာယာဝန်ထမ်းအဆင့်ဆင့်ကို မေးကြည့်တဲ့အခါကျတော့ တစ်ယောက်နဲ့ တစ်ယောက် ကလည်း နှာစေးနေကြပါတယ်။ ဘယ်လိုမှ အဖြေတိတိကျကျ မရပါဘူး။ ကျွန်တော်တို့ ဒီမြေတွေဟာ စည်ပင်ပိုင်မြေဖြစ်သော်ငြားလည်း စုံစမ်းကြည့်လို့ရှိရင် ဘယ်သူမှအဖြေ တိတိ ကျကျမသိရတာပါ။ ဒါကြောင့် ဒီလို စည်ပင်သာယာပိုင်မြေပေါ်မှာ ကျွန်တော်တို့ ဥပဒေ စည်းကမ်းနဲ့အညီ မဟုတ်ဘဲနဲ့ အလျဉ်းသင့်သလို သိမ်းယူနေထိုင်ပြီးတော့ ဦးသူဆောက်၊ ဦးသူဆိုင်ဖွင့်နေတဲ့နေရာမျိုးတွေမှာ ကျွန်တော်တို့ အများမငြိုကွင်းအလယ်မှာ မငြိတွေ့နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အခုတင်ပြခဲ့တဲ့ မေးကြိစ္စတွေဟာ ဒီပုဂ္ဂလိက ပိုင်မြေတွေ မဟုတ်ပါဘူး။ ဒါကြောင့် ဒီမေးပြာတွေနဲ့ပတ်သက်ပြီးတော့ နစ်နာသူရှိပါတယ်။ တိုင်ကြားသူ တော့ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က နိုင်ငံကောင်းတစ်ခုဖြစ်ဖို့ဆိုတာ ဥပဒေနဲ့အညီ စည်းကမ်းနဲ့အညီ ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံကောင်းတခု ဖြစ်ဖို့အတွက် ဒီကိစ္စတွေကိုလည်း နိုင်ငံတော်အစိုးရအဆင့်ကနေပြီးတော့ တာဝန်ယူဖြေရှင်းသင့်ပါတယ်လို့ ကျွန်တော်တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။ (သဘာသံများ)

အချိန်၊ ၁၄း၅၄။

ဥက္ကဋ္ဌ။ ။ ဦးဖုန်းမြင့်အောင် ဆွေးနွေးတာကအဆိုရဲ့ ခေါင်းစဉ်နဲ့တော့ မကိုက် ဘူးပေါ့နော်။ ဒါပေမယ့်လည်း ဒီလိုကျူးကျော်တွေရွှေ့တာက စစ်အစိုးရပဲလုပ်လို့ရတယ်။ အခု ဒီ ခင်ဗျားရဲ့ဆွေးနွေးချက်သာ သိသွားရင် ခင်ဗျား မဲရမှာ မဟုတ်တော့ဘူး။ သို့သော် ရတဲ့ နည်းလမ်းလည်း ရှိပါတယ်။ ကျွန်တော်က ရန်ကုန်မှာ ကျွန်တော်ရွှေ့ခဲ့ရတယ်။ ဒီရပ်ကွက်ကို ရွှေ့ရမယ်ဆိုတာ ကိုယ်ကသိရတဲ့အခါမှာ စိတ်မကောင်းဘူး။ သူတို့ကိုတော့ ငါ လှိုင်သာယာတော့ ပို့ရတော့မှာပဲ။ ဒါပေမယ့် သွားပြောတဲ့အခါကျတော့ လိုက်လိုက်လှဲလှဲပဲ၊ ကားတွေဘာတွေနဲ့ တင်ပေး။ ဟိုမှာလည်း ရေအိုးတွေဝယ်ပေး၊ အိမ်သာတွေဆောက်ပေး၊ ရွှေ့ပေးတယ်။ နောက် တစ်နေရာကျတော့ သွားပြောတဲ့အခါကျတော့ သွားမလို့၊ ပြောမလို့ သွားတဲ့အခါကျတော့ ကျွန်တော်တို့ ဘယ်တော့ရွှေ့ရမှာလဲ ဆိုပြီးတော့ထွက်မေးတော့ အသိတွေ ဖြစ်နေပြီး အရင်တစ်ခါ ရွှေ့ပေးပြီးသား လူတွေပေါ့။ သူက လှိုင်သာယာက မြေကွက် ရောင်းပြီးတော့ ဒီဘက် ပြန်ရောက်လာတာ၊ ကောင်းပါပြီ ရပါတယ်။ သူတို့တွေ ဒီလိုပဲ ရွှေ့ပေးလိုက်တယ်။ နောက် တစ်နေရာကျတော့ ခင်ဗျားတို့နဲ့ ပြန်မတွေ့ပါရစေနဲ့ဆိုတော့၊ ဒီလိုကိစ္စက သူက ဒီပါလီမန် ဒီမိုကရေစီ အစိုးရတွေလုပ်နိုင်စွမ်းမရှိဘူး။ ဒါကြောင့်မို့လို့ ဟိုတုန်းကလည်း စစ်တပ်က

အာဏာသိမ်းတဲ့အချိန်မှာ ဒီတောင်ဥက္ကလာပတို့၊ မြောက်ဥက္ကလာပတို့၊ သာကေတတို့ ဆိုတာတွေပေါ်လာတယ်။ အခု ဒီဘက်ခေတ်မှာလည်း လှိုင်သာယာတို့စသည်ဖြင့်ပေါ့။ ဒီလိုတွေ ဒီလိုမြို့ကြီးမှာ ဟိုတုန်းကတော့ စစ်ဘေးစစ်ဒဏ်ကြောင့် မြို့ကိုခိုလှုံကြတယ်။ အခုကတော့ အလုပ်အကိုင်အခြေအနေကြောင့် ဒီလိုဖြစ်ပါလိမ့်မယ်။ အဲဒီတော့ အခြားတိုင်းပြည်တွေမှာ လည်းရှိတာပဲ။ ဒီထက်တောင် ဆိုးသေးတယ် အိန္ဒိယတို့ ဘာတို့မှာဆိုရင် ပလွတ်ကျပ်သပ်ပြီးတော့ တစ်ခါတည်း ဘယ်လို မိသားစု တစ်စုလုံး ဒီ (၁၀) ပေပတ်လည်ထဲမှာ နေကြလဲတော့ မသိဘူး ပေါ့နော်။ ဒီလိုတော့ရှိတယ်။ ဒီ ပြဿနာတွေကတော့ ဒါအစိုးရလုပ်ပါလိမ့်မယ်။ လွှတ်တော်က ပြောမနေပါ နဲ့တော့နော်။

အချိန်၊ ၁၄း၅၄။

ဥက္ကဋ္ဌ ။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး ဆွေးနွေးနိုင်ပါပြီ။

ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါ သောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးရမှာကတော့ဖြင့် ဒီလယ်ယာမြေသိမ်းဆည်းမှုများနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တို့ ဆွေးနွေးဖို့ဖြစ်ပါတယ်။ အဲဒီတော့ ပထမဦးစွာအနေနဲ့ပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီဖြစ်စဉ် အကြောင်းအရာများကို လေ့လာတဲ့အခါမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်မှာ ဓားမဦးချ လုပ်ကိုင်ခဲ့တဲ့ တောင်သူများရှိပြီးတော့ လုပ်နေတဲ့လုပ်ခင်းလုပ်ကွက်တွေနဲ့အတူ နောက်တစ်ခါ သစ်တောကြိုးဝိုင်းကြိုးပြင်မှာလည်း ကျွန်တော်တို့ ဓားမဦးချလုပ်ကိုင်တဲ့ တောင်သူဦးကြီးတွေ ရှိပါတယ်။ အဲဒီလိုရှိနေတဲ့ကြားမှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့်တွေကို ကျွန်တော်တို့ ဒီမြေပြာ ချထားရေးအဖွဲ့ကနေပြီးတော့ ချထားတဲ့အခါမှာ အောက်ခြေမှာဖြစ်ပေါ်နေတဲ့ပြဿနာနှစ်ခုဖြစ် ပါတယ်။ နောက်တစ်ခုကတော့ ဒါလက်ရှိဆောင်ရွက်နေတဲ့ တောင်သူလယ်သမားတွေ့ရဲ့ လယ်ယာမြေပေါ်မှာ ကျွန်တော်တို့လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများကနေပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် ဒီသိမ်းဆည်းပြီးတော့ ဒါဆောင်ရွက်နေတဲ့အတွက် ဒီတိုင်းစာ

**တောစာများ ကျွန်တော်တို့ ဒါဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ အဲဒီတော့ တိုင်စာတောစာများကို လေ့လာမယ်ဆိုရင်လည်း မသိနားမလည်တဲ့ ရိုးသားတဲ့တောင်သူများနစ်နာမှုကြောင့် တိုင်ကြားစာ ရှိသလိုပဲ အကြောင်းမရှိအကြောင်းရှာ တိုင်တန်းနေတဲ့ပုဂ္ဂိုလ်များလည်းရှိနေတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဖြစ်မှန်ကို ဖော်ထုတ်ပြီးတော့ ကျွန်တော်တို့ ဒါကိုစိစစ်ပြီးတော့ လုပ်နိုင်မယ်ဆိုရင်တော့ဖြင့် ကျွန်တော်တို့ ပြည်သူတွေကနေပြီးတော့ အစိုးရဌာန အပေါ်မှာ ယုံကြည်**ကိုးစားမှုတွေ ဖြစ်လာမှာဖြစ်ပါတယ်။ တိုင်စရာမရှိတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံခြား အဖွဲ့အစည်းများနဲ့ NNO တို့ နောက်တစ်ခါကျန်တဲ့ ဒီအဖွဲ့တွေကို တိုင်ကြားစာရှိ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကနေပြီးတော့ ပြည်သူတွေရဲ့ တင်ပြချက်များကို ကျွန်တော်တို့ဘက်က အလေးအနက်ထားပြီးတော့ ခုနတုန်းကပြောသလို ဖြစ်ရပ်မှန်ကိုတော့ ဖော်ထုတ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် အားကိုးအားထိုက်ဖြစ်လာမယ့်သဘော ကျွန်တော်တို့ ဆောင်ပါတယ်။ အဲဒီတော့ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ မွန်ပြည်နယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံရဲ့ သံဖြူဇရပ်မြို့နယ် သက်ကော့ကျေးရွာမှာ ရာဘာခြံဧက(၆၀၀)ကို တပ်မတော်က သိမ်းမည်၊ မသိမ်းမည်ကို သိလိုပါကြောင်း၊ သိမ်းမည်ဆိုပါက တန်ဖိုးနဲ့ နစ်နာမှုများပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာကိုမေးခဲ့ပါတယ်။ အဲဒီတော့မေးတဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း က မဟုတ်မမှန်ကြောင်း ဖြေကြားချက်ကို ကြည့်မယ်ဆိုရင် အောက်ခြေမှာ ဖြစ်ပေါ်နေတဲ့ ကောလဟာလများကို ကျွန်တော်တို့ ဒါ ကောလဟာလများကြောင့် ရာဘာခြံဧက(၆၀၀)ပိုင်ရှင်များမှာ စိုးရိမ်သောက ဘယ်လောက် ရောက်နေမယ်ဆိုတာကို ကျွန်တော်တို့ သိရှိနိုင်ပါတယ်။ ကျွန်တော်တို့ အဲဒီမေးခွန်းကို ဖြေကြားနေတဲ့အချိန်မှာ ကျွန်တော်တို့ နားထောင်ရတဲ့ ကျွန်တော်တို့သည်ပင်လျှင် ကိုယ်ချင်းစာတရားနဲ့ ကျွန်တော်တို့ ဒါ စိုးရိမ်နေတဲ့သဘောဆောင်တဲ့အတွက်ကြောင့်မို့လို့ ပိုင်ရှင်များအနေနဲ့ ပြောဖွယ်ရာမရှိ ဖြစ်တယ် ဆိုတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူတွေရဲ့ နစ်နာမှုတွေကို ကျွန်တော်တို့ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်များက ဖြေရှင်းခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြေရှင်းခြင်းမပြုဘဲနဲ့ထားတဲ့ အခါမှာ ကျွန်တော်တို့ ဒါကဖြေရှင်းလို့ရတဲ့ အခြေအနေမျိုးရှိပါတယ်။ သို့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့်

မဖေရှြင်းလိုက်နိုင်ခဲ့ကပါဘူး။ သို့သော်လည်းပဲ အဆင့်ဆင့်သော နစ်နာချက်များကိုတင်ပလိုက်တဲ့အတွက် အကျိုးရှိတဲ့အခြေအနေများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်မှာ ခေတ်အဆက်ဆက်ကနေပြီးတော့ သီးစားခကို ပေးပြီးတော့ လုပ်ကိုင်ခဲ့ရတဲ့ တောင်သူတွေကို ကျွန်တော်တို့ ဒါတင်ပစြာများနဲ့အတူ ပြည်နယ်အစိုးရများနဲ့ ညှိနှိုင်းပြီးတော့ ဝန်ကြီးဌာနကလည်း ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် မို့လို့ အမှတ် (၁) စက်မှုဝန်ကြီးဌာန က နေပြီးတော့ ကျွန်တော်တို့ သီးစားခ သိန်း(၂၀)နဲ့ ဧက (၁၀၀) ကျော်ကို ကျွန်တော်တို့ ဒါ သီးစားချထားပြီးတော့၊ ပန်ြလည်ပြီးတော့ တန်းစီဇယားနဲ့ ပန်ြလည်ပြီးတော့ ချပေးတယ်ဆိုတဲ့ ဝမ်းမြောက်ဝမ်းသာ အခြေအနေများကိုလည်း တွေ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်တစ်ဝန်းလုံး တောင်သူများရဲ့ လယ်ယာမြေပြဿနာများကို အကြောင်းအမျိုးမျိုးနဲ့ သိမ်းဆည်းမှုများရှိနေပါတယ်။ ယခင်ကလည်းရှိနေသကဲ့သို့ ယခုထိလည်းဆက်လက်ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပြည်နယ်တိုင်းအစိုးရများကနေပြီးတော့ ဒါကို ကျွန်တော်တို့ ကြီးကြပ်ပြီးတော့ ဖေရှြင်းပေးမယ်ဆိုရင် ကျွန်တော်တို့ ဒါစနစ်တကျ ကိုင်တွယ် ဖေရှြင်းပေးမယ်ဆိုရင် ကျွန်တော်တို့ အများပြည်သူအကျိုးအတွက်၊ တောင်သူများအတွက်ကော ဖြစ်ရပ်မှန်ကို စုံစမ်းဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူများရဲ့ယုံကြည်ကိုးစားခြင်းကို ခံရတဲ့ အစိုးရဖြစ်လာမည်ဖြစ်ကြောင်း ဦးအောင်ငြိမ်း ရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ။** ။ ဦးမှတ်ကြီးကြာ တိုင်စာ၊ တိုင်စာဆိုတဲ့အခါကျတော့ တစ်ခုသွား သတိရတယ်။ တကယ်တော့ အတိုင်ခံရတဲ့သူကညံ့လို့ပဲ။ ကျွန်တော် တပ်မတော်မှာ ဒုဗိုလ်နဲ့ တပ်မတော်သားကိုယ်စားလှယ်တွေလည်းရှိတယ်။ ဒုဗိုလ်နဲ့ ရှေ့တန်း ရှမ်းပြည်နယ် စစ်ဆင်ရေး ဝင်ရပါတယ်။ ဝင်ရတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ရရှိတဲ့ရိက္ခာစိုငွေနဲ့ ဈေးဝယ်စားရတာ မလောက်ဘူး။ (၅) ရက် တစ်ဈေးမှာ ဈေးနေ့ရောက်လို့ရှိရင် ဈေးပေါင်ကျိုးတဲ့အချိန်အထိ စောင့်ရပါတယ်။ ဘယ်သူမှမဝယ်တော့တဲ့ နွားခြေထောက်တို့၊ နွားမြီးတို့၊ နွားခေါင်းတို့ ဒါတွေ

ဝယ်ပြီးတော့ ထမ်းပြန်ပြီးတော့ ဒါ စားရတာပေါ့။ တစ်ရက်စားလိုက်ရင် ပြီးသွားတာပေါ့။ တစ်ခါကျတော့ အဲဒီနေ့မှာ ကျွန်တော့် တပ်စုတပ်ကပြာကြီးက အမဲသားတွေ အများကြီးချက်ကျွေး တယ်။ ချက်ကျွေးတော့ နည်းနည်းတော့ ထူးပါတယ်ပေါ့။ စားလိုက်တယ်။ နောက်နေ့လည်း အမဲသားပါပြန်ရော။ ဒါတော့မဟုတ်တော့ဘူးဆိုပြီးတော့ တပ်စိတ်တွေသွားကြည့်တော့ အမဲသား စားနေကတြာတွေ့ရပြန်တယ်။ ဒါနဲ့ တပ်စု တပ်ကပြာကြီးကို သေချာမေးရတယ်။ ဘယ်ကနွားလဲ။ ဘယ်က အမဲသားရတာလဲ။ သူကလည်း လိမ်လိမ်မာမာနဲ့ ဖြေတယ်။ ဟို OP ထုတ်ထားတဲ့ နေရာမှာ နွားလိုက်တွေ့လို့ ရဲဘော်က ပစ်လိုက်လို့ နွားသေသွားတယ်တဲ့။ သေသွားလို့ရှိရင် ပိုင်ရှင် ရှာပြီးတော့ ဒီအသေကောင်ကို ပြန်ပေးပြီးတော့လျော်ကြေးပေးရမှာပေါ့ဆိုတော့ စားလိုက်ပြီတဲ့။ အကုန်လုံးမျှဝေပြီးတော့ ယူလိုက်ပြီတဲ့ ဆိုတဲ့အခါမှာ ကျွန်တော်ဘာလုပ်သလဲ ဆိုတော့ ကျွန်တော် တောင်ပေါ်စခန်းအောက်ကရွာကို သွားတယ်။ ဘယ်သူ့နွားပျောက်သလဲ။ သူတို့ ကောင်းကောင်း မသိသေးဘူး။ အိမ်တစ်အိမ်ကတော့ သူတို့နွား ဒီလိုပဲ သွားတတ်ပါတယ်။ (၂) ရက် (၃)ရက်တော့၊ ဒါပေမယ့် ခုတော့ ပြန်မလာဘူးတဲ့။ ဘာညာဆိုတော့ အဲဒါဆိုရင်လည်း ဒါ ကျွန်တော် စိတ်မကောင်းပါဘူး။ လယ်ယာလုပ်ငန်းသုံးပစ္စည်းလည်းဖြစ်တဲ့အတွက် အများကြီး ထိခိုက်တယ်။ ကျွန်တော့်လစာ အဲဒီတုန်းက (၃၁၆) ကျပ် ဒုတိယဗိုလ်ဆိုတော့ရပါတယ်။ ရွှေတစ်ကျပ်သား (၂၅၀) ကျပ်အချိန်မှာ ကျွန်တော် ငွေ(၃၀၀) သူတို့ကို ထောက်ပံ့ပါတယ် ဆိုတော့ တအားကျေးဇူးတင်ပြီးတော့ ကျွန်တော့်ကို ကန်တော့တယ်။ အဲဒီတော့ ကျွန်တော် ပြန်လာပြီး တပ်ရင်းမှူးကို သတင်းပို့တဲ့အခါ တပ်ရင်းမှူးက မှတ်ချက်ချပါတယ်။ တိုင်းရင်းသား များ ရိုးလိုက်တာ။ နွားခိုးကို ထပ်ရှိခိုးတယ်။ တစ်ခါတည်း အဲဒီမှာ ဘွဲ့ရသွားတယ်။ ကျွန်တော် လည်း တပည့်တွေရဲ့ ကောင်းမှုနဲ့။ အဲဒီတော့ အခုကိုယ်စားလှယ် (၉)ဦး ဆွေးနွေးတဲ့ကိစ္စမှာ အဆိုက နည်းနည်းလေးပြန်ပြောင်းဖို့ လိုတာပေါ့နော်။ မပြောသိမ်းတယ် ဆိုတဲ့ကိစ္စကျတော့ မပြောဟာ နိုင်ငံပိုင်ဖြစ်တယ်။ လိုအပ်လို့ရှိရင် သိမ်းရမယ်။ ဒါကလည်း လက်ခံရမယ့်ကိစ္စပါပဲ။ အဲဒီတော့ ကျွန်တော်တို့ဟာ ယဉ်ယဉ်ကျေးကျေးလည်းဖြစ်အောင် အကြောင်းအမျိုးမျိုးကြောင့်၊ အကြောင်းအမျိုးမျိုးကြောင့်ဆိုတာ နိုင်ငံတော်က စီမံချက်၊ စီမံကိန်း ခု နေပြည်တော်လို မြို့ကြီး တည်တယ်။ ဒါလည်းရှိမှာပေါ့။ အောက်ကလည်း ပုံမှားရိုက်ပြီးတော့ ခုနကလို မွန်ပြည်နယ်မှာ စစ်တပ်က သိမ်းမှာလား၊ မသိမ်းဘူး။ စစ်တပ်ကဆိုတော့ ကျွန်တော်က အဲဒီနေ့က မဖတ်ဘူး။ ဒီကိစ္စကို စစ်တပ်က မသိမ်း ရုံနဲ့တော့မရဘူး။ သို့သော် ဒီကိစ္စကို ဆက်ပြီးတော့ အဖွဲ့ကစုံစမ်းပါ။

ဘယ်သူကသိမ်းတာလဲ။ ဟိုမှာ စိတ်ဆင်းရဲနေမယ်ဆိုပြီး ဒီလိုပေါ့။ ဟုတ်တယ်။ သူမသိမ်းဘူးလေ။ ဘယ်သူသိမ်းမှန်း သူမသိဘူး။ သူနဲ့လည်း မသက်ဆိုင်ဘူး။ အကြောင်းအမျိုးမျိုးကြောင့်ဆိုလို့ရှိရင် ဒီလိုလေး ပုံမှားရိုက်တာကော ဘာရောညာရောပါမှာပေါ့လေ။ အကြောင်းအမျိုးမျိုးကြောင့် လိုက်ရေးကြည့်ပါ။ ပြီးတော့ ဆွေးနွေးရအောင်။ အကြောင်းအမျိုးမျိုးကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေ လုပ်ပိုင်ခွင့်သူက လယ်ယာမြေကြာလုပ်ပိုင်ခွင့်ပဲရတာပေါ့လေ။ လယ်ယာမြေလုပ်ပိုင်ခွင့် လက်လွတ်ဆုံးရှုံးမှုများမှာ ဖြစ်သင့်သည်ထက်ပိုမိုနေခြင်းများရှိခဲ့သဖြင့် ထိုသို့မဖြစ်စေရေးအတွက် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းဆိုလို့ရှိရင် ကိုယ်လိုချင်တဲ့ အဓိပ္ပာယ်ကိုလည်း ပြန်ပြီးတော့ တစ်ဖက်ကပြန်ထောက်စရာ မရှိဘူးလို့ ယူဆပါတယ်။ ယဉ်ယဉ်ကျေးကျေးလည်းဖြစ်သွားတယ်။ အစိုးရလည်း ဒါတွေလုပ်လည်း လုပ်နေပါတယ်။ သဘောကလုပ်လည်း လုပ်ရမယ့်ကိစ္စပါ။ ဒါကြောင့် ပြန်ဖတ်ပြပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒါ ရပ်ကျေးအုပ်ချုပ်ရေးမှူးတို့ ဘာတို့လုပ်တာလည်း ရှိရင်ရှိမှာပေါ့။ အကြောင်း အမျိုးမျိုးကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် လက်လွတ်ဆုံးရှုံးရမှုများမှာ ဖြစ်သင့်သည်ထက် ပိုမိုနေခြင်းများရှိခဲ့သဖြင့် ထိုသို့မဖြစ်စေရေးအတွက် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ရှိပါသလား။ သဘောတူပါသလား။

မူလအဆိုရှင် သဘောတူပါသလား။ ကောင်းပါပြီ။ လွှတ်တော်ဆိုတော့ နည်းနည်းယဉ်ကျေးသွားတာပေါ့နော်။ အဲဒီတော့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးဖို့ရှိရင် ဆွေးနွေးနိုင်ပါပြီ။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၀၆။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ အဆိုအပေါ် ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် က လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် သက်ဆိုင်သော အမှုအခင်းများအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ၏ အဆိုမှာ လယ်ယာ/မြေယာ သိမ်းယူမှုများနှင့်ပတ်သက်၍ ပေပြည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိသော အမှုအခင်းများစွာ ရှိနေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းပါကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။ ကော်မတီဥက္ကဋ္ဌ၏ အဆိုမှာဖော်ပြပါရှိတဲ့ ယခင်ကာလက လယ်ယာမြေသိမ်းယူခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများမှာ အမှန်တကယ် အသုံးပြုရန် လိုအပ်တဲ့အတွက် လယ်ယာမြေကို လွှဲပြောင်းရယူအသုံးပြုရာတွင် အကျိုးထိခိုက် နစ်နာမှုများ မဖြစ်စေရန် တည်ဆဲဥပဒေလုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကျေအလည် ညှိနှိုင်းပြီးပြတ်အောင် စိစစ်ဆောင်ရွက် ကရမှာဖြစ်ပါတယ်။ ယနေ့ အစိုးရသစ်ကာလမှာ နိုင်ငံနှင့်အဝန်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ကို အမျိုးသားရေးအဓိက လုပ်ငန်းတာဝန်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လယ်ယာကုန်ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို လက်ငင်းလုပ်ငန်း၊ ရေတိုရေရှည်လုပ်ငန်းအဖြစ် အစီအမံ များချမှတ်ပြီး စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မိန့်ကြားခဲ့တဲ့ နိုင်ငံတော် သမ္မတ၏မိန့်ခွန်းတွင် ပြည်သူ့အစိုးရ ဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါမယ်။ ပြည်သူလူထု တစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားအားထားမှုကို ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ အစိုးရသစ်ဖွဲ့စည်းမှုတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်း အောက်ခြေမြေပြင် ပကတိအခြေအနေမှန်ကို အနီးကပ်ဆုံးထိတွေ့သိမြင်သည့်အားလျော်စွာ မှန်မှန်ကန်ကန် စိစစ်သုံးသပ်ဆုံးဖြတ်ပေးနိုင်ကရမည်ဖြစ်ပြီး၊ ခွဲဝေထမ်းဆောင်ကရမည့် အခွင့်

အာဏာများအရ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်မှာ ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုရှိစေရေးအတွက် လိုအပ်သလိုကပ်ပြမ်မှတ်ကွပ်ကဲ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တောင်သူလယ်သမား များ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး၊ ပေါ်ပေါက်လာသည့် မြေပြဿနာများကို မှန်ကန်တရားမျှတစွာဖြင့် အမြန်ဆုံးဖြေရှင်းဆုံးဖြတ် ဆောင်ရွက်နိုင်ရေး အတွက်၊ လယ်ယာမြေဥပဒေ၊ လုပ်ထုံးလုပ်နည်းမူကြမ်းများကို ဥပဒေရေးရာကျွမ်းကျင် ပညာရှင်များအပိုင်းမှ ရေးဆွဲပြုစုလျက် ရှိနေပြီဖြစ်ပါတယ်။ ဥပဒေမူကြမ်းများအပေါ် ရေရှည်တည်တံ့ခိုင်မာစေရန်နှင့် ပြည်သူလူထုအပေါ် အကျိုးပြုကာကွယ် ပေးနိုင်ရန်အတွက်၊ တိမ်းစောင်းခြင်းအလျှဉ်းမရှိစေရန် ကျွမ်းကျင်ဥပဒေပညာရှင်များအနေဖြင့် စကားလုံးစကားရပ် မှအစ အပြန်ပြန်အလှန်လှန် စိစစ်ဆောင်ရွက်လျက် ရှိနေပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ တင်သွင်းစာပါ လယ်ယာ/မြေယာအမှုကိစ္စ ဥပမာအချို့ ထုတ်နှုတ် တင်ပြရ မယ်ဆိုရင်-

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရန်အတွက် လယ်မြေသိမ်းဆည်းရာတွင် ဒေသန္တရအုပ်ချုပ်သူ၊ ဌာနဆိုင်ရာတို့က စွက်ဖက်၍ သဘောမတူသော ငွေပေးချေခြင်း။

မ်ဂလာဒုံမြို့နယ်တွင် စက်မှုဇုန်တိုးချဲ့ရန်အတွက် လယ်ယာမြေများသိမ်းယူရန် စီစဉ်မှုများ၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ် ပုဂ္ဂလိကကော်ဖီ စိုက်ပျိုးရေးအတွက် ဒေသခံ မြေယာလုပ်ကိုင်နေသူများထံမှ မြေများကို သိမ်းယူခြင်း။

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် ပြည်နယ်အစိုးရအနေဖြင့် သစ်တောကြိုးဝိုင်းမြေများကို အစိုးရအဖွဲ့ဝင်တစ်ဦးအား လုပ်ပိုင်ခွင့်ပြုခြင်း။

ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်တွင် ဘုရားဖူးများတည်းခိုရန်အတွက် ရှေးနှစ်ပေါင်းများစွာကပင် သံဃာတော်၊ ပြည်သူအများက စိုက်ပျိုးထားသော ညောင်ပင်ကြီးများရှိသော မြေနေရာကိုပင် လူနေထိုင်ရန် ဂရန်မြေများအဖြစ် သိမ်းဆည်းမှုများ ပြုလုပ်ခဲ့ခြင်း။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် ပုဂ္ဂလိကပိုင် သစ်မျိုးစုံစိုက်ခင်းပြုလုပ်ရန်အတွက် လယ်ယာ/မေပြာ သိမ်းဆည်းမှုများ စီစဥ်ပြုလုပ်ခဲ့ခြင်းတို့တွင် တစ်ဖက်နှင့်တစ်ဖက် မကေလြည့်မှုများရှိလာသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသန္တရ အုပ်ချုပ်သူအဖွဲ့အစည်းများ၏ စနစ်တကျစီစဥ်ဆောင်ရွက်မှုမရှိခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်မှု မရှိခြင်း၊ ညှိနှိုင်းပေါင်းစပ်မှု အားနည်းခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အထင်လွဲမှား၍ ယုံကြည်အားကိုးမှုများ လျော့နည်းခဲ့ရပါသည်။ ဖြစ်စဥ်တစ်ခုချင်းအပေါ်တွင် အသေးစိတ်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ စိစစ်ဆောင်ရွက်ခြင်း၊ ပြီးပြတ် အောင် ဖြေရှင်းဆောင်ရွက်ခြင်းလုပ်ငန်းများအား စနစ်တကျကိုင်တွယ်ဖြေရှင်း၍ မျက်ခေမြပြတ် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုပြုချက်ပါ လယ်ယာမေပြာ ယာကိစ္စ အငြင်းပွားမှုဆိုင်ရာ လယ်ယာမြေသိမ်းဆည်းမှုများ (၁၁)စောင်၊ အိမ်ခြံမြေမကြိုစ္စများ (၁၀)စောင်၊ စုစုပေါင်း အမှုလက်ကျန်(၂၁)စောင်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် သက်ဆိုင်သောကိစ္စရပ်(၉)ခု ပါရှိပါကြောင်းနှင့် ၎င်းအမှုလက်ကျန် အားလုံး တို့ကို ပြီးပြတ်သည့်အဆင့်ဖြစ်သည်အထိ ဒုတိယဝန်ကြီး(လယ်ယာ)အား တိတိကျကျတာဝန် ပေး၍ မျက်ခေမြပြတ် ကြီးကြပ်ဆောင်ရွက်စေမည်ဖြစ်ပြီး၊ အချိန်ကာလအားဖြင့် ၂၀၁၁ ခုနှစ် အတွင်း ရှင်းလင်းပြီးပြတ်အောင် တည်ဆဲဥပဒေ စည်းမျဥ်းစည်းကမ်းများနှင့် ညီညွတ်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဤဝန်ကြီးဌာနနှင့် မသက်ဆိုင်သော အမှု လက်ကျန်(၁၂)ခုကို အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖေကြာငြအပ်ပါတယ်။ အထူးကျေးဇူးတင်ပါ တယ်။ (သဘြာသံများ)

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြေရှင်းဆောင်ရွက် ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သတင်းစာမှာ ဒုတိယဝန်ကြီးရဲ့ ရှင်းလင်းချက်ထည့်တဲ့ အခါမှာ အဆိုနေရာတွေမှာ စာသားတွေပေြာင်းလိုက်ပါ။ ဟုတ်ပြီနော်။ အခုပြင်ပေးတဲ့ အဆို အတိုင်း စာသားပေြာင်းပြီး သတင်းစာထဲထည့်ပါ။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်းတင်သွင်းတဲ့ အကြောင်းအမျိုးမျိုးကြောင့် တောင်သူလယ်သမားများ ၏ လယ်ယာမြေလုပ်ပိုင်ခွင့် လက်လွတ်ဆုံးရှုံးရမှုများမှာ ဖစ်သင့်သည်ထက် ပိုမိုနေခြင်းများ ရှိခဲ့ သဖြင့် ထိုသို့ မဖြစ်စေရေးအတွက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါ့မယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ ယခု သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့ နေရာများမှာ မတ်တတ်ရပ်ပဖြို့ ဖစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။ မတ်တတ်ရပ်ပတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့အထက် ရှိတဲ့အတွက် ဦးအောင်ငြိမ်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ။** ။ ဥက္ကဋ္ဌခရီးသွားလာနေတဲ့အချိန်မှာ ဧရာဝတီမဖြစ်ဆုံကိုစ္စနဲ့ပတ်သက် တဲ့ Work Shop တက်ကဖြို့နဲ့ တက်ပြီးလို့ရှိရင် မိမိတို့ရဲ့တွေ့ကြုံရတဲ့ သုံးသပ်ရရှိတဲ့အဖြေ လေးတွေကို ဥက္ကဋ္ဌ အတွက် ရေးပြီးတင်ပေးဖို့မှာကြားခဲ့တာ ရှိပါတယ်။ အဲဒီအတိုင်းလည်း ရေးပြီးတော့ တင်လာကပါတယ်။ ဒီအချက်အလက်တွေကို ဖတ်ကြည့်တဲ့အခါမှာ ဥက္ကဋ္ဌအတွက် အလွန်အဖိုးတန်တဲ့ အချက်အလက်တွေ ရရှိပါတယ်။ ဒါ့ကြောင့် ကျေးဇူးတင်ကြောင်း မှတ်တမ်း တင်ပေကြားလိုပါတယ်။ (သဘာသံများ)

## အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၂၇ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်။ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊

စက်တင်ဘာလ ၂၉ ရက်နေ့ ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ပါတယ်။ မနက်ဖြန်တစ်ရက်ကို လွှတ်တော်နားပါမယ်။ နားတဲ့အချိန်မှာဖွဲ့စည်းပေးထားတဲ့ ကော်မတီများက ကော်မတီအလိုက် မိမိတို့ဆောင်ရွက်ရမယ့် လုပ်ငန်းများဆောင်ရွက်နိုင်ပါတယ်။ ဒီ အမျိုးသားလွှတ်တော်မှာ အဆိုများ၊ မေးခွန်းများ ပြတ်သလောက်ရှိနေပါပြီ။ ကျန်ရှိနေသေးတဲ့ အဆိုများနဲ့မေးခွန်းများလည်း တင်သွင်းနိုင်ပါတယ်။ နောက်ပိုင်းမှာတော့ ဥပဒေအပိုင်းမှာ ရှင်းရှင်းလင်းလင်း ဆွေးနွေးကြဖို့ရှိပါလိမ့်မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီ။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]

## ၂၆ ရက်မြောက်မှတ်တမ်း မထည့်ထား

**အချိန်၊ း ။**

**ဥက္ကဋ္ဌ။** ။ဦးခင်ရွှေ ဆွေးနွေးချက်ထဲမှာ စကားလုံးတွေ လွှတ်တော်နဲ့မသင့်လျော်တဲ့စကားလုံးတွေ အများကြီးပြသွားပါတယ်။ နံပါတ်(၁)ကတော့ လယ်သမားတွေ ရှေ့မှာ(ဟီးရိုး) လုပ်တယ် ဆိုတဲ့စကား နံပါတ်(၂)ကတော့ သူ့ကိုယ်သူ ဆရာစံလို ခေါင်းဆောင်လိုမျိုးဆိုတဲ့စကားပေါ့။ နံပါတ်(၃) လယ်သမားဆိုတဲ့ လယ်ရဲ့သမားလိုဆိုပြီးတော့ နှစ်ကြိမ်သုံးသွားတာရှိပါတယ်။ နံပါတ်(၄) ရှေ့နေတွေရဲ့လုပ်ကွက်ဆိုပြီးတော့ ဒီအထဲမှာလည်း ရှေ့နေတွေပါတာပဲ။ ရှေ့နေ လုပ်တဲ့သူက ဒါမျိုးလုပ်တဲ့ရှေ့နေကသတ်သတ် ရှေ့နေတွေဆိုတဲ့စကားရပ်

ပါသွားတာရှိပါတယ်။ နောက်တခုကတော့ နံပါတ်(၅)ယိုးဒယား ဆိုတဲ့အသုံးအနှုန်းပေါ့ လွှတ်တော်ထဲမှာသုံးတဲ့အခါမှာ သူ့နိုင်ငံရဲ့ တရားဝင်အသုံးအနှုန်းပဲသုံးရမှာဖြစ်ပါတယ်။ နံပါတ်(၆)ကတော့ မတူကွဲပြားခြင်းနဲ့ ငြိမ်းချမ်းရေးပါတီဆိုတဲ့ နိုင်ငံရေးပါတီရဲ့ နာမည်ထည့်ပြီး တော့ပြောတဲ့ကိစ္စ နံပါတ်(၇) ဘိုးဖြူ ရှေ့နေ ဘိုးဖြူ ဆိုပြီးတော့(၂)ကြိမ် နာမည်ထည့်ပြီး တော့ပြောတဲ့ကိစ္စ နံပါတ်(၈)ကတော့ ခွေးဟောင်တိုင်း ထကြည့်တယ်ဆိုတဲ့ စကားရပ်နဲ့ လွှတ်တော်နဲ့ထိုက်တန်ခြင်းမရှိတဲ့အတွက် ဒါတွေကိုရုပ်သိမ်းဖို့ ညွှန်ကြားပါတယ်။ ဒါတွေကို အစည်းအဝေးမှတ်တမ်းကလည်း ကောက်နုတ်ပယ်ဖျက်ဖို့ ညွှန်ကြားပါတယ်။